# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၂၅)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် — ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ တနင်္လာနေ့။


### အေးစေ မြဲစေ မေတ္တာရေ

❖ နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
❖ မေတ္တာစိတ်ဓာတ်၊ လွှန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
❖ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှဲ့မမုန်း၊
❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၁၄-၂၀၁၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဂေါက်ကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

# မြန်မာနိုင်ငံ၏ အတွင်းဝန်များရုံး ပြုပြင်ထိန်းသိမ်းရေးနှင့် စကော့တလန်ဗိသုကာကုမ္ပဏီ

ဘာသာပြန် - ဂျေတီ



စကော့တလန် အခြေစိုက်အကြီးမားဆုံးသမိုင်းဝင် ဗိသုကာကုမ္ပဏီတစ်ခု ဖြစ်သည့် ဆမ့်ပ်ဆန်နှင့် ဘရောင်းကုမ္ပဏီသည် ဗြိတိသျှတို့တည်ဆောက်ခဲ့သော မြန်မာနိုင်ငံ၏အကြီးမားဆုံး ဝန်ကြီးများရုံး ခေါ် အတွင်းဝန်များရုံး ပြုပြင်ထိန်းသိမ်းရေးအတွက် စီမံကိန်းတစ်ရပ်ကို ချမှတ်ခဲ့သည်။

မြန်မာနိုင်ငံ ရန်ကုန်မြို့လယ်ကောင်တွင်တည်ရှိပြီး ယိုယွင်းပျက်စီးနေပြီဖြစ်သည့် အဆိုပါဝန်ကြီးများရုံး ခေါ် အတွင်းဝန်များရုံး ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ Yangon Heritage Trust (YHT) ၏ ပထမဦးဆုံးသော အဆောက်အအုံပြုပြင်ထိန်းသိမ်းရေး စီမံကိန်းမူကြမ်းတစ်ရပ်ကို ဂျိမ်းစ်ဆမ့်ပ်ဆန်နှင့် ဂွန်ဆန်ဒါးစ်ဆိုသူတို့က ရေးဆွဲထားသည်။

၁၉၀၅ခုနှစ်ကတည်းက တည်ဆောက်ခဲ့သည့် အဆိုပါအဆောက်အအုံကြီးသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက်ပိုင်း အစိုးရရုံးထိုင်ရာနေရာတစ်ခုဖြစ်ခဲ့သည်။ အစိုးရက မြို့တော်သစ်ဖြစ်သည့် နေပြည်တော်သို့ ပြောင်းရွှေ့သွားပြီးချိန်တွင် အဆိုပါအဆောက်အအုံကြီးမှာ ထီးတည်းကျန်ရစ်ကာ စနစ်တကျပြုပြင်ထိန်းသိမ်းမှုများနှင့်ကင်းကွာခဲ့သည်။ အဆိုပါအတွင်းဝန်များရုံးသည် ၁၉၄၇ ခုနှစ်က လွတ်လပ်ရေးရရှိရေးအတွက် ဗြိတိသျှဆန့်ကျင်ရေး စည်းရုံးလှုံ့ဆော်သူ လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်

*စာမျက်နှာ ၃ ကော်လံ ၆* ✻

## ရန်ကုန်ဆိပ်ကမ်းသို့ အပျော်စီးသင်္ဘောကြီး ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Myanmar Voyages International Tourism Co.,Ltd ၏ အစီအစဉ်ဖြင့် အမေရိကန်နိုင်ငံအခြေစိုက် Silversea Cruises မှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.V Silver Wind သည် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့သည်။ အဆိုပါသင်္ဘောသည် အိန္ဒိယနိုင်ငံ ပို့ဘလဲဆိပ်ကမ်းမှ ထွက်ခွာလာပြီး မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်ရောက်ရှိခြင်း ဖြစ်သည်။ အဆိုပါ သင်္ဘောပေါ်တွင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည် ၂၄၁ ဦးနှင့် သင်္ဘောဝန်ထမ်း ၂၂၁ ဦးခန့် လိုက်ပါလာသည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည်များသည် ဇန်နဝါရီ ၃၁ ရက်နေ့လယ်က ရန်ကုန်မြို့တွင်း နေ့တစ်ဝက် လည်ပတ်ကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ◆

**နိုင်ငံတကာ**

## လူစွန့်စားနှစ်ဦး ပစိဖိတ်သမုဒ္ဒရာကို မိုးပျံပူဖောင်းဖြင့်ဖြတ်၍ စံချိန်တင်

စာမျက်နှာ ❖ ၄

**ဆောင်းပါး**

## ပင်လုံစာချုပ် (သို့မဟုတ်) လွတ်လပ်ရေး၏ အရုဏ်ဦး

စာမျက်နှာ ❖ ၆

**ကဗျာ**

## တို့ပြည်ထောင်စုအင်အား

စာမျက်နှာ ❖ ၇




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တိပိဋကဓရ ဆရာတော်များ

သုံးလူထွတ်ထား သဗ္ဗညုဘုရားရှင်သည် သာသနာတော်နှစ် ၅၀၀၀ ထားရှိခဲ့ရာ သာသနာတော် အဓွန့်ရှည်ရေးအတွက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒတည်းဟူသော သာသနာသုံးရပ် စည်ပင်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါသည်။ မြတ်စွာဘုရားရှင်၏တပည့်သား သံဃာတော်သူမြတ်အပေါင်းတို့အား ဘုရားရှင်ဟောကြားတော်မူခဲ့သော ပိဋကသုံးပုံ ကျမ်းအစုံစုံတို့ သင်အံလေ့ကျင့် အာဂုံဆောင်စေခြင်းသည် ပရိယတ္တိသာသနာတော်ကြီး စည်ပင်ဖွံ့ဖြိုးအဓွန့်ရှည်စေခြင်းငှာ ချီးမြှောက်ခြင်းပင် ဖြစ်ပါသည်။

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်စာမေးပွဲကို ၂၈-၁၂-၂၀၁၄ ရက်မှ ၁၉-၁-၂၀၁၅ ရက်အထိလည်းကောင်း၊ သဘောရေးဖြေစာမေးပွဲကို ၂၃-၁-၂၀၁၅ ရက်မှ ၂၇- ၁-၂၀၁၅ ရက်အထိ လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာမဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရေးဖြေစာမေးပွဲတွင် ဒီဃနိကာယ်ရေးဖြေ(ဒီဃနိကာယကောဝိဒ) အောင် တစ်ပါး၊ ဝိနည်းဒုတိယပိုင်းရေးဖြေ (ဝိနယကောဝိဒ)အောင် ငါးပါး၊ ဝိနည်းရှေ့ပိုင်းရေးဖြေ (ဥဘတောဝိဘင်္ဂကောဝိဒ) အောင် ငါးပါးတို့အောင်မြင်တော်မူခဲ့ကြပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံစာမေးပွဲတွင် အဘိဓမ္မာဒုတိယပိုင်းအာဂုံ (တိပိဋကဓရ) အောင် နှစ်ပါး၊ အဘိဓမ္မာရှေ့ပိုင်းအာဂုံ (မူလအာဘိဓမ္မိက) အောင် နှစ်ပါး၊ ဒီဃနိကာယ်အာဂုံ(ဒီဃဘာဏက) အောင် ငါးပါး၊ ဝိနည်းဒုတိယပိုင်း အာဂုံ (ဝိနယဓရ) အောင် ၁၆ ပါး၊ ဝိနည်းရှေ့ပိုင်း အာဂုံ (ဥဘတောဝိဘင်္ဂဓရ) အောင် ၅၄ ပါးတို့ အောင်မြင်တော်မူကြသည်။ ဤစာမေးပွဲများတွင် အာဂုံဖြေဆိုသော သံဃာ ၁၀၇ ပါးအနက် ၇၉ ပါးအောင်မြင်၍ သဘောရေးဖြေသံဃာ ၁၄၈ ပါးအနက် ၁၁ ပါး အောင်မြင်ကြပြီး ပိဋကသုံးပုံအာဂုံအောင်မြင်သည့် တိပိဋကဓရ အရှင်မြတ်နှစ်ပါး ပေါ်ထွန်းတော်မူခဲ့လေသည်။

ထိုတိပိဋကဓရ အရှင်သူမြတ်တို့သည်ကား ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်တိပိဋကမဟာ ဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ သက်တော် ၄၀၊ ဝါတော် ၂၀ ရှိ အရှင်ဝိစိတ္တသာရနှင့် ဒဂုံမြို့နယ်စကားဝါလမ်းရှိ တိပိဋကကျောင်းတော်မှ သက်တော် ၃၆ နှစ် ဝါတော် ၁၇ ဝါရှိ အရှင်စက္ကိန္ဒ(မြိုင်)တို့ပင်ဖြစ်ပါသည်။ ယခုအခါ ထိုအရှင်နှစ်ပါးသည် သင်ရိုးပိဋကသုံးပုံလုံးကို အာဂုံပြန်ဆို အောင်မြင်ပြီးဖြစ်သဖြင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်အောင်လက်မှတ်နှင့် အရိုးနီကနက္ကဒဏ်ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

ပဉ္စမသင်္ဂါယနာတင်ပြီး နှစ်ပေါင်း ၈၀ ကျော်အကြာ သာသနာနှစ် ၂၄၉၈ ခု မြန်မာသက္ကရာဇ် ၁၃၁၆ ခုနှစ် ကဆုန်လပြည့်နေ့မှ သာသနာနှစ် ၂၅၀၀ ပြည့် ၁၃၁၈ ခုနှစ် ကဆုန်လပြည့်နေ့အထိ ဆဋ္ဌသင်္ဂါယနာပွဲကြီး ကျင်းပခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။ ဤဆဋ္ဌသင်္ဂါယနာပွဲအပြီး အလျားရှစ်လက်မ အနံခုနစ်လက်မခွဲအရွယ်ရှိ ဆဋ္ဌမူပိဋကသုံးပုံစာအုပ်ကြီးများ ထုတ်ဝေခဲ့ရာ အုပ်ရေ ၄၀ တိတိရှိသည်။ ဤပိဋကသုံးပုံ ပါဠိတော်စာအုပ်ရေ ၄၀ တို့တွင် ဝိနည်းပိဋကစာအုပ်ရေ ငါးအုပ်၊ အဘိဓမ္မာ ပိဋကစာအုပ်ရေ ၁၂ အုပ်၊ သုတ္တန်ပိဋကစာအုပ်ရေသုံးအုပ် စုစုပေါင်း အုပ်ရေ ၂၀ ကို "သင်ရိုးပိဋက" သတ်မှတ်ထားခဲ့ပါသည်။ ဆရာတော်အရှင်သူမြတ်များအနေဖြင့် ထိုပိဋကပါဠိတော် စာအုပ် ၂၀၊ စာမျက်နှာအားဖြင့် ၇၉၈၀ ရှိ ပါဠိအက္ခရာဝါကျတိုင်းကို ပီပီပြင်ပြင် နှုတ်တက်အာဂုံဆောင်နိုင်ပါမှ တိပိဋကဓရဘွဲ့ ချီးမြှင့်ကြောင်းသိရသည်။ ဤကဲ့သို့ တိပိဋကဓရဘွဲ့ရ ဆရာတော်များ ပေါ်ထွန်းရန် လွန်စွာခဲယဉ်းလှပေသည်။ ဤသို့ ဆရာတော်အရှင်သူမြတ်များ ပေါ်ထွန်းလာခြင်းဖြင့် ဗုဒ္ဓသာသနာတော်ကြီးသည်လည်း နေလိုလလို ထွန်းပနေမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

## ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
၂။ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံး ပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင်တည်ဆောက်ရေး။
၄။ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲသိုက်မပျက်အတူတကွပူးပေါင်းနေထိုင်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူ အားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

### ဒက္ခိဏသီရိမြို့နယ်တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းစစ်ဆေးပညာပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စစ်ဆေး ဆောင်ရွက်မှုကို ဇန်နဝါရီ ၃၁ ရက်နံနက် ၉ နာရီက ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက် အက်ဖ်လမ်းဆုံမီးပွိုင့်အနီး တော်ဝင်ရွှေပြည်လမ်းမပေါ်၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့် ဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၄)တပ်ဖွဲ့စုမှူး ဒုရဲမှူး နေလင်းအောင်၊ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မော်တော်ယာဉ် ၁၇၂ စီး၊ ဆိုင်ကယ် ၃၆စီး၊ သုံးဘီးဆိုင်ကယ် သုံးစီးတို့ကို စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (ရုပ်ဗေဒ)**







### အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ် စစ်တမ်းများကောက်ယူ

**မန္တလေး ဖေဖော်ဝါရီ ၁**

အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ် အခြေအနေ ကောက်ယူမှုစစ်တမ်းကို မြန်မာနိုင်ငံအတွင်းရှိမြို့နယ် (၁၀၈) မြို့နယ်တွင်ဇန်နဝါရီ ၂၆ ရက်မှစ၍ စစ်တမ်းများ ကောက်ယူလျက်ရှိသည်။

အဆိုပါ စစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စုများ၏ အခြေအနေ၊ နေအိမ်နှင့် နေထိုင်မှု အခြေအနေ၊ အိမ်ထောင်စု စားသုံးစရိတ် အခြေအနေ အလုပ်လုပ်ကိုင်မှုနှင့် အိမ်ထောင်စု စီးပွားရေးနှင့် ဝင်ငွေအခြေအနေဟူ၍ အပိုင်းငါးပိုင်း ခွဲခြားကောက်ယူနေကြောင်း သိရသည်။

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်အနေဖြင့် တံခွန်တိုင်ရပ်ကွက်၊ ချမ်းမြသာယာရပ်ကွက်၊ သင်ပန်းကုန်းရပ်ကွက်၊ (ခ)ရပ်ကွက်၊ (စ)ရပ်ကွက်နှင့်(ဆ)ရပ်ကွက်များတွင် တစ်ရပ်ကွက်လျှင်အိမ်ထောင်၃၄ စုစီ ကောက်ယူသွားမည်ဖြစ်သည်။

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်အတွင်းတွင် အိမ်ထောင်စု ၂၀၄ စုကို ဇန်နဝါရီ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ပြီး မြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ လူမှုရေးအဖွဲ့အစည်းများ၊ အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်တို့ပါဝင်ပြီး စစ်တမ်းကောက်ယူရာတွင် တစ်အိမ်ထောင်လျှင် အနည်းဆုံး ၁ နာရီခန့် ကြာမြင့်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

သစ်တော သစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

### ဘော်လခဲမြို့ ရေရရှိရေးလုပ်ငန်းဖွင့်

**လွိုင်ကော် ဖေဖော်ဝါရီ ၁**

ဂျပန်-မြန်မာသံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ် ၂၀၁၃ ခုနှစ် ဂျပန်နိုင်ငံအသေးစားစီမံကိန်းများထောက်ပံ့မှုအစီအစဉ်အရ ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများလှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၀၉၈၈၀ ဖြင့် တည်ဆောက်သည့် ဘော်လခဲမြို့ ရေရရှိရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပသည်။

ဘော်လခဲမြို့ရေပေးဝေရေးစီမံကိန်းကြောင့် လူဦးရေ ၂၅၀၀ ကျော်နေ့စဉ်သန့်ရှင်းသော သောက်သုံးရေကို သုံးစွဲနိုင်ပြီး ဒေသခံပြည်သူများ၏ လူမှုပတ်ဝန်းကျင် တိုးတက်ပြောင်းလဲမှုများရှိကြောင်းကို ကြားသိရသည့်အတွက် လွန်စွာဝမ်းမြောက်မိကြောင်း၊ လူမှုပတ်ဝန်းကျင်တိုးတက်ရေး စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဂျပန်နိုင်ငံအစိုးရ၏ အသေးစားထောက်ပံ့မှုအစီအစဉ်ဖြင့် အနှစ် ၂၀ အတွင်း စီမံကိန်းပေါင်း ၇၁၀ ကျော် အကောင်အထည်ဖော်ပြီးဖြစ်ကြောင်း ဂျပန်နိုင်ငံသံရုံးမှ Second Secretary Mr.Masahiro FUJIKAWA က ပြောကြားသည်။ ဘော်လခဲမြို့ရေရရှိရေးလုပ်ငန်းဖွင့်ပွဲကို ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးချစ်လှ၊ စည်ပင်သာယာရေးဝန်ကြီး ဦးအောင် နိုင်ဦးနှင့် ဂျပန်နိုင်ငံသံရုံးမှ Second Secretary Mr.Masahiro FUJIKAWA တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့တက်ရောက်လာသော ယင်းတလဲ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ကို ဂုဏ်ပြုဆုငွေများပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၀၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၇၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၅၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၆၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၇၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၃၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၃၅၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၅၀၀၀-၈၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၂၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၄၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၅၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၅၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၂၅-၁၀၃၀ |
| ဥရောပ | တစ်ယူရို | ၁၁၈၁-၁၁၉၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၆၇-၇၇၉ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

နိုင်ငံတကာသတင်း

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် တရုတ်က အမေရိကန်ထက် သာလွန်

**ပေကျင်း ဖေဖော်ဝါရီ ၁**

တရုတ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ၁၁ နှစ်ကြာအောင် ထိပ်တန်းမှ နေရာယူထားနိုင်ခဲ့သည့် အမေရိကန်ကို ကျော်တက်နိုင်ခဲ့သည်ဟု ကုလသမဂ္ဂအဖွဲ့က ပြောသည်။

နှိုင်းယှဉ်ကြည့်လျှင် ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံခြားစီးပွားရေးလုပ်ငန်းများမှ တရုတ်သို့ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၆ ဘီလီယံရှိပြီး အမေရိကန်တွင် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၈၆ ဘီလီယံရှိသည်ဟု ကုလသမဂ္ဂ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု ညီလာခံ UNCTAD က အစီရင်ခံခဲ့သည်။

ထို့ပြင် တရုတ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏ ၁၁၁ ဘီလီယံရရှိခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ အထူးအုပ်ချုပ်ရေးနယ်မြေဖြစ်သည့် ဟောင်ကောင်ဒေသသည် အမေရိကန်ထက်သာလွန်၍ ဒုတိယမြောက် အထင်ရှားဆုံးနေရာအဖြစ် ရပ်တည်ခဲ့သည်။

ပြီးခဲ့သည့် နှစ်များနှင့်နှိုင်းယှဉ်လျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် တရုတ်တွင် အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၉ ဘီလီယံမှ အနည်းငယ်တိုးတက်မှုရှိလာချိန်တွင် အမေရိကန်၌ ၂၃၀ ဒသမ ၈ ဘီလီယံရှိရာမှ ၆၃ ရာခိုင်နှုန်းထိ ထိုးကျသွားခဲ့သည်။

(UNCTAD)၏ လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဒါရိုက်တာ ဂျိန်းစ်ဇန်က တရုတ်နိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏတိုးတက်လာသည့် အခြေခံအကြောင်း အချက်များသည် "ထုတ်လုပ်ခြင်းမှ ဝန်ဆောင်မှုဆီသို့၊ လုပ်သားအင်အားမှ နည်းပညာအင်အားဆီသို့" ဖွဲ့စည်းတည်ဆောက်ပုံအရ ပြောင်းလဲခြင်းဟူသော စီးဆင်းမှုများပင်ဖြစ်သည်ဟု ဆိုသည်။

ကုလသမဂ္ဂ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုညီလာခံ (UNCTAD) မှ အချက်အလက်များအရ ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်နိုင်ငံတွင် အကြီးအကျယ်ကျဆင်းခဲ့သည့်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကျဆင်းမှု ၁၄ ရာခိုင်နှုန်းရှိနေစဉ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ၄ ရာခိုင်နှုန်း တိုးတက်လာသည်ဟု သိရသည်။ **(ပရက်စ်တီဗွီ)**

## ဂျပန်သတင်းထောက် ဂိုတိုကို အိုင်အက်စ်တို့က သတ်ဖြတ် အကြမ်းဖက်ဝါဒကို အလျှော့ပေးမည်မဟုတ်ဟု ဝန်ကြီးချုပ်အာဘေးဆို




**တိုကျို ဖေဖော်ဝါရီ ၁**

အစ္စလာမ့်စ်နိုင်ငံ စစ်သွေးကြွများက ထုတ်ပြန်ခဲ့သည့် ဂျပန်ဓားစာခံကင်ဂျိဂိုတိုအား ခေါင်းဖြတ်သတ်သည့် ဗီဒီယိုအပေါ် ဂျပန်နိုင်ငံက ဒေါသတကြီး တုံ့ပြန်ပြောဆိုခဲ့သည်။

"ဂျပန်နိုင်ငံအနေနဲ့ အကြမ်းဖက်မှုဝါဒကို ပို၍ဆန့်ကျင်သွားမှာပါ။ အိုင်အက်စ်တွေကို တိုက်ခိုက်နေတဲ့ နိုင်ငံတွေကို ပိုပြီးထောက်ပံ့ပေးသွားမှာပါ"ဟု ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားလိုက်သည်။

ဂျပန်နိုင်ငံ၏ အကူအညီသည် ပြန်ပေးဆွဲမှုများသာ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း အိုင်အက်စ်တို့က ပြောသည်။ အဆိုပါ ဗီဒီယိုသည် အခြားဂျပန်နိုင်ငံသား တစ်ဦးဖြစ်သည့် ဟာရုနယူကာဝါအား ခေါင်းဖြတ်ကွပ်မျက်ခဲ့ပြီး သီတင်းတစ်ပတ်မပြည့်မီမှာပင် ထွက်ပေါ်လာခြင်း ဖြစ်သည်။

အသက် ၄၇ နှစ်ရှိ မစ္စတာဂိုတိုသည် စစ်ဖြစ်ပွားရာဇုန်အတွင်း သတင်းရယူနေသော သတင်းထောက်တစ်ဦးဖြစ်ပြီး အောက်တိုဘာလက ဆီးရီးယားသို့ သွားရောက်ခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် မစ္စတာဂိုတိုကို သတ်ဖြတ်သူအား တရားသဖြင့်ဖြစ်စေရန် နိုင်ငံတကာ အသိုက်အဝန်းနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြောဆိုလိုက်သည်။ မစ္စတာဂိုတို၏ မိခင် ဂျွန်ကိုအီရှိဒိုက သူမအနေဖြင့် သေဆုံးမှုနှင့်ပတ်သက်ပြီး ဘယ်လိုမှ မပြောတတ်တော့ကြောင်း၊ ၎င်းသည် ဆီးရီးယားသို့ ကြင်နာမှုနှင့် သတ္တိတို့ကို အရင်းပြုကာ ထွက်သွားခဲ့ခြင်းဖြစ်သည်ကိုသာ သိပါကြောင်းဖြင့် ပြောကြားသည်။ **(ဘီဘီစီ)**

## လူစွန့်စားနှစ်ဦး ပစိဖိတ်သမုဒ္ဒရာကို မိုးပျံပူဖောင်းဖြင့် ဖြတ်၍ စံချိန်တင်

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁**

ပစိဖိတ်သမုဒ္ဒရာကြီးကို ဟီလီယံမိုးပျံပူဖောင်းဖြင့် လူစွန့်စားနှစ်ဦးလိုက်ပါကာ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့သည်။



အမေရိကန်နိုင်ငံသား ထရိုင်းဘရက်ဒလေနှင့်ရုရှားနိုင်ငံသား လီယိုနစ်တွက်ခရက်ဗ်တို့သည် အဆိုပါ သမုဒ္ဒရာကို ခြောက်ရက်ကြာ စံချိန်တင်ခရီးဖြင့် အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့သည်ဟု ဆိုသည်။ ယင်းတို့နှစ်ဦးသည် ခရီး ၅၂၀၉ မိုင်ကို ၁၃၇ နာရီကျော်ဖြင့် စံချိန်တင် ဖြတ်သန်းခဲ့ကြသည်။

အဆိုပါ လူစွန့်စားများသည် မိုးပျံပူဖောင်းကို စနစ်တကျ ထိန်းချုပ်မောင်းနှင်ပြီး မက္ကဆီကိုနိုင်ငံ ဘာဂျာကမ်းရိုးတန်းမှ လေးမိုင်အကွာ ရေပြင်၌ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

၎င်းတို့နှစ်ဦးသည် တနင်္ဂနွေနေ့က ဂျပန်နိုင်ငံမှ ထွက်ခွာလာပြီး ကနေဒါ သို့မဟုတ် အမေရိကန်သို့ ဆင်းသက်ရန် ပြင်ဆင်ထားသော်လည်း ရာသီဥတု အခြေအနေကြောင့် မက္ကဆီကိုနိုင်ငံသို့ လမ်းကြောင်းပြောင်း ဆင်းသက်ခဲ့ရသည်။ **(ဘီဘီစီ)**

## အီဘိုလာကို ဇီဝလက်နက်အဖြစ် အသုံးချနိုင်

**လန်ဒန် ဖေဖော်ဝါရီ ၁**

အီဘိုလာဗိုင်းရပ်စ်ဖြင့် ပြုလုပ်ထားသော လက်နက်သည် ဗြိတိန်ရှိ လူထောင်ပေါင်းများစွာကို သေစေနိုင်ကြောင်း ယူကေရှိ ဇီဝလက်နက်ကျွမ်းကျင်သူများက သတိပေးခဲ့သည်။

ဝေးလ်ရှိုင်းယားရှိ ကာကွယ်ရေးသိပ္ပံနှင့် နည်းပညာဓာတ်ခွဲခန်းတွင် ပြုလုပ်လျက်ရှိသော လေ့လာမှုများအရ အဆိုပါဗိုင်းရပ်(စ်)ကို လက်နက်အဖြစ် တီထွင်ပြီး အသုံးပြုနိုင်ကြောင်း ဗြိတိန်မီဒီယာများက ပြောကြားခဲ့သည်။

အီဘိုလာ ဖြစ်ပွားနေသော အနောက်အာဖရိကရှိ အစိုးရမဟုတ်သော အဖွဲ့များက ဇီဝအကြမ်းဖက်လက်နက်အဖြစ် အသုံးပြုနိုင်ခြေရှိသည့်အတွက် အစိုးရ၏တောင်းဆိုမှုဖြင့် ယခုကဲ့သို့ လေ့လာဆန်းစစ်မှုများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း The Mirror သတင်းစာက စနေနေ့ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ ပြီးခဲ့သည့် အောက်တိုဘာလက ပြုလုပ်ခဲ့သော ဆန်းစစ်အကဲဖြတ်မှုများအရ ဗြိတိန်အစိုးရသည် ဟီသရိုးလေဆိပ်၌ ခရီးသည်များအတွက် အကာ အကွယ်များထားရှိရန် ပြောဆိုခဲ့သည်။

လေ့လာစမ်းသပ်ချက်များ၏ ရလာဒ်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ စိစစ်ထုတ်ပြန်ပေးမည်ဖြစ်သည်။

အီဘိုလာရောဂါ၏လက္ခဏာရပ်များမှာ ဝမ်းလျှောခြင်း၊ အော့အန်ခြင်းနှင့်သွေးထွက်ခြင်းတို့ဖြစ်သည်။ ယင်းရောဂါသည် သွေး၊ ချွေး၊ မစင် အစရှိသည်တို့မှ ကူးစက်နိုင်သည့်အပြင် ရောဂါကူးစက်ခံရခြင်းကြောင့် သေဆုံးသွားသည့် အလောင်းများကို အကာအကွယ်မရှိဘဲ ကိုင်တွယ်ခြင်းမှ တစ်ဆင့်လည်း ကူးစက်နိုင်သည်။

**(ပရက်စ်တီဗွီ)**

## အိုင်အက်စ်အိုင်အယ်လ်တို့ သိမ်းပိုက်ထားသောရေနံမြေကို အီရတ်တို့ ပြန်လည်သိမ်းပိုက်

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁**

အီရတ်မြောက်ပိုင်းရှိ အိုင်အက်စ်အိုင်အယ်လ် တက်ဖရီစစ်သွေးကြွများ သိမ်းပိုက်ထားသော ရေနံမြေကို ကာ့ဒ် တိုက်ခိုက်ရေးသမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီ ဖြစ်သည်။

ခက်ဘက်စ်ရေနံမြေကို ပြန်လည်ရရှိခဲ့ပြီး ရွာရှစ်ရွာကိုလည်း ပြန်လည် သိမ်းပိုက်နိုင်ခဲ့ကြောင်း ဗိုလ်မှူးချုပ် ဆာဟက်ကွာဒါက စနေနေ့ညနေက ပြောခဲ့သည်။

စနေနေ့အစောပိုင်းက အိုင်အက်စ်အိုင်အယ်လ်တို့ သိမ်းပိုက်ခဲ့သော အဆိုပါရေနံမြေသည် ကယ်ကွတ်မြို့ အနောက်တောင်ဘက် ၁၂ မိုင်အကွာတွင် တည်ရှိသည်။

အကျဉ်းသားအလုပ်သမား ၂၄ ဦးကိုလည်း ယင်းစစ်သွေးကြွများ ဖမ်းဆီးခဲ့ပြီးနောက် ပြန်လွှတ်ပေးခဲ့သည်ဟု ဗိုလ်ချုပ်ဝက်စ်တာရာဆူးလ်က ဆိုသည်။

စနေနေ့ကဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့မှ ဗိုလ်ချုပ်တစ်ဦးနှင့် ဗိုလ်မှူးတစ်ဦး သေဆုံးခဲ့သည့်အပြင် တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းရေနံမြေကို ၂၀၁၄ ခုနှစ် ဇွန်လကတည်းက ကာ့ဒ်တပ်ဖွဲ့ဝင်များက သိမ်းပိုက်ခဲ့သည်။ အိုင်အက်စ်အိုင်အယ်လ်တို့နှင့် တိုက်ခိုက်မှုမဖြစ်ပွားမီက တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၀၀၀၀ ခန့် ထွက်ရှိခဲ့ပြီး အများဆုံး ရေနံစည် ၁၅၀၀၀ အထိ ရရှိခဲ့သည်။

တက်ဖရီစစ်သွေးကြွများသည် အီရတ်နှင့် ဆီးရီးယားနယ်စပ်ရှိ ရေနံမြေများစွာကို သိမ်းပိုက်ခဲ့သည်။ စစ်သွေးကြွများက ယင်းရေနံမြေများမှ ရေနံများ တရားမဝင်ရောင်းချခြင်းဖြင့် ရရှိသောငွေများကို ၎င်းတို့၏ တိုက်ခိုက်ရေးလုပ်ငန်းများ၌ အသုံးပြုကြသည်။

အိုင်အက်စ်အိုင်အယ်လ်တို့သည် အီရတ်၌ ၂၀၁၄ ခုနှစ် ဇွန်လ အစောပိုင်းကတည်းက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ၎င်းတို့သည် ဆွန်နီတို့၏ အချက်အချာ ဒေသများကို မသိမ်းပိုက်မီ အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ မိုလ်ဆူးမြို့ကို သိမ်းပိုက်ခဲ့သည်။



အီရတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကာ့ဒ်တိုက်ခိုက်ရေးသမားများ၊ ရှီးယိုက်စေတနာ့ဝန်ထမ်းများနှင့် ဆွန်နီမျိုးနွယ်စုများသည် အီရတ်နိုင်ငံ အချို့သော ဒေသများရှိ စစ်သွေးကြွများကို တိုက်ထုတ်ခဲ့ရာတွင် ယခုအခါ အောင်မြင်မှုများ ရရှိနေကြသည်။

**(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# မြန်မာနိုင်ငံကလေးများနေ့ကို ကြိုဆိုသောအားဖြင့် ကလေးများအား လေ့လာရေးခရီးပို့ဆောင်

**မကွေး ဖေဖော်ဝါရီ ၁**

မကွေးမြို့ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသည့် ကလေးပြုစုစောင့်ရှောက်ရေးဌာနသည် ဖေဖော်ဝါရီ ၁၃ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံ ကလေးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလေးငယ် ၂၀ ကို ပြင်ပဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ယနေ့ နံနက် ၇ နာရီက မကွေးမြို့ ဗိုလ်ချုပ်ပန်းခြံသို့လည်းကောင်း၊ မြသလွန်စေတီတော်သို့လည်းကောင်း၊ ဆရာမများဦးဆောင်ပြီး လေ့လာရေးခရီးပို့ဆောင်ပေးခဲ့ရာ ဗိုလ်ချုပ်ပန်းခြံအတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုနှင့် မီးရထားစက်ခေါင်းများကို လှည့်လည်ပြသပြီး ကလေးငယ်များ ပျော်ရွှင်စွာ ကစားကြသည်။ ယင်းနောက် မြသလွန်စေတီတော်၌ ဘုရားဖူးရင်း မြသလွန်စေတီတော်ကြီးသမိုင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

ကလေးငယ်တွေက အများအားဖြင့် မိဘမဲ့တွေနဲ့ စီးပွားရေးအဆင်မပြေလို့ ရောက်လာရတဲ့ ကလေးတွေများတဲ့အတွက် ကျွန်မတို့က ဆရာမအနေနဲ့ သာမက မိဘအဖြစ်နဲ့ပါ စောင့်ရှောက်ပေးပြီး အခုလို ပြင်ပလေ့လာရေးခရီးထွက်ရတဲ့အတွက် သူတို့ကလေးတွေ စိတ်ဓာတ်ရေးရာအရပါ ပျော်ရွှင်လန်းဆန်းစေတယ်”ဟု ကလေးပြုစုစောင့်ရှောက်ရေးဌာနမှ ဆရာမတစ်ဦးက ပြောကြားသည်။

**ညီညီမောင်**

# ရွှေစက်တော်ဘုရားဖူးယာဉ် အရှိန်လွန် လမ်းဘေးသစ်ပင်တိုက်မိ သုံးဦးသေ၊ ခြောက်ဦးဒဏ်ရာရရှိ

**ရွှေတောင် ဖေဖော်ဝါရီ ၁**

ရွှေတောင်မြို့မရဲစခန်းအပိုင် ရဲစခန်းအရှေ့တောင်ဘက် လေးမိုင်ခန့်အကွာ မီးလောင်အုပ်စု၊ ဝါးလည်ရွာအနီးတွင် ဇန်နဝါရီ ၃၁ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ပြည်ခရိုင် ရွှေတောင်မြို့နယ်ရဲစခန်းမှ ဒုရဲအုပ် သော်ဇင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ယာဉ်မောင်း



ရဲဝင်းဖြိုး (၂၉နှစ်) ဝေါမြို့နေသူ မောင်းနှင်ပြီး သံဃာနှစ်ပါး အပါအဝင် ဘုရားဖူး ၁၅ ဦးခန့် လိုက်ပါလာသော ယာဉ်အမှတ်YGN9F/------ လိုက်ထရပ် (အဖြူရောင်)ယာဉ်သည် ရန်ကုန်ဘက်မှ ပြည်ဘက်သို့ မောင်းနှင်လာစဉ် ဝါးလည်ရွာအနီး မိုင်တိုင်အမှတ် (၁၆၇/၅)နှင့် ၆ အကြား လမ်း၏ယာဘက် သစ်ပင်ကို အရှိန်လွန်၍ တိုက်မိပြီး ယာဉ်ပေါ်ပါ အမျိုးသမီးသုံးဦး သေဆုံး၍ သံဃာတစ်ပါးနှင့် လူခြောက်ဦးတို့မှာ ဒဏ်ရာများရရှိခဲ့ကြသည်။

ဒေါ်လှမြင့် (၅၅နှစ်) (သေဆုံး) လယ်လုပ်ကဗျားကျေးရွာ ဝေါမြို့၊ ဒေါ်အုန်းရီ (သေဆုံး) ဝေါမြို့၊ မနန်းရွှေခိုင်(၂၀နှစ်) (သေဆုံး) ဝေါမြို့၊ မအေးမာ (၂၅နှစ်) (အတွင်းလူနာ၊ စိုးရိမ်ရ)၊ ခင်ရတနာထွန်း (၁၅နှစ်) နဝမတန်းကျောင်းသူ ဝေါမြို့ (မစိုးရိမ်ရ)၊ မမျိုးမြင့်မြတ် (၁၅နှစ်) နဝမတန်းကျောင်းသူ ဝေါမြို့ (မစိုးရိမ်ရ)၊ မခိုင်(၄၀နှစ်) ဝေါမြို့ (မစိုးရိမ်ရ)၊ ဦးဝါယမ သက်တော် (၄၀နှစ်) ဝါတော်(၂၀) ဓမ္မရန်အောင်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဝေါမြို့(မစိုးရိမ်ရ)၊ ရဲဝင်းဖြိုး (၂၉နှစ်) ယာဉ်မောင်း ဝေါမြို့ (မစိုးရိမ်ရ) တို့ ဖြစ်ကြသည်။

၎င်းဖြစ်စဉ်နှင့် ပတ်သက်၍ ဇန်နဝါရီ ၃၁ ရက် နံနက် ၆ နာရီခွဲတွင် ဒုရဲအုပ် သော်ဇင်က ယာဉ်ကို ပေါ့ဆစွာ မဆင်မခြင်မောင်းနှင်သော ယာဉ်မောင်းရဲဝင်းဖြိုး ဝေါမြို့နယ်နေသူကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၁၆)**



မန္တလေးမြို့ မဟာမုနိဘုရားကြီး၏ (၅၆)ကြိမ်မြောက်ဗုဒ္ဓပူဇနိယ ပွဲတော်ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးမြို့ မဟာမုနိဘုရားကြီး (၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးနှင့် (၂၆)ကြိမ်မြောက်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တပို့တွဲလဆန်း ၁ ရက်မှ တပို့တွဲလပြည့်ကျော် ၈ ရက်အထိစည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုရားပွဲတော်ကြီးတွင် တပို့တွဲလဆန်း ၁ ရက်မှ ၉ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းပွဲကျင်းပပြီး တပို့တွဲလဆန်း ၁၄ ရက် (အဖိတ်နေ့)ညတွင်စုပေါင်းထမနဲထိုးပွဲကျင်းပမည်ဖြစ်ကာ ဘုရားကြီးကိုလည်း တစ်ညလုံးဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ရွှေညီအစ်ကို ဇာတ်ဖြင့်ဧည့်ခံ ဖျော်ဖြေမည်ဖြစ်သည်။ လပြည့်နေ့နံနက် အရုဏ်တက်တွင် ရေတော်ဆရာတော် အမှူးပြုသော သံဃာတော် ၈၅၃ ပါးကိုဆွမ်းဟင်းအစုံဖြင့် စာရေးတံမဲများ လောင်းလှူကြမည့်အပြင် မီးဖုန်းပွဲ(မီးပုန်းပွဲ)ကိုလည်းကျင်းပမည်ဖြစ်သည်။

ထို့အပြင် ဗုဒ္ဓပူဇနိယဘုရားပွဲတော်အောင်ပွဲအထိမ်းအမှတ်အနေဖြင့်(၂၆)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကြီးကို လပြည့်ကျော် ၈ ရက် မွန်းလွဲ ၁ နာရီတွင် ပင့်သံဃာ ၈၅၃ ပါးကို တစ်နိုင်ငံလုံးရှိကုသိုလ်ရှင်များ၊ လူမှုရေးအသင်းအဖွဲ့အစည်းများမှ မဏ္ဍပ်ပေါင်း ၆၀၀ ကျော်ဖြင့်ကုသိုလ်ပြုလှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကံထူးရှင်များထွက်ပေါ်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ပြည်တွင်းအခွန်များဦးစီးဌာန(၃၁၃) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသောဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

**အထူးဆုကြီးတစ်ဆုကျပ်သိန်း (၁၅၀၀)**

ရ-၉၅၇၇၉၈

**ဆုကြီးတစ်ဆုချင်းကျပ်သိန်း (၁၀၀၀)**

ဝ-၆၇၈၇၅၆

ဟ-၈၈၈၀၃၈

**ဆုကြီးတစ်ဆုချင်းကျပ်သိန်း (၅၀၀) ဆုများ**

ဃ-၈၉၈၉၅၂

ဍ-၄၃၆၆၃၂

ဇ-၇၀၅၉၉၅

ရ-၂၈၈၉၈၁

ဍ-၆၂၅၀၅၁

**ဆုကြီးတစ်ဆုချင်းကျပ်သိန်း (၃၀၀) ဆုများ**

သ-၈၇၆၉၃၀

ဖ-၂၂၀၄၃၂

ဝ-၈၇၇၉၄၆

ဠ-၇၂၃၀၈၂

ဝ-၅၀၅၃၅၈

ည-၂၆၃၆၄၀

**ဆုကြီးတစ်ဆုချင်းကျပ်သိန်း (၂၀၀) ဆုများ**

င-၄၃၄၇၆၃

ကစ-၉၉၀၈၃၇

သ-၄၂၉၃၂၂

ဆ-၂၆၈၆၉၄

ဍ-၉၀၈၈၀၀

ဠ-၁၃၁၃၇၉

ဟ-၄၀၄၀၄၉

**ဆုတစ်ဆုချင်းကျပ်သိန်း (၁၀၀) ဆုမဲများ**

| | |
|---|---|
| ည-၂၁၈၃၉၂ | ထ-၇၈၃၄၂၄ |
| ခ-၁၁၁၃၀၅ | ကဃ-၄၈၁၇၉၂ |
| ကဂ-၄၈၁၆၆၇ | ထ-၅၅၄၄၆၄ |
| ဍ-၅၃၆၉၉၈ | ကင-၃၉၀၉၅၆ |
| ကက-၈၈၃၅၂၀ | ဘ-၁၆၃၄၆၅ |
| ထ-၆၀၆၀၂၅ | ပ-၂၈၉၂၀၉ |
| ည-၄၇၀၇၈၁ | ဇ-၅၈၅၅၀၃ |
| ကက-၉၂၅၇၉၁ | ကဃ-၈၂၂၂၉၅ |
| ကင-၉၈၀၇၉၁ | ရ-၇၁၄၃၂၀ |

# တရားမဝင်သစ်များ ဖမ်းဆီးရမိ

**မြင်းမူ ဖေဖော်ဝါရီ ၁**

ဇန်နဝါရီ ၂၉ ရက် ညနေ ၅ နာရီက မြင်းမူမြို့နယ်သစ်တောဦးစီးမှူး ဦးစိုင်းမုန့်၊ တောအုပ် ဦးသီဟဇော်၊ တောခေါင်းဦးအောင်စိုးမိုး၊ မြင်းမူမြို့နယ်နှင့်ချောင်းဦးမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့သည် မြို့အဝင်တန်ပိုဂိတ်အနီး၌ မုံရွာမြို့ရှိကန်သာအနောက်သံလာဝတီရပ် ဝင်းယုနတီဟိုတယ်အနောက်ဘက်အနီးမှကားမိုးကာဖြင့်ဖုံးအုပ် သယ်ဆောင်လာသော ယာဉ်မောင်းဇော်ထွန်း ယာဉ်အမှတ် 8L/...အဖြူရောင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ပိတောက်သစ်ခွဲသား (၃၇) ချောင်း ၁ ဒသမ ၅၁၆၆ တန်ကို တွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။ ၎င်းသစ်များသည် မုံရွာမြို့ကန်သာအနောက်သံလာဝတီရပ်မှ သယ်ယူလာပြီး မန္တလေးမြို့ ၇၆-၇၇ လမ်းကြား ၃၆ လမ်း ဘောဂရပ်ကွက်ရှိ ပရိဘောဂဆိုင်များသို့ပို့ဆောင်ရန် သိရသည်။

သစ်များကိုမြို့နယ်သစ်တောရုံးသို့သိမ်းဆည်းပြီး ယာဉ်နှင့် (ယာဉ်မောင်း) ကိုအရေးယူနိုင်ရန်မြို့နယ်ရဲစခန်းသို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။ **(၀၇၉)**


ကျန်းမာရေးပြုစုစောင့်ရှောက်ရန် ဆရာဝန်မတစ်ဦး

**အလိုရှိသည်**

(ရန်ကုန်မြို့တွင်းအတွက်သာ)

လစာ - ၃၀၀၀၀၀ိ/- (သုံးသိန်းကျပ်)

အလုပ်ချိန် - နံနက်(၉း၀၀)နာရီ မှ ညနေ(၆း၀၀)နာရီ ထိ (တနင်္ဂနွေနေ့တိုင်းအနားပေးသည်)

၁။ အသက်(၂၄)နှစ်မှ(၂၉)နှစ်အတွင်း ဖြစ်ရမည်။

၂။ ရုပ်ရည်ပြေပြစ်ရည်မွန်သူ ဖြစ်ရမည်။

၃။ အိမ်ထောင်မရှိသူအမျိုး ဖြစ်ရမည်။

၄။ စိတ်ရှည်၊ နားလည်၊ သီးခံတတ်သူ ဖြစ်ရမည်။

၅။ တကိုယ်ရေသန့်ရှင်းသပ်ရပ်သည့်သူ ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ဓါတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်၊ CV၊ ဆေးလက်မှတ်မိတ္တူ၊ ဖြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်အပြည့်အစုံ၊ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ အောက်ဖော်ပြပါလိပ်စာသို့ ဤကြော်ငြာပါသည့်နေ့မှ(၂)ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ အင်တာဗျူးသည့်နေ့တွင် မူရင်းများလည်းတင်ပြနိုင်ရမည်။

အမှတ်(၉၆-E) လမ်းသစ်လမ်း၊ တော်ဝင်အိမ်ရာ၊

အာလိန်ငါးဆင့်ဘုရားအနီး၊

ဝပ်ရှော့ကားမှတ်တိုင်တွင်ဆင်း၊ အင်းစိန်မြို့နယ်။



**ပုဂ္ဂလိကပိုင်အသေးစားစက်မှုဥယျာဉ် (Light Industrial Park) တည်ထောင်ရန်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မလစ်ကျေးရွာအနီး ကွင်းအမှတ် (၁၁၀၄)၊ ဦးပိုင်အမှတ်(၇)၊ ကွင်းအမှတ် (၁၁၀၅/ခ)၊ ဦးပိုင်အမှတ် (၁၅)၊ ကွင်းအမှတ် (၁၁၀၆)၊ ဦးပိုင်အမှတ် (၈၊ ၁၃၊ ၂၇)၊ ကွင်းအမှတ် (၁၁၀၇)၊ ဦးပိုင်အမှတ် (၅၊ ၂၁)၊ ကွင်းအမှတ် (၁၁၀၈)၊ ဦးပိုင်အမှတ် (၂)၊ ကွင်းအမှတ် (၁၁၀၈/က)၊ ဦးပိုင်အမှတ်(၅)ရှိ မြေဧရိယာများ၏ တစ်စိတ်တစ်ဒေသတွင်ပါဝင်သည့် မြေဧရိယာဧက ၄၀၀ပေါ်တွင် ပုဂ္ဂလိကပိုင်အသေးစား စက်မှုဥယျာဉ် (Light Industrial Park) တည်ထောင်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသော ကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် အောက်ပါအဆိုပြုလွှာများကို သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းနိုင်ပါသည်-

(က) ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာတွင် လုပ်ငန်းဒီဇိုင်း၊ တည်ဆောက်မှုကြီးကြပ်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်၊ အဆင့်အလိုက်ဆောင်ရွက်မည့်အစီအစဉ်များ၊ လုပ်ငန်းလည်ပတ်လုပ်ကိုင်ခြင်း၊ လုပ်ငန်းထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ အချက်အလက်များ၊ အလားတူလုပ်ငန်းအတွေ့အကြုံနှင့် စာချုပ်ချုပ်ဆိုခဲ့မှုများ ဖော်ပြပါရှိရမည်။

(ခ) ငွေကြေးဆိုင်ရာအဆိုပြုလွှာတွင် လုပ်ငန်းအတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ၊ လုပ်ငန်းအဆင့်အလိုက်ကုန်ကျမည့် ရင်းနှီးမြှုပ်နှံမှုပမာဏ၊ နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့် နှင့် စပ်လျဉ်း၍ အဆိုပြုတင်ပြချက်တို့ကို ဖော်ပြရမည်။ ထို့ပြင် တင်ဒါတင်သွင်းသူ၏ လွန်ခဲ့သော ၃နှစ်အတွက် စာရင်းစစ်ဆေးပြီး ငွေကြေးအစီရင်ခံစာ၊ လုပ်ငန်းအတွက် ငွေကြေးအရင်းအမြစ်တို့ ဖော်ပြပါရှိရမည်။

၂။ တင်ဒါတင်သွင်းသူများအနေဖြင့် ၂၄-၂-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အတွင်းရေးမှူးရုံးခန်းရှိ တင်ဒါပုံးတွင် မှတ်ပုံတင်၍ တင်ဒါအဆိုပြုလွှာများကို တင်သွင်းရပါမည်။

၃။ တင်ဒါဖွင့်ဖောက် စိစစ်မည့်နေရာကို ဆက်သွယ်အကြောင်းကြားပါမည်။

၄။ တင်ဒါလျှောက်လွှာကို ၂၆-၁-၂၀၁၅ ရက်မှစ၍ တစ်စုံလျှင် ၅၀၀၀ိ/- (ကျပ်ငါးထောင်းတိတိ)ဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းမှု အာမခံအဖြစ် ၁၀၀၀၀၀၀၀၀ိ/- (ကျပ်သိန်းတစ်ထောင်)ကို မြန်မာ့စီးပွားရေးဘဏ်တွင် ကြိုတင်ပေးသွင်းရပါမည်။

၆။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီ/အဖွဲ့အစည်းများအနက် အများပိုင်ကုမ္ပဏီ (Public Company) ကို ဦးစားပေးရွေးချယ်ပါမည်။

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**

(၆၈)နှစ်မြောက်ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး

# ပင်လုံစာချုပ် (သို့မဟုတ်) လွတ်လပ်ရေး၏ အရုဏ်ဦး

နိုင်ငြိမ်း

## ပင်လုံစာချုပ်အစ ရွှေတိဂုံညီလာခံမှာ

၁၉၄၆ ခုနှစ်ဆန်းပိုင်းတွင် ရွှေတိဂုံစေတီတော် အနောက်မုခ်၌ (ဖဆပလ)အဖွဲ့ချုပ်၏ ပြည်လုံးကျွတ်ညီလာခံကြီးကို ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းက "ဗြိတိသျှတို့၏ စက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးများကို လက်မခံနိုင်ကြောင်း၊ ဆင်းမလားစီမံကိန်းကိုဆန့်ကျင်ပြီး မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရသည်ထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"ဖြင့် ရဲရဲတောက်မိန့်ခွန်းခြွေခဲ့သည်။ ထိုမိန့်ခွန်းကို ညီလာခံတက်လာသူ အားလုံးက ထောက်ခံခဲ့သည်။

တောင်တန်းဒေသအတွင်းရေးမှူးဖြစ်သူ ဖဆပလ အဖွဲ့ဝင် ဦးဖေခင်ကလည်း အဆိုတစ်ရပ် တင်ပြခဲ့သည်။ ထိုအဆိုတွင် "စက္ကူဖြူစာတမ်းဟာ တောင်တန်းဒေသကိုချန်လှပ်ပြီး သူတို့အလိုကျ ဗမာပြည်ကို ရာသက်ပန်စိုးမိုးချုပ်ကိုင်သွားဖို့ မဟာဗျူဟာတစ်ရပ်ချမှတ်တာဖြစ်တယ်။ နယ်ချဲ့တွေက ဗမာပြည်ကို အနှစ်(၇၀)နီးပါး အုပ်ချုပ်သွားတယ်။ ကျုပ်တို့က ဗြိတိသျှလက်အောက်ကလွတ်ဖို့အတွက် အနှစ်(၁၀၀)စောင့်ရဦးမှာလား၊ မေးချင်တယ်။ ကျုပ်တို့က ဗြိတိသျှလက်အောက်မှာ တစ်ပြိုင်တည်း ကျွန်ဖြစ်ခဲ့ရတယ်။ တောင်တန်း၊ မြေပြန့်ကိုလည်း တစ်ပြိုင်တည်းလွတ်လပ်ရေးပေးပါ။ ပြည်မနဲ့ တောင်တန်း ပူးပေါင်းရေးဟာ အင်္ဂလိပ်တွေရဲ့အလုပ်မဟုတ်ဘူး။ ကျုပ်တို့ ပြည်ထောင်စုသားတွေရဲ့ အလုပ်ပါ။ ရှမ်းပြည်နယ်လူထုကလည်း အင်္ဂလိပ်အုပ်စိုးမှုကို လုံးဝလက်မခံနိုင်ကြတော့ဘူး။ သို့အတွက် တောင်တန်းနဲ့ မြေပြန့်ပေါင်းစည်းရေးအဆိုကို အလေးအနက်တင်သွင်းပါတယ်" ဟု ဦးဖေခင်က ထပ်မံတင်ပြခဲ့သည်။ ထို့အတွက် ဗိုလ်ချုပ်အောင်ဆန်းသည် သခင်နု၊ မန်းဘခိုင်၊ ဦးဘဂျမ်းတို့ကို ရခိုင်သို့လွှတ်ကာ ညီညွတ်ရေး တရားဟောပြောစေခဲ့သည်။ ပင်လုံအစည်းအဝေးကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၁၂ ရက်အထိ ဆောင်ရွက်ခဲ့ပါသည်။

ထိုကာလအတွင်း နောင်ဝန်ကြီးချုပ်ဖြစ်လာမည့် ဦးနုက တောင်တန်းဒေသအပေါ် နယ်ချဲ့တို့ ကျင့်သုံးနေသော သဘောတရားများကို ရှမ်း၊ မြန်မာချစ်ကြည်ရေးသမိုင်းကြောင်းနှင့် စိတ်ဓာတ်ကိုတင်ပြရာ ရှမ်း၊ ဗမာ အားလုံးက တစ်ညီတစ်ညွတ်တည်း ထောက်ခံခဲ့လေသည်။



## အကောက်ကြံတဲ့ နယ်ချဲ့

ဤကာလတွင် အင်္ဂလိပ်နယ်ချဲ့တို့သည် နည်းမျိုးစုံသုံး၍ ပြည်မနှင့် ပြည်နယ်များကို ခွဲရန်ကြံစည် ကြိုးစားခဲ့လေသည်။ ဗမာနှင့် အခြားတိုင်းရင်းသားများ သွေးကွဲစေရန်၊ ခေါင်းဆောင်များနှင့် လူထုအကြား ယုံကြည်မှုပျက်ပြားစေရန်၊ ခေါင်းဆောင်အချင်းချင်း အထင်အမြင်လွဲမှားစေရန်ဆောင်ရွက်ခဲ့ပါသည်။ ထိုစဉ်က သစ္စာဖောက်များမှာ စော၊ စိန်၊ မော်ဂိုဏ်းဝင်များဖြစ်၏။ (ဦးစော၊ သခင်ဗစိန်၊ ဒေါက်တာဗမော်တို့၏ ဂိုဏ်းဖြစ်ပါသည်။) ဆရာကြီးသခင်ကိုယ်တော်မှိုင်းကလည်း ဝွကလိန်-ဗစိန် ဟု စာချိုးခဲ့၏။

မည်သို့ပင်နယ်ချဲ့တို့ သွေးခွဲစေကာမူ မြန်မာများ၏ တောင်းဆိုမှုက ရပ်မသွားပါ။ အနာဂတ် နိုင်ငံရေးဆွေးနွေးရန် ၁၉၄၆ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်သို့ ထွက်ခွာသွားခဲ့သည်။ အင်္ဂလန်ရောက်သည်နှင့် ဗိုလ်ချုပ်က "မြန်မာနိုင်ငံသည် တစ်နှစ်အတွင်း လွတ်လပ်ရေးရကို ရရမည်"ဟု ကြွေးကြော်ခဲ့သည်။ ဗိုလ်ချုပ်တို့ အင်္ဂလန်သို့ ရောက်နေချိန်တွင် "အောင်ဆန်းမှာ ဗမာတစ်နိုင်ငံလုံး၏ ကိုယ်စားလှယ် မဟုတ်၊ လန်ဒန်သို့ တိုင်းရင်းသားကိုယ်စားလှယ်များကို ခေါ်ယူဆွေးနွေးပါ"ဟူသော ကြေးနန်းစာကို ရှမ်းစော်ဘွားတချို့က ပို့လိုက်သည်။

ထို့ကြောင့် မစ္စတာအက်တလီနှင့် ဗိုလ်ချုပ်တို့ စကားပြောဆိုမှုနှုန်း နှေးသွားသည်၊ သို့တစေချင်းနှင့် ရှမ်းမျိုးချစ်များက အင်္ဂလန်သို့ စာထပ်ပို့သည်။ စာတွင် -

၁။ ရှမ်းပြည်နယ်မှာ ဗမာဘုရင်များလက်ထက်ကပင် လွတ်လပ်စွာနေခွင့်ရသော နယ်မြေဖြစ်၏။
၂။ မြန်မာကို လွတ်လပ်ရေးပေးလျှင် ရှမ်းကိုပေးရမည်။
၃။ ရှမ်းတို့၏ သီးခြားလွတ်လပ်ခွင့်ကို အခြားပြည်နယ်/တိုင်းများမှ ထောက်ခံကြောင်း။
၄။ ရှမ်းပြည်ကို အခြားပြည်နယ်သားများနည်းတူ နယ်ခြားအုပ်ချုပ်ရေးပေးရန်။
၅။ ရှမ်းတို့က မြန်မာများနှင့်ပူးပေါင်းဆောင်ရွက်လိုသည် စသည်ဖြင့်



ကြေးနန်းပို့ရာ မစ္စတာ အက်တလီက လက်ခံခဲ့ပါသည်။

ဤအတွင်း ဦးနုကလည်း ရန်ကုန်၌ သတင်းစာရှင်းလင်းပွဲလုပ်ပေးသည်။ တောင်ကြီးတွင် ဦးတင်အေးနှင့် ညောင်ရွှေစော်ဘွားကြီးတို့ လူထုအစည်းအဝေးတစ်ခုပြုလုပ်ကာ "ရှမ်းများကို ဗမာပြည်မနှင့်အတူ လွတ်လပ်ရေးပေးရန် ဗိုလ်ချုပ်ကို တိုင်းရင်းသားအားလုံး၏ ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုသည်"ဟု ကြေညာခဲ့သည်။ ဗြိတိသျှများက ကိုလိုနီဒိုမိနီယံဝန်ကြီး မစ္စတာ ဘော်တွန်မလေကို ရှမ်းပြည်နယ်သို့ လွှတ်ပြီးလူထုလှုပ်ရှားမှုအားလုံးကို တင်ပြခိုင်းသည်။

## သမိုင်းဝင် ပင်လုံညီလာခံ

ပင်လုံစာချုပ်အကြောင်းရေးလျှင် အောင်ဆန်း-အက်တလီစာချုပ်ကို ချန်ထား၍မဖြစ်။ ဤစာချုပ်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့က လန်ဒန်၌လက်မှတ်ထိုးရာတွင် ပါဝင်သည်များမှာ-

၁။ ၁၉၄၇ခုနှစ် ဧပြီလအတွင်း တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန်။
၂။ တောင်တန်းနှင့် ပြည်မတို့ နှောင့်ယှက်ခွင့်မရှိဘဲ ကူးလူးခွင့်ပေးရန်။
၃။ မကြာမီအမြန်ဆုံး ပင်လုံညီလာခံခေါ်ရန်စသည့်အချက်များပါရှိသည်။

သို့နှင့် ပင်လုံညီလာခံခေါ်လိုက်ရာ ဗိုလ်ချုပ်အောင်ဆန်းက "အနာဂတ်မှာ ကျုပ်တို့ဘယ်လိုလုပ်မယ်ဆိုတာကို စဉ်းစားရန်လိုကြောင်း၊ ပြည်တွင်းရေးပြဿနာဖြစ်လို့ ကျုပ်တို့အချင်းချင်းညှိနှိုင်းဖြေရှင်းရမည်ဖြစ်ကြောင်း၊ အမေကျော် ဒွေးတော်လွမ်းနေလို့ မဖြစ်ကြောင်း၊ ပြည်နယ် ပြည်မ ပေါင်းစည်းရေးကို အဖျက်သမားအချို့က ဖျက်ဆီးနေကြောင်း၊ ကျုပ်တို့က ပြည်နယ်မြေပြန့် ခိုင်မြဲစွာ လက်တွဲဖို့လိုကြောင်း၊ ဗမာပြည်ကို ထပ်ပြီး စစ်မီးမတောက်စေလိုကြောင်း" ဖြင့်ပြောသည်။

ထို့အပြင် ဗိုလ်ချုပ်က "ကျွန်တော်စုံစုံလင်လင်တင်ပြခဲ့ပြီးပြီ၊ ဗမာပြည်ကို ထူထောင်ရင် ပြည်ထောင်စု သဘောလုပ်မလား၊ လူမျိုးကြီးတစ်မျိုးတည်းဆိုတဲ့ Unity State လုပ်မလား၊ စဉ်းစားရမယ်။ တစ်စိတ်တစ်ဒေသ၊ တစ်ခုလုံးကို ကျွန်တာမျိုးမဖြစ်စေရဘူး၊ Union ပြည်ထောင်စုနိုင်ငံသာ ဖြစ်စေရမယ်"ဟု ပြောဆိုသည်။

ပင်လုံစာချုပ်တွင် အရေးကြီးသည့်အချက် လေးချက်ပါရှိသည်။ ၎င်းတို့မှာ -

၁။ မြန်မာများနှင့် ပူးပေါင်းဆောင်ရွက်လျှင် ရှမ်း၊ ကချင်၊ ချင်း၊ ကရင်၊ ကယားများပါ အမြန်ဆုံးလွတ်လပ်လာမည်။
၂။ ဒီမိုကရေစီနည်းအရ မြန်မာကို လွတ်လပ်ခွင့်ပေးလျှင် တောင်တန်းဒေသအားလုံးကိုလည်းပေးပါ။
၃။ ရှမ်း၊ ကချင်၊ ချင်း အမှုဆောင်လူကြီးများသည် မိမိတို့ ပြည်နယ်ကို မိမိတို့တာဝန်ယူဆောင်ရွက်ရန် ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ မီးရထား၊ ဆိပ်ကမ်း၊ အခွန်ကိစ္စတို့တွင် ဗမာနှင့်ပူးတွဲ လုပ်ကိုင်ရန်။
၄။ တိုင်းရင်းသားလူမျိုး(၁၇)သန်း၏ အနာဂတ်ကြီးပွားရေး၊ အုပ်ချုပ်ရေးကို ပြည်ထောင်စု Union စနစ်ဖြင့်သာ ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။

ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးသူများမှာ (၁) ဦးအောင်ဆန်း (မြန်မာကိုယ်စားလှယ်)၊ (၂) စဝ်နွံ (လဲချား)၊ (၃) စဝ်ခွန်ပန်းစိန်(တောင်ပိုင်းစော်ဘွား)၊ (၄) စဝ်ရွှေသိုက်၊ (၅) စဝ်ဟုန်ဖ(သိန္နီ)၊ (၆) စဝ်ထွန်းအေး၊ (၇) ခွန်ဖုံး(သိန္နီ)၊ (၈) ဦးတင်ဧ(တောင်ကြီး)၊ (၉) ခွန်ကြာပု(သီပေါ)၊ (၁၀) စဝ်ယဉ်ဖ (သီပေါ)၊ (၁၁) ဆမားဒူးဝါးဆင်ဝါးနောင်၊ (၁၂) ဇော်ရစ်(မြစ်ကြီးနား)၊ (၁၃) ဦးခွန်ထီး(ပင်လုံ)၊ (၁၄) ဦးထွန်းမြင့် (မောက်မယ်)၊ (၁၅) ဦးခွန်စော (ပင်းတယ)၊ (၁၆) ဦးဖြူ (ကျိုင်းတုံ)၊ (၁၇) ဒိန်ရတန်(ကချင်)၊ (၁၈) ဒူးဝါးဇော်လွန်း(ဗန်းမော်)၊ (၁၉) လဗန်းဂရောင်း(ဗန်းမော်)၊ (၂၀) ဦးလှာမှုန်း (ဖလမ်း)၊ (၂၁) ဦးထောင်ဇာခုတ်(တီးတိန်)၊ (၂၂) ဦးကီးယိုမန်း (ဟားခါးချင်း) တို့ဖြစ်ကြပါသည်။

စာချုပ်ကို လက်မှတ်ရေးထိုးရာတွင် ဦးအောင်ဆန်း(မြန်မာအစိုးရ)ဟူ၍ မြန်မာပြည်လွတ်လပ်ရေးမရမီကပင် ပင်လုံ၌ လွတ်လပ်ရေးတံခွန် ထူနိုင်ပြီဖြစ်ကြောင်း တင်ပြရပါသည်။ ။

ပင်လုံညီလာခံခေါ်လိုက်ရာ ဗိုလ်ချုပ်အောင်ဆန်းက "အနာဂတ်မှာ ကျုပ်တို့ ဘယ်လိုလုပ်မယ်ဆိုတာကို စဉ်းစားရန်လိုကြောင်း၊ ပြည်တွင်းရေးပြဿနာဖြစ်လို့ ကျုပ်တို့အချင်းချင်း ညှိနှိုင်းဖြေရှင်းရမည်ဖြစ်ကြောင်း၊ အမေကျော် ဒွေးတော်လွမ်းနေလို့ မဖြစ်ကြောင်း၊ ပြည်နယ် ပြည်မ ပေါင်းစည်းရေးကို အဖျက်သမားအချို့က ဖျက်ဆီးနေကြောင်း၊ ကျုပ်တို့က ပြည်နယ်မြေပြန့်ခိုင်မြဲစွာ လက်တွဲဖို့လိုကြောင်း၊ ဗမာပြည်ကို ထပ်ပြီး စစ်မီးမတောက်စေလိုကြောင်း" ဖြင့်ပြောသည်။

# ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ (မူကြမ်း)အပေါ် အကြံပြုချက်များပေးပို့နိုင်ရန်ဖိတ်ခေါ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ (မူကြမ်း) နှင့် ပတ်သက်၍ နိုင်ငံပိုင်သတင်းစာများတွင် ဇန်နဝါရီ ၂၆ ရက်နေ့က ဖော်ပြခဲ့ပြီးဖြစ်ရာ အဆိုပါအခွန်အကောက်ဥပဒေ (မူကြမ်း)နှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်အတည်ပြုပေးရန် ရှိပါသဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်သူများ၊ ပညာရှင်များ၊ စီးပွားရေးအဖွဲ့အစည်းများ၏ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

သို့ပါ၍ အကြံပြုချက်ပေးပို့လိုသူများအနေဖြင့် ပြည်ထောင်စုလွှတ်တော်ရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများ စိစစ်ရေးပူးပေါင်းကော်မတီသို့ စာဖြင့်သော်လည်းကောင်း၊ e-mail လိပ်စာ i7planning @gmail.com သို့လည်းကောင်း ဖေဖော်ဝါရီ ၆ ရက် ညနေ ၄ နာရီအရောက် ပေးပို့နိုင်ရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသော အခွန်စနစ်ဖြစ်ပေါ်အောင် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

အခွန်စည်းကြပ်ကောက်ခံမှုများကို တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ညီညွတ်မျှတသော အခွန်စည်းကြပ်ကောက်ခံမှုများ ဖြစ်စေရန် အရေးကြီးကြောင်း၊ အခွန်ဆိုင်ရာ အသိပညာများ တိုးပွားရရှိစေရေးအတွက် အခွန်ပညာပေးဆွေးနွေးမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၂၀၁၅ ခုနှစ် အခွန်အကောက်ဥပဒေ ပြဋ္ဌာန်းရာတွင် မြေပြင်အခြေအနေနှင့်ကိုက်ညီသော အခွန် ဥပဒေဖြစ်ရန်လိုကြောင်း၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများကို ဝန်ထမ်းများအားလုံးက လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူကျင့်သုံးစေလိုကြောင်း၊ ကိုယ်ကျင့်သိက္ခာစောင့်ထိန်းမှု၊ ဥပဒေကို လေးစားလိုက်နာမှုဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများတိုးတက်ရရှိအောင် ကြိုးပမ်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း စသည်ဖြင့် ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ပန်းဆိုးတန်းလမ်းရှိ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့နှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ အရာထမ်းများ တွေ့ဆုံပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဆွေးနွေးမှာကြားသည်။

အခမ်းအနားတွင် အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ သူရဦးသောင်းလွင်က တရားမဝင် ကုန်သွယ်မှုများ တားဆီးပိတ်ပင်နိုင်ရေး၊ အထောက်အကူပြုအဖွဲ့များအား ရပ်ကွက်အဆင့်ထိဖွဲ့စည်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က ရှင်းလင်းလွယ်ကူသော အခွန်စနစ်ဖြစ်ပေါ်စေရေး၊ အခွန်စည်းကြပ် ကောက်ခံမှုများကို ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်နိုင်ရေး၊ စားသောက်ဆိုင်များ၌ ပြေစာအမှတ်တံဆိပ်များ စနစ်တကျ ကပ်နှိပ်စေရေးနှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းက တရားမဝင်စက်သုံးဆီနှင့် အခြားကုန်သွယ်မှုများ တားဆီးပိတ်ပင်နိုင်ရေးကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသောအခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ အဖွဲ့ဝင်များက ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပါကိစ္စရပ်များနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုကဗျာ

## တို့ပြည်ထောင်စုအင်အား

* တို့တိုင်းပြည်လွတ်လပ်ရေး
အသက်၊ သွေး၊ ချွေးနဲ့ ရင်းခဲ့သည်
အောင်လံလွှင့်ချီ။
'ပင်လုံစာချုပ်' သက်သေတည်
ပြည်ထောင်စုကြီးခံ့ခံ့ညား။
တိုင်းရင်းသားပေါင်းစုံလက်တွဲပြု
စည်းလုံးမှုအင်အား။

* မခြားညီတူကြည်ဖြူလက်တွဲ
မခွဲတမ်းပ ရှေ့သို့ချီ
နိုင်ငံတော်သစ်ဆီ။
ကျစ်လျစ်ခိုင်ခံ့ အခြေတည်
မျှော်ရည်တဲ့ရှေ့လမ်း။
ငြိမ်းချမ်းခြင်းသည်ထာဝရ
လှပတင့်ဆန်း။

* အေးချမ်းသာယာညီညာဖြဖြ
ပြည်ရွာလှပ တို့နိုင်ငံ
ပေါင်းစုအားမာန်။
ကောင်းကျိုးပြုလို့ အပြန်အလှန်
ထက်သန်သည့် မျိုးချစ်စိတ်ထား။
တိုင်းရင်းသားပေါင်းစုံ တည်ထောင်ပြု
'ပြည်ထောင်စု' အင်အား။ ။

အောင်မြင့်စိုး(ရေစကြို)

◆ ရှေ့ဖုံးမှ

ဖေဖော်ဝါရီ ၁ ရက် နံနက်တွင် လေယာဉ်ဖြင့် ပုဂံနှင့်မန္တလေးခရီးစဉ်ကိုလည်းကောင်း၊ ရန်ကုန်မြို့၊ ပဲခူးမြို့နှင့်ကျောက်တန်းမြို့တွင်းခရီးစဉ်များကိုလည်းကောင်း သွားရောက်လည်ပတ်ကြသည်။ထို့နောက်ဖေဖော်ဝါရီ ၂ ရက်တွင် ရန်ကုန်မြို့တွင်းသွားရောက်လည်ပတ်ပြီး မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်ဆိပ်ကမ်းမှ M.V Silver Wind သင်္ဘောကြီးသည် ထိုင်းနိုင်ငံ၊ ဖူးခက်ဆိပ်ကမ်းသို့ ခရီးဆက်မည်ဖြစ်သည်။

M.V Silver Wind အပျော်စီးသင်္ဘောသည် ၁၉၉၅ ခုနှစ်ခန့်က ရန်ကုန်ဆိပ်ကမ်းသို့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့သည်။ Myanmar Voyages စီစဉ်သည့် (၇၂) ကြိမ်မြောက် အပျော်စီးသင်္ဘောဖြစ်သည်။ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ အင်္ဂလန်နိုင်ငံမှ အပျော်စီးသင်္ဘောသည် ကမ္ဘာလှည့်ခရီးသည် ၁၃၀၀ နှင့်အတူ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ မှ ၁၆ ရက်အတွင်း အမေရိကန်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည် ၁၈၀၀နှင့်အတူ အပျော်စီးသင်္ဘောကြီးသည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။ အဆိုပါသင်္ဘောသည် မြန်မာနိုင်ငံသို့ရောက်ရှိသည့် အကြီးဆုံးကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံသို့ ဆယ်စုနှစ်ကျော်အတွင်း လာရောက်ခဲ့သည့် အပျော်စီးသင်္ဘောပေါင်း ၁၀၀ ခန့်ရှိခဲ့ပြီဖြစ်ကြောင်း Myanmar Voyages မှ မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်တိုးက ပြောကြားသည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း အနောက်နိုင်ငံများမှ အပျော်စီးသင်္ဘောများ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်ရန်ရှိကြောင်း သိရသည်။

**အောင်သူရ**



# ရှေးဟောင်းစေတီအုတ်ပုံအတွင်းမှ မဟာငွေဘုံသာရုပ်ပွားတော်မြတ်ကြီး တွေ့ရှိ



**မိုးညှင်း ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းကုန်းကျေးရွာအုပ်စု စာထားကျေးရွာ ကဝိန္ဒာရာမ ဘုန်းတော်ကြီးကျောင်းတိုက်ဝင်းအတွင်းရှိ ရှေးဟောင်းစေတီကို ရွှေတိဂုံပုံတူ အသစ်ပြန်လည်ပြုပြင်ရန် ဇန်နဝါရီ ၂၇ ရက်က ရှင်းလင်းစဉ် စေတီဟောင်းအုတ်ပုံထိပ်၌ ပေါက်ရောက်လျက်ရှိသော အချင်းနှစ်ပေကျော်ခန့်ရှိ နပဲပင်ငုတ်တိုကို တူးဖြိုရာမှ စေတီဟောင်းအတွင်းမှ ဉာဏ်တော် ၁၂ ပေ၊ ၁၀ လက်မ၊ ဦးခေါင်းတော်လုံးပတ် ၉ ပေ၊ ၃ လက်မ၊ ရင်ဘတ်တော် ၆ ပေ၊ ၁၀ လက်မရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကြီးကို တွေ့ရှိခြင်းဖြစ်ကြောင်း၊ စေတီတော်ပြန်လည် ပြုပြင်ရေးအကျိုးဆောင် အဖွဲ့ဝင် ဦးသန်းရွှေ၊ ဦးလှအောင်၊ ဦးသန်းအောင်နှင့် ဦးပွားမောင်တို့က ရှင်းလင်းပြောပြသည်။

စေတီဟောင်းအုတ်ချပ်များသည် တစ်ပေပတ်လည် အုတ်ချပ်များ၊ ၁ပေ ၆ လက်မနှင့် ၁ပေ ၈ လက်မရှိ အုတ်ချပ်များဖြစ်သည်။ တွေ့ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ရှေးခေတ်လက်ရာဖြစ်ပြီး အုတ်စီပုံဖော်၍ သရိုးကိုင်ထားခြင်းဖြစ်သည်။ ဘီလူးမြို့ မဟာရွှေဘုံသာဘုရားသမိုင်းနှင့် ဆက်စပ်လျက် သီရိဓမ္မာသောကမင်းကြီး၏ စေတီအဆူပေါင်း ၈၄၀၀၀ တွင် တစ်ဆူအပါအဝင်ဖြစ်သော မဟာငွေဘုံသာ ရုပ်ပွားတော်မြတ်ကြီးဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓဘာသာဝင်ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် မဟာငွေဘုံသာ ရုပ်ပွားတော်မြတ်ကြီးကို ငုံ၍မတည်တော့ဘဲ ဂန္ဓကုဋိတိုက်ဖြင့်ကြည်ညိုသဒ္ဓါပွားနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း အကျိုးဆောင် များကပြောသည်။ ဂန္ဓကုဋိနှင့် ရှေးဟောင်းရုပ်ပွားတော်မြတ်ကြီးကို မွမ်းမံတည်ထားပူဇော်နိုင်ရန် ဖားကန့်မြို့နယ် အောင်ဘာလေကျေးရွာမှ ဦးလှဝင်း-ဒေါ်နန်းအေးအောင်မိသားစုက ငွေကျပ်သိန်းသုံးရာ လှူဒါန်းထားကြောင်း သိရသည်။

**(ဝဇ၃)**

# ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ပွဲတော် မြေစိုက်ပိုစတာများစိုက်ထူ

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁**

မော်လမြိုင်ကျွန်း မြို့၌ ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀) ပြည့် မွေးနေ့ပွဲတော် မြေစိုက်ပိုစတာများကို မော်လမြိုင်ကျွန်းမြို့၏ အချက်အချာကျသော မြို့မ ၁၁ လမ်း၊ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံရှေ့နှင့် ဗိုလ်ချုပ်ဈေးရှေ့တို့၌ ၁၅ ပေ၊ ၁၂ ပေ မြေစိုက်ပိုစတာကြီးများကို ဇန်နဝါရီ ၁၅ ရက်မှ စတင်စိုက်ထူထားပြီး ဖျော်ဖြေရေး အစီအစဉ်တွင် ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်များက မြို့ပေါ်ရပ်ကွက်များနှင့် ဇန်နဝါရီ ၁၂ ရက်နှင့် ၁၃ ရက်များက ဖျော်ဖြေရေးယာဉ်ဖြင့် ကျေးရွာအုပ်စု ကိုးအုပ်စု၊ ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်များက ဖျော်ဖြေရေး ပွဲထောင်ရေယာဉ်ဖြင့် ကျေးရွာအုပ်စု ခြောက်အုပ်စုတို့ကို ဖျော်ဖြေရေးအဖွဲ့များက လှည့်လည်ဖျော်ဖြေခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့် မွေးနေ့ပွဲတော်ကို မော်လမြိုင်ကျွန်းမြို့၌ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဈေးပွဲတော်၊ ပျော်ပွဲရွှင်ပွဲ၊ အမှတ်တရပစ္စည်း ရောင်းချပွဲ၊ အဆိုပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ၊ စာပေဟောပြောပွဲနှင့် ဆွမ်းလောင်းလှူပွဲများ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် မွေးနေ့ပွဲတော်ကျင်းပမည့် မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံ၌ ပွဲတော်အခမ်းအနားကျင်းပရေး ကြိုတင်ပြင်ဆင်လျက်ရှိပြီး သမိုင်းဝင် ဗိုလ်ချုပ်မှတ်တမ်းဓာတ်ပုံပြခန်းကိုလည်း ဖွင့်လှစ်ပြသထားပြီဖြစ်ရာ မြို့နယ်အတွင်းမှ ပြည်သူများ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလျက်ရှိကြသည်။ **မော်ကျွန်းမြင့်အောင်**

ပြည်တွင်းသတင်း

# ဆန်စပါးစိုက်တောင်သူများအတွက် ခိုင်မာသောဈေးနှုန်းနှင့် ဈေးကွက်နေရာရရှိရေး ခေတ်မီဆန်စက်များ၏ကဏ္ဍသည်အရေးကြီး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုးမင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် ဒဂုံမြို့သစ် ရွာသာကြီးရှိ Good Brothers ကုမ္ပဏီ၏ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး ခေတ်မီလယ်ထွန်စက်ကြီးများနှင့် လက်တွန်းထွန်စက်များ ထုတ်လုပ် တပ်ဆင်နေမှုများကို စစ်ဆေးကြည့်ရှုရာ Good Brothers ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာနှင့် စက်မှုလယ်ယာ ညွှန်ကြားရေးမှူးချုပ်တို့က ယခုနှစ်အတွင်း ခေတ်မီလယ်ထွန်စက်ကြီး အစီးရေ (၄၅၀) ရိပ်သိမ်းခြွေလှေ့စက် အစီးရေ (၂၁၇) စီးနှင့် မြင်းကောင်ရေ (၁၂)ကောင်အားရှိ လက်တွန်းထွန်စက် အစီးရေ (၂၁၃၀၀)စီးကို ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် နေပြည်တော်ကောင်စီနယ်မြေရှိ အရောင်းဆိုင်ခွဲများမှ အရစ်ကျစနစ်ဖြင့် ရောင်းချနိုင်ခဲ့မှု အခြေအနေများနှင့် စက်ရုံ၌ လက်တွန်းထွန်စက်စီးရေ (၃၀၀၀)၊ ခေတ်မီလယ်ထွန်စက် စီးရေ (၃၀၀) တို့အား ဝယ်လိုအားကောင်းသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဖြန့်ဖြူးရန် အသင့်ဖြစ်နေမှုကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက စက်ရုံအတွင်း လက်တွန်းထွန်စက် အင်ဂျင်များတပ်ဆင်နေမှု ထွန်စက်များ တပ်ဆင်ပြီး ဖြန့်ဖြူးရန်အသင့်ဖြစ်နေမှု၊ လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်နေမှုများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးသို့ ဖြန့်ဖြူးရန်အတွက် မော်တော်ယာဉ်များပေါ်သို့ အသင့်ထုပ်ပိုး ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံဆိပ်ကမ်းမြို့နယ်



စက်မှုလယ်ယာမြေစနစ် ဇေကာ (၁၀၀၀၀) အထူးဇုန်ရှိ ပင်လယ်ကိုးသွယ် ကုမ္ပဏီ၏ တစ်နေ့ တန်(၅၀၀)ကျ ခေတ်မီဆန်စက် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စက်ရုံရှိ ဂိုဒေါင်အတွင်း၌ ကြိတ်ခွဲရန်အတွက် စပါးကုန်ကြမ်းများ ရောက်ရှိ သိုလှောင်ထားမှုများကို လည်းကောင်း၊ ဆန်စက်အခြေခံ အဆောက်အအုံနှင့် ဆန်စက်အစိတ်အပိုင်းများ ရောက်ရှိ တပ်ဆင်နေမှု စပါးသိုလှောင်ရုံ(Silo)နှင့် အခြောက်ခံစက်(Dryer)များ ဆောက်လုပ်ရန် ပိုင်တိုင်များအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုများကို စစ်ဆေးကြည့်ရှုသည်။

ပြည်ထောင်စု ဝန်ကြီးက အခြေခံ စိုက်ပျိုးထုတ်လုပ်ကြသော တောင်သူ လယ်သမားများအတွက် ခိုင်မာသေချာသော ဈေးနှုန်းနှင့် ဈေးကွက်နေရာ ရရှိနိုင်ရေးအတွက် ခေတ်မီဆန်စက်များ၏ အခန်းကဏ္ဍသည် မရှိမဖြစ် အရေးကြီးလိုအပ်ပါကြောင်း၊ ဆန်စက်၏ အရည်အသွေးကောင်းမွန်စေရန် လိုအပ်ချက်နှင့် တည်ဆောက်ရေး ကာလအတွင်းမှာပင် လိုအပ်သောကုန်ကြမ်း အပြည့်အဝ ရရှိရေးအတွက် ဈေးကွက်တောင်းဆိုချက်နှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် မျိုးစပါးများ ထုတ်လုပ်ဖြန့်ဖြူးပေးပြီး ကန်ထရိုက်စိုက်ပျိုးရေးစနစ်ဖြင့် တောင်သူများပါဝင်လာအောင် တပြိုင်တည်း စီမံဆောင်ရွက်ရန် လိုအပ်သည်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သင်္ဘောကျင်းလုပ်ငန်း ဖက်စပ်ကုမ္ပဏီထူထောင်ရေးလက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်းနှင့် ဗီယက်နမ်နိုင်ငံ Dong A Shipbuilding joint Stock Company တို့ အကျိုးတူပူးပေါင်း၍ Myanma Shipyards-Dong A joint Venture Company Limited ထူထောင်ရေးအတွက် joint Venture Agreement လက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ Novotel Yangon Max ဟိုတယ်၌




ယမန်နေ့ ည ၇ နာရီတွင် ကျင်းပရာ ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာသင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုးနှင့် Dong A Shipbuilding JSC. မှ General Director Mr.Ngo The Cu တို့က joint Venture Agreement ကိုလက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်က ဦးကြည်စိုးနှင့် Mr. Ngo The Cu တို့အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်အား ပေးအပ်သည်။

ထို့နောက် ရေယာဉ် တည်ဆောက်ရေးလုပ်ငန်းအတွက် ကန်ထရိုက်စာချုပ်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ Uniteam Marine Yangon Limited နှင့် 110 Ft Clinic Boat တစ်စင်း တည်ဆောက်ရေးစာချုပ်ကိုလည်းကောင်း၊ လင်းစန္ဒာအောင် ကုမ္ပဏီလီမိတက်နှင့် 90 Ft Fish Trawler တစ်စင်း တည်ဆောက်ရေးစာချုပ်ကို လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပြီး Bravely(Myanmar) Transport & Logistics Co., Ltd. နှင့် Container Vessel၊ General Cargo Vessel၊ Tanker များ အစင်း ၃၀ တည်ဆောက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ လှော်လမ်းသုံးလွှန်းကျင်းအား ခေတ်မီ စက်ကိရိယာများတပ်ဆင်အဆင့်မြှင့်တင်ခြင်းနှင့် ရေယာဉ်အရွယ်အစား တန်ချိန် ၂၂၀၀၀ အထိ တည်ဆောက်နိုင်သော လွှန်းကျင်းသစ်တစ်ခု တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းအဖြစ် 22000 dwt အထိ ရေယာဉ်သစ်များ တည်ဆောက်ခြင်းနှင့် 3000 dwt အထိ ရေယာဉ်များ ပြင်ဆင်ခြင်းလုပ်ငန်း၊ သင်္ဘောကျင်းလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော အခြားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

❍ ကျောဖုံးမှ

ဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် အဆိုပါ ကျေးရွာများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းပေးနိုင်ပါရန် (၁၉-၁-၂၀၁၂) ရက်နေ့တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အစည်းအဝေး ဆုံးဖြတ်ချက်အပိုဒ်(၅၃)အရ (၂၁-၁-၂၀၁၂) ရက်စွဲပါစာဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အမှာစာကို သဘောတူကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနသို့ အကြောင်းပြန်ကြားလာခဲ့သဖြင့် မကျီးကန်-ငှက်အော်စမ်း-ကျိုက်ထော်လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် လုပ်ထုံးလုပ်နည်းများနှင့်အညီ (၃-၄-၂၀၁၂) ရက်နေ့တွင် စည်ပင်သာယာရေး ဦးစီးဌာနထံမှ အပြီးအပိုင်လွှဲပြောင်းလက်ခံရယူခဲ့ခြင်းဖြစ်သည်။

မကျီးကန်-ငှက်အော်စမ်း-ကျိုက်ထော်လမ်း၏ မိုင်တိုင် ၀/၀ သည် တွံတေး-ကော့မှူး-ကွမ်းခြံကုန်းလမ်း၏ မိုင်တိုင် ၁၆/၅ မကျီးကန်ရွာမှ စတင်သည်။ မိုင်တိုင် ၀/၄ အပိုင်းမှာ ကတ္တရာလမ်းဖြစ်ပြီး လက်ရှိလမ်းအနေအထားမှာ (၂×၄)လက်မခွဲ၊ ကျောက်တွင် (၁×၂)လက်မခွဲကျောက်အားညှပ်ကာ မျက်နှာပြင်ကို Seal လောင်းထားသည်။ ပျမ်းမျှ လမ်းသားအထူမှာ လေးလက်မခန့်နှင့် လမ်းသားအကျယ် (Pavement Width) မှာ ၁၀ ပေခန့်သာရှိပြီး လမ်းတာအကျယ် (Formation Width) မှာ ၁၆ ပေခန့်ရှိသည်။ လမ်းတစ်လျှောက်တွင် ချောင်းကောခြံရွာ၊ ရေတာရှည်ရွာ၊ ငှက်အော်စမ်းရွာ၊ ညောင်ထောက်ရွာ၊ ပိန္နဲစမ်းရွာလမ်းလမ်းခွဲ၊ ဘုရားသုံးဆူရွာ၊ စပါးကြီးစမ်းရွာလမ်းခွဲ၊ မဆယ်ဆိပ်-ဝါးသိမ်-မော်တော-တောင်ခရမ်းလေးလမ်းခွဲနှင့်ရခိုင်စုရွာ၊ ကျိုက်ထော်ရွာကို တွေ့ရပြီး လမ်းဘေးဝဲယာများ၌ ဥယျာဉ်ခြံမြေများရှိသည်။

အဆိုပါလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကြီးကြပ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ အစီအစဉ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ODA Loan (ချေးငွေ)ဖြင့် ရွေ့ပြေးဆောင်ရွက်သောလမ်းဖြစ်ပြီး စီမံကိန်းတန်ဖိုးမှာ ကျပ်သန်း ၄၄၀၀ ဖြစ်သည်ဟု သိရသည်။

မကျီးကန်-ငှက်အော်စမ်း-ကျိုက်ထော်လမ်းသည် မူလက ကျေးရွာချင်းဆက်သော ကျေးလက်လမ်းဖြစ်ပြီး မိုင်အားဖြင့် အဝင်ဝမှ အဆုံး ၁၆ မိုင် ၂ ဖာလုံရှိသော်လည်း လမ်း၏ အစဖြစ်သော တွံတေး-ကော့မှူး-ကွမ်းခြံကုန်းကားလမ်း မိုင်တိုင်အမှတ် ၁၆/၅ (မကျီးကန်ရွာ) မှ ထိုလမ်း၏ မိုင်တိုင်အမှတ် ၀/၀ မှ ၀/၄ အထိသည် ကတ္တရာလမ်းအဖြစ် ကောင်းမွန်နေသောကြောင့် ချန်ထားပြီး မိုင်တိုင်အမှတ် ၁/၀ ချောင်းကောခြံမှ စတင်၍ ကျိုက်ထော်ရွာအနီးအထိ ၁၃ မိုင် ၁ ဖာလုံခွဲကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိနေပြီး အမြတ်အစွန်းရရှိရေးကို အလေးမထားပါကြောင်း၊ လမ်းအရည်အသွေးကိုလည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးနှင့် လမ်းသုတေသနဌာနတို့မှ လမ်းလွှာပုံစံထုတ်ပေးသည့်အတိုင်း ဆောင်ရွက်နေကြောင်းကို အဆိုပါစီမံကိန်းလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းထံမှ တင်ဒါအောင်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေသော ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ ဦးမင်းဟိန်းက ပြောသည်။

နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ လုပ်ငန်းစဉ် (၈)ရပ်အနက်မှ တစ်ရပ်ဖြစ်သည့် “ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး”အတွက် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးရှိ ကော့မှူးမြို့နယ်၌ မကျီးကန်-ငှက်အော်စမ်း-ကျိုက်ထော်လမ်းနှင့် ကော့မှူး-ဝါးပလောက်သောက်-သရက် ကျေးလက်လမ်းတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ODA Loan (ချေးငွေ)ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု သိရသည်။

လမ်းများ အဆင့်မြှင့်တင် တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းကို ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများသို့ တင်ဒါခေါ်ခဲ့ရာ မကျီးကန်-ငှက်အော်စမ်း-ကျိုက်ထော်လမ်းကို ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီနှင့် ကော့မှူး-ဝါးပလောက်သောက်-သရက်လမ်းကို မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီတို့က တင်ဒါအောင်ခဲ့ကြပြီး အသီးသီးတာဝန်ယူဆောင်ရွက်လျက် ရှိနေကြသည်။

မကျီးကန်-ငှက်အော်စမ်း-ကျိုက်ထော်လမ်းမှ ၁၃ မိုင်၁ဖာလုံခွဲကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းထံမှ လေလံယူ၍ (၆-၃-၂၀၁၄) နေ့မှ ရွှေတောင်ဖွံ့ဖြိုးရေး ကုမ္ပဏီက စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြေသားလုပ်ငန်းများနှင့် ထုအခြေခံလွှာ ခင်းခြင်းလုပ်ငန်းကို မိုင်အားလုံးပြီးပြီဖြစ်ပြီး ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတွင် ၈ လက်မထု၊ ၁၈ ပေအကျယ်ခင်းခြင်းလုပ်ငန်းတွင် ကွန်ကရစ် ၉ ပေအကျယ် တစ်လမ်းကို ယခုအခါ ၇ မိုင်အထိ ပြီးနေပြီ၊ လမ်းပေါ်ရှိ တံတား ၁၄ စင်းတို့မှာ ၆၅ ရာခိုင်နှုန်း ပြီးနေပြီဖြစ်ကြောင်း သိရသည်။

ကော့မှူးမြို့မှ ကျေးလက်လမ်းအား အဆင့်မြှင့်၍ မြို့နှင့်ဆက်သည့် စီမံကိန်းလမ်းနှစ်လမ်းကို တင်ဒါစနစ်ဖြင့် ကုမ္ပဏီများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း လမ်းအကောင်အထည်ဖော်ရေးစီမံကိန်းတွင် စီမံကိန်းမန်နေဂျာနှင့် စီမံကိန်းအင်ဂျင်နီယာများ တာဝန်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ရန်ကုန်တိုင်းအင်ဂျင်နီယာမှူးကြီးနှင့် ရန်ကုန်တောင်ပိုင်းခရိုင် အင်ဂျင်နီယာမှူးတို့ ဆောင်ရွက်လျက်ရှိပြီး ကြီးကြပ်ရေးကို တည်ဆောက်နေသော ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကော့မှူးမြို့နယ်အင်ဂျင်နီယာနှင့် လမ်းအထူးအဖွဲ့(၁၅)မှ တာဝန်ရှိ အင်ဂျင်နီယာများက ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**အခွန်သယ်ပိုး တို့ပြည်အကျိုး**
**တည်ဆောက်ခေတ်မီ တို့မြန်မြန်ပြည်**

ပြည်တွင်းသတင်း

❀ *ကျောဖုံးမှ*

**ဒေါ်ခင်ပိုင်းကြည်၊ ဒေါက်တာမြတ်ဉာဏစိုး၊ ဒေါ်နန်းနီနီအေးနှင့် ဦးနု၊** မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက် (NNER) မှ ဒေါက်တာသိန်းလွင်၊ ဒေါက်တာတင်လှိုင်၊ ဦးနိုင်နွယ်သိန်း၊ ဒေါက်တာသန့်လွင်မောင်၊ ဒေါက်တာဒေါ်ညိုညိုသင်းနှင့် အဖွဲ့ဝင်များ၊ ကျောင်းသားကိုယ်စားလှယ်များ ဖြစ်ကြသည့် မောင်ချစ်ဝင်းမောင်၊ မောင်ပြည့်ဖြိုးကျော်၊ မောင်သန့်ဇင်ထွန်း၊ မောင်ပိုင်ရဲသူ၊ မောင်ဝေမိုးနိုင်၊ မောင်မင်းလွင်ဦး၊ မောင်ရဲဇာနည်ထွန်း၊ မောင်နန်းလင်း၊ မောင်ဇေယျာလွင်၊ မောင်အောင်နေပိုင်၊ မောင်စိုးလှိုင်၊ မောင်မင်းသွေးသစ်၊ မောင်အောင်မှိုင်းဆန်း၊ မောင်နန္ဒစစ်အောင်နှင့် မဖြိုးဖြိုးအောင်၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေး ညှိနှိုင်းနိုင်ရန် မိမိအနေဖြင့် စီစဉ်ဆောင်ရွက်ပေးခြင်းသာ ဖြစ်ကြောင်း၊ ယနေ့ရောက်ရှိနေသည့် ဆွေးနွေးဖက်များ အနေဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာသည့် ဖြစ်စဉ်တစ်ရပ်ကို ဝိုင်းဝန်းတည်ဆောက်ကြရန်ဖြစ်ပါကြောင်း။

အမျိုးသားပညာရေး ဥပဒေဆိုင်ရာကိစ္စရပ်များအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် ရလဒ်ကောင်းများရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ၎င်းအချက်ကိုပိုပြီး လေးနက်စေရန် နိုင်ငံတော်သမ္မတ၏ ယနေ့နံနက်တွင် ပြောကြားသည့် အမျိုးသားပညာရေး ဥပဒေဆိုင်ရာ သဘောထားရပ်တည်ချက်နှင့် မူဝါဒများကို ထင်ဟပ်သည့် ရေဒီယိုမိန့်ခွန်းကောက်နုတ်ချက်ကို ဖတ်ကြားလိုပါကြောင်း။

နိုင်ငံတော်သမ္မတက "အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်ပြီး ကျောင်းသားများရဲ့ လိုလားချက်တွေကို ဆန္ဒဖော်ထုတ်ကြတဲ့ကိစ္စတွေ ဖြစ်ခဲ့ပါတယ်၊ နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို ဆွေးနွေးဖို့အတွက် ဇန်နဝါရီလ ၂၈ ရက်နေ့မှာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ အစိုးရတာဝန်ရှိသူများနဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ကျောင်းသားအဖွဲ့များနဲ့ အကြိုတွေ့ဆုံညှိနှိုင်းခဲ့ပါ



ဒေါက်တာသိန်းလွင် သတင်းမီဒီယာများ မေးမြန်းမှုကို ဖြေကြားစဉ်။ (သတင်းစဉ်)

တယ်။ အမျိုးသားပညာရေး ဥပဒေနဲ့ ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးအဖြေရှာကြဖို့ သဘောတူနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။ လက်ရှိကာလဟာ စာမေးပွဲရာသီဖြစ်တဲ့အတွက် ကျောင်းတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး စာမေးပွဲများရွှေ့ဆိုင်းရခြင်း၊ ကျောင်းများပိတ်ရခြင်းများ ဖြစ်ပေါ်လာမှာကို ကျောင်းသားမိဘများအနေနဲ့ စိတ်ပူပန်မှုရှိနေတာကိုလည်း ကြားသိရပါတယ်။ အခုအချိန်မှာဆိုရင် ဆန္ဒပြချီတက်မှုများကိုရပ်တန့်ပြီး ဆွေးနွေးမှုတွေကို ခိုင်ခိုင်မာမာစတင်ကြရမှာလည်းဖြစ်ပါတယ်။ ဆွေးနွေးညှိနှိုင်းရေးနည်းလမ်းသာလျှင် လက်တွေ့ကျတဲ့ အဖြေဖြစ်တယ်ဆိုတာကို ဆုပ်ကိုင်ထားဖို့ လိုအပ်ပါတယ်။ ကျောင်းသားများရဲ့ လိုလားချက်တွေ ဖြည့်ဆည်းနိုင်ရေးအတွက် ဆက်လက်ဆွေးနွေး လုပ်ဆောင်သွားရမယ့် လုပ်ငန်းစဉ်များကို ညှိနှိုင်းလုပ်ဆောင်နေပြီလည်းဖြစ်ပါတယ်။ စာမေးပွဲများနီးကပ်လာနေပြီ ဖြစ်တဲ့အတွက် ဆန္ဒပြကျောင်းသား အချို့အနေနဲ့ တောင်းဆိုချက်များကို မြန်မြန်ဆန်ဆန်ညှိနှိုင်းကြပြီးတော့ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးကို အချိန်တိုတိုအတွင်း ဖြည့်ဆည်းဆောင်ရွက်နိုင်မယ့် နည်းလမ်းများရှာဖွေပြီး ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်"ဟု ပြောကြားခဲ့ပါကြောင်း။

၎င်းအချက်များအရ နိုင်ငံတော်သမ္မတမှစ၍ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီတွင် စိတ်ရင်းစေတနာမှန်များရှိနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးမှုမှစပြီး ပူးပေါင်းညှိနှိုင်းအဖြေရှာရမှာဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ပြောကြားရာတွင် ယနေ့ ဆွေးနွေးပွဲသည် နိုင်ငံတော်အစိုးရ၊ ဥပဒေပြုလွှတ်တော်၊ NNER နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီမှ ကျောင်းသားများပါဝင်သည့် အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြစ်ကြောင်း၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကျောင်းသူများ၏ တောင်းဆိုချက် (၁၁) ချက်အပါအဝင် အမျိုးသားပညာရေးဥပဒေနှင့် သက်ဆိုင်သောအချက်များကို ပြင်ဆင်ပေးနိုင်ရေးတွေ့ဆုံဆွေးနွေးကြခြင်းဖြစ်ကြောင်း၊ အမျိုးသားပညာရေး ရည်မှန်းချက်များကို လွှတ်တော်သို့ ဆက်လက်တင်ပြဆွေးနွေးသွားမှာဖြစ်ကြောင်း၊ ပညာရေးသည် ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် မူဝါဒ၊ ဥပဒေများနှင့်အညီ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊စာမေးပွဲများ နီးကပ်လာပြီဖြစ်သည့်အတွက် ငြိမ်းချမ်းစွာ ပညာသင်ကြားရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားပြီး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ကျေးလက်လူမှုဘဝမြင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ဆွေးနွေး ပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော်မှ မိမိအပါအဝင် ကိုယ်စားလှယ်ကိုးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ် ခုနစ်ဦး တက်ရောက်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲသည် အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်လိုသည့် ကျောင်းသားများ၏ ဒီမိုကရေစီပညာရေးလှုပ်ရှားမှုကို အေးချမ်းတည်ငြိမ်စွာ ဒီမိုကရေစီနည်းလမ်းကျကျ ဖြေရှင်းနိုင်ရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အစိုးရ၊ လွှတ်တော်နှင့် ဒီမိုကရေစီပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များသည် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး သဘောတူညီချက် (၄) ချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ကြကြောင်း။

ထိုသဘောတူညီချက်မှ ပထမအချက်ဖြစ်သည့် အစိုးရ၊ လွှတ်တော်၊ ကျောင်းသားများနှင့် NNER မှ ကိုယ်စားလှယ်များပါဝင်သော ပထမအကြိမ် (၄)ပွင့်ဆိုင်ဆွေးနွေးပွဲကို စတင်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယခုလက်ရှိဖြစ်ပေါ်နေသော ကျောင်းသားလှုပ်ရှားမှုသည် ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည့် အမျိုးသားပညာရေးဥပဒေ



ကျောင်းသားကိုယ်စားလှယ် ဖြိုးဖြိုးအောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကို ပြင်ဆင်ဖြည့်စွက်လိုရာမှ စတင်အခြေခံလာခြင်း ဖြစ်ပါကြောင်း။

ဥပဒေ၏ သဘောသဘာဝအရ မည်သည့်ဥပဒေမှ ပြီးပြည့်စုံသည်၊ အမြဲတမ်း မှန်ကန်ဆီလျော်နေသည်ဟု မရှိနိုင်ကြောင်း၊ လိုအပ်ချက်၊ အားနည်းချက်များ တွေ့ရှိပါက ပြင်ဆင်ရမည်သာ ဖြစ်ပါကြောင်း၊ ပြင်ဆင်ရန် သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်းသာ ပြင်ဆင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးအတွက်ဆိုပါက ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရမည်ဖြစ်ပါကြောင်း။

ကျောင်းသားများ အဆိုပြုထားသည့်(၁၁)ချက်ကိုလည်း ယခုဆွေးနွေးပွဲတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းရေး ဦးထိပ်ထားပြီး ဆွေးနွေးပေးကြစေလိုပါကြောင်း၊ ဥပဒေတစ်ခုကို ချဉ်းကပ်သုံးသပ်ရာတွင် ဥပဒေပြုရေးအဖွဲ့၊ အဆိုပါလုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်သည့် ပညာရှင်များအဖွဲ့တို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမြင်ချင်း တူညီသည်များလည်းရှိပြီး မတူညီသည်များလည်းရှိနိုင်ပါကြောင်း၊ တူညီသည့်အချက်များကို ဦးစွာ အကောင်အထည်ဖော်ပြီး မတူညီသည်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးအဖြေရှာရန် ဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်၏ အနာဂတ် သာယာလှပရေးတို့ကို ရှေးရှုရန်ဖြစ်ပါကြောင်း၊ မည်သည့်ပြဿနာကိုမဆို ဒီမိုကရေစီယဉ်ကျေးမှုအရ တည်ငြိမ်အေးချမ်းစွာ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် စုပေါင်းအဖြေရှာရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် သမ္မတနှင့် ပြည်ထောင်စုလွှတ်တော် နာယကတို့ကလည်း အမျိုးသားပညာရေးအဆင့်မြင့်မားတိုးတက်ရေးကို လိုလားလျက်ရှိကြပါကြောင်း၊ ယခုဆွေးနွေးပွဲရလဒ်အပေါ် အခြေခံပြီးအမျိုးသားပညာရေး ဥပဒေကြမ်းကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်ထောင်စုလွှတ်တော်သို့ အတည်ပြုနိုင်ရေး ပြန်လည်တင်သွင်းကာ ပြည်ထောင်စုလွှတ်တော်က နည်းလမ်းများနှင့်အညီ အမြန်ဆုံး အတည်ပြုနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ မောင်ဇေယျာလွင်က ဒီမိုကရေစီယဉ်ကျေးမှုနှင့်အညီ တွေ့ဆုံညှိနှိုင်းမှုမှတစ်ဆင့် အမျိုးသားပညာရေးဥပဒေအပါအဝင် ဆက်စပ်ဥပဒေများကိုရေးဆွဲရာတွင် သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းအဖြေရှာသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် NNER မှ ဒေါက်တာသိန်းလွင်က ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှတင်ပြသည့် (၁၁)ချက် အားရှင်းလင်းဆွေးနွေးကာ ယင်းအချက် (၁၁)ချက်ကို သဘောတူထောက်ခံပါကြောင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ယနေ့ဆွေးနွေးပွဲတွင် ကျောင်းသားကိုယ်စားလှယ်များ တင်ပြတောင်းဆိုလာသည့် အချက်ကိုးချက်နှင့် မူလတောင်းဆိုထားသည့် အချက်(၁၁)ချက်တို့နှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးကာ ရှေ့ဆက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

ယနေ့ဆွေးနွေးမှုတွင် သဘောတူညီချက်များရှိသကဲ့သို့ အချို့အချက်အလက်များကလည်း ဆက်လက်ဆွေးနွေးရမည်ဖြစ်၍ ဖေဖော်ဝါရီ ၃ ရက် (အင်္ဂါနေ့) နံနက်(၉)နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# တွေ့ဆုံညှိနှိုင်းမှုဖြင့် အကောင်းဆုံးကို အဖြေရှာ

**ဝင်းဝင်းမော်**

ရန်ကုန် ဖေဖော်ဝါရီ ၁

**အစိုးရသစ်လက်ထက်တွင် ရေပန်းအစားဆုံးမှာ နိုင်ငံရေးယဉ်ကျေးမှုသစ်ဖြစ်သည့် ဝိရောဓိများကို ငြိမ်းချမ်းစွာတွေ့ဆုံအဖြေရှာရေးပင်ဖြစ်သည်။ ယနေ့နံနက်ပိုင်းကလည်း ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို နံနက် ၉ နာရီမှစတင်၍ ည ၇ နာရီဝန်းကျင်အထိ သက်ဆိုင်သူများအားလုံး စုံစုံညီညီဖြင့် ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် သက်ဆိုင်သူများ၏စကားသံများကို ကောက်နုတ်စုစည်းတင်ပြလိုက် ရပါသည်။**

**ဒေါ်ညိုညိုသင်း (မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှု ကွန်ရက် - NNER)**

သဘောတူညီမှု ကိုးချက်ကို NNER အနေနဲ့ အများကြီး လိုလားပါတယ်။ နောက်တစ်ကြိမ် ဆွေးနွေးမယ့် (အင်္ဂါ)နေ့ ဆွေးနွေးမှုမှာ ကိုးချက်အပေါ် နှစ်ဖက်သဘောတူညီရပြီးရင် (၁၁)ချက်ပေါ်မှာ သဘောထားတွေအသီးသီး ထွက်လာမှာဖြစ်တယ်။ရှေ့လျှောက်ပြီး ကောင်းတဲ့ဘက်သွားနေတယ်လို့ မျှော်လင့်ပါတယ်။ နောက်လာမယ့် ဆွေးနွေးပွဲများမှာလည်း အပြုသဘောဆောင်ပြီး ယခုကဲ့သို့စိတ်ရှည်စွာ ဆွေးနွေးပေးကြဖို့ အားလုံးကို မေတ္တာရပ်ခံပါတယ်။ ပထမဆုံးအကြိမ် တွေ့ဆုံမှုဖြစ်တာကြောင့် အသီးသီးမှာ အားနည်းချက်တွေ ရှိကြပါတယ်။ ဒီနေ့ပွဲက တစ်ယောက်နဲ့တစ်ယောက် စိမ်းနေတာကြောင့် ဒုတိယ၊ တတိယအကြိမ်ဆွေးနွေးရင် မိမိတို့ရဲ့ အားနည်းချက်ကိုပြင်ဆင်လာမယ်လို့ မျှော်လင့်ပါတယ်။ စိတ်ပူစရာမလိုပါဘူး။

ကျောင်းသားတွေ ဘက်က ငြိမ်းချမ်းတဲ့နည်းနဲ့ ညှိနှိုင်းဆွေးနွေးသွားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ ဘက်ကလည်း သည်းခံပြီးနားထောင်တယ်။ ဝန်ကြီးဌာနဘက်က စိတ်ရှည်ရှည်နဲ့ အားလုံးကို နားထောင်ပြီး လုပ်ပေးချင်တဲ့ဆန္ဒပေါ်လွင်နေတာကို တွေ့ရတာကြောင့် ကြိုဆိုပါတယ်။ နောင်ဆွေးနွေးပွဲမှာ ဒီထက်ပိုတဲ့ ကောင်းမွန်တဲ့ ရလဒ်တွေရလာမယ်လို့ မြင်ပါတယ်။

**မောင်ဇေယျာလွင် (ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ)**

အချက်(၁၁)ချက်ကို မဆွေးနွေးခင်မှာ ဘယ်လိုပုံစံနဲ့ဆွေးနွေးမယ်ဆိုတာ Pre-Condition ကို အရင်ဆွေးနွေးဖြစ်တယ်။ ကျွန်တော်တင်တဲ့ ကိုးချက်မှာ အချက်အတော်များများ



ဒေါ်ညိုညိုသင်း



မောင်ဇေယျာလွင်



ဦးသိန်းဇော်

ရခဲ့တယ်။ ဒီနေ့ဆွေးနွေးပွဲ အကြမ်းဖျင်း အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။ တချို့အချို့အချက်အလက်တွေက သူတို့မှာ ကန့်သတ်ချက်တွေရှိနေတယ်လို့မြင်တယ်။ ကျွန်တော်တို့ဘက် ဒီ Pre-Condition ကိုမရရင် ကျောင်းသားထုအနေနဲ့ အခက်အခဲရှိတယ်။ အစိုးရ၊ လွှတ်တော်၊ NNER တွေ့ပြီး ကော်မတီက အတတ်နိုင်ဆုံး ရအောင်ဆွေးနွေးတယ်။ ရာခိုင်နှုန်းအားဖြင့် တော်တော်များများရတယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်တော်တို့ Pre-Condition ကိုးချက် အောင်မြင်ပါတယ်လို့ ကြေညာချက်ထုတ်ဖို့ ကြိုးစားနေပါတယ်။ ဒီကနေ့ ပူးတွဲကြေညာချက်ကို စတင်ထုတ်နိုင်ပါလိမ့်မယ်။ တစ်နိုင်ငံလုံးက မိဘပြည်သူ၊ ကျောင်းသားကျောင်းသူတွေ (၁၁)ချက်ကို စတင်ဆွေးနွေးနိုင်ဖို့အတွက် အခြေခံမူဘောင်တွေကို စတင်အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့တယ်လို့ ပြောလို့ရပါတယ်။ မူဘောင်နဲ့ပတ်သက်ပြီး လာမယ့် အင်္ဂါနေ့ နေပြည်တော်ပညာရေးဝန်ကြီးဌာန အဆောက်အအုံမှာ ဆက်လက် ဆွေးနွေးသွားဖို့ရှိပါတယ်။ ဒါကလည်း တွေ့ဆုံညှိနှိုင်းမှုလမ်းစဉ်နဲ့ အကောင်းဆုံးကိုအဖြေရှာပြီး ဆက်လက် ဆွေးနွေးသွားမှာပါ။

**ဦးသိန်းဇော် (လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌ)**

အဆင်ပြေအောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးသွားတာကို မြင်ရပါတယ်။ Legal ဖြစ်နိုင်ဖို့အတွက် အားလုံးကိုညှိနှိုင်းပြီးဆောင်ရွက် ပေးသွားတာကြောင့် ဆွေးနွေးပွဲကို ကျေနပ်အားရပါတယ်။

# မိုးပွင့်အထူးစီမံချက် ရှင်းလင်းဟောပြော

**ဟိုပုံး ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာတွင် မိုးပွင့်အထူးစီမံချက် ရှင်းလင်းဟောပြောပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ စတုတ္ထပတ်က မိုင်းပျဉ်းဘုန်းကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ကြီးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်သွင်က နိုင်ငံသား စိစစ်ရေးကတ်ပြား လျှောက်ထားရန် ကျန်ရှိနေသော နိုင်ငံသားများကို မိုးပွင့်အထူးစီမံချက်ဖြင့်ဆောင်ရွက်ပေးမည့် အစီအမံများကို အသေးစိတ်ရှင်းလင်းသည်။

**နန်းဦးခမ်း(ဟိုပုံး)**

ဥပဒေရေးရာ

*ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# လိုနေသော ကွက်လပ်လေးများ(၃)

သက်နိုင်ညွန့်

"နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို အကောင်အထည်ဖော်ဆောင်ရွက်ကြသည့်နေရာ၌ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ဖြစ်ထွန်းစေမည့် ဥပဒေသစ်များကို ပြဋ္ဌာန်းခြင်း၊ ခေတ်နှင့်မလျော်ညီသော ဥပဒေများကို ပြင်ဆင်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခု လေးနှစ်တာကာလတွင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဥပဒေအသစ် ၆၄ ခု၊ ပြင်ဆင်သည့်ဥပဒေ ၅၅ ခုနှင့် ပြန်လည်ရုပ်သိမ်းသည့်ဥပဒေ ၁၄ ခုတို့ကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

"ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဝါယမစိုက်ထုတ် ကြိုးစားမှုများကြောင့် ပထမအကြိမ် လွှတ်တော်သက်တမ်း လေးနှစ်တာကာလအတွင်း နိုင်ငံတော်၏ ကဏ္ဍအလိုက် လိုအပ်လျက်ရှိနေသည့် ဥပဒေများကို ဦးစားပေးအလိုက် အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သည့်အတွက် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၌ များစွာအထောက်အပံ့ပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ သို့သော် လုပ်ဆောင်ချက်များစွာ ကျန်ရှိနေသေးသည်ကိုလည်း လက်ခံရမည်ဖြစ်ပါကြောင်း" ဖြင့် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဇန်နဝါရီလ ၃၁ ရက်နေ့က ကျင်းပသည့် ပထမအကြိမ် လွှတ်တော်များ၏ စတုတ္ထမြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် နေ့လယ်စာစားပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်ကို သတိပြုမိပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပုဒ်မ(၉၅)မှ (၁၀၇)အထိ ပြဋ္ဌာန်းထားမှုတွင် **"ပြည်ထောင်စု လွှတ်တော်သည် ဥပဒေပြုခြင်း၊ ဥပဒေတင်သွင်းခြင်းနှင့် ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းများ ဆောင်ရွက်ခွင့်ရှိကြောင်း"** ဖော်ပြပါရှိမှုနှင့်အညီ ပြည်ထောင်စုလွှတ်တော်သည် သက်တမ်းလေးနှစ်ကာလအတွင်း ဥပဒေပေါင်း ၁၃၃ ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်၊ ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းချက်အား ဖတ်ရှုရသဖြင့် ဥပဒေပေါင်း ၁၃၄ ခုကို အတည်ပြုပြဋ္ဌာန်း နိုင်ခဲ့ကြောင်း သိရပါသည်။

ကျွန်တော်လက်လှမ်းမီသမျှ လေ့လာခဲ့ရာ ပြည်ထောင်စုလွှတ်တော်က ၂၀၁၁ ခုနှစ် ဧပြီလ မှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်အထိ ဥပဒေကြမ်း (၁၇၆)ခု တင်သွင်းခဲ့မှုအနက် (၁၃၄)ခုကို ပြဋ္ဌာန်းပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ဥပဒေကြမ်း (၄၂)ခုမှာ လွှတ်တော်အသီးသီးတွင် ဆောင်ရွက်ဆဲဖြစ်ကြောင်း စာမျက်နှာ ၁၁ ပါ ဇယားအတိုင်း သိရပါသည်။

အဆိုပါ ပြုစုဆဲဥပဒေကြမ်းများတွင် ပြည်သူအကျိုးဖော်ဆောင်နိုင်ရန် စွမ်းဆောင်ပေးနိုင်သည့် ဥပဒေသစ်များနှင့် ပြည်သူတို့ လက်ငင်းအကျိုးကျေးဇူးရရှိခံစားနိုင်မည့် ဥပဒေသစ်များပါဝင်လျက်ရှိရာ ၎င်းဥပဒေများကို အမြန်ပြဋ္ဌာန်းပေးနိုင်ရန် ကျန်ရှိနေသေးကြောင်း လက်လှမ်းမီသမျှ ဖော်ပြလိုပါသည်။

> **ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်များသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဥပဒေသစ်များကို အမြန်ပြဋ္ဌာန်းပေးခြင်းဖြင့် အများပြည်သူအတွက် လိုအပ်နေသော ကွက်လပ်လေးများကို ဖြည့်ဆည်းပေးရာရောက်သကဲ့သို့ လွှတ်တော်၏ ဂုဏ်ကို မြှင့်တင်နိုင်ပြီး ဒီမိုကရေစီတစ်ခေတ်ဆန်းစေမည်**

အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းကို ၂၀၁၄ ခုနှစ် မတ်လ ၂၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြထားရှိရာတွင် ဤဥပဒေကြမ်းကို အငြင်းပွားမှုပြဿနာများအား အနုညာတနည်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းကို အားပေးရန်လည်းကောင်း၊ အငြင်းပွားမှုပြဿနာများကို မျှတစွာနှင့် ထိရောက်စွာ ဖြေရှင်းနိုင်ရန်လည်းကောင်း၊ နိုင်ငံတကာကူးသန်းရောင်းဝယ်ရာမှ ပေါ်ပေါက်လာသော အငြင်းပွားမှုပြဿနာများကို အနုညာတနည်းဖြင့် ဖြေရှင်း နိုင်ရန်လည်းကောင်း၊ နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်များကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက် ရန်လည်းကောင်းဟု တွေ့ရှိရပါသည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်း၏ အဓိပ္ပာယ်မှာ အမြဲတမ်းခုံသမာဓိအဖွဲ့ဖြင့် စစ်ဆေးစီရင်သည်ဖြစ်စေ၊ စစ်ဆေးစီရင်ခြင်း မပြုသည်ဖြစ်စေ အနုညာတစီရင်ခြင်းဖြစ်ကြောင်း၊ အနုညာတသဘောတူညီချက်ဆိုသည်မှာ ပဋိညာဉ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ သတ်မှတ်ထားသည့် တရားဝင်ဆက်ဆံမှုနှင့်စပ်လျဉ်း၍ အငြင်းပွားသူများအကြား ပေါ်ပေါက်လာသော (သို့မဟုတ်) ပေါ်ပေါက်လာမည့် အငြင်းပွားမှုများအားလုံး (သို့မဟုတ်) အချို့ကို အနုညာတစီရင်ဆုံးဖြတ်မှုခံယူရန် အငြင်းပွားသူများ၏ သဘောတူညီချက်ကို ဆိုလိုခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

အဆိုပါ ဥပဒေကြမ်းကို အတည်ပြုနိုင်ပါက နိုင်ငံတော်၏ အကျိုးစီးပွား၊ အခြားနိုင်ငံများ၏ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်မှု၊ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များ၊ အငြင်းပွားမှု၊ ဖြေရှင်းမှုများအတွက် တိကျသော လမ်းညွှန်ချက်များ၊ ပြဋ္ဌာန်းချက်များ စသည့်အလားအလာကောင်းများ ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် မတရားအသင်းများ အက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ ၁၄)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၀၁၃ ခုနှစ် မတ်လ ၁၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြရာတွင် တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်စေ မိမိ၏ နေ့စဉ်ပုံမှန် စားသောက်သွားလာလုပ်ကိုင်ဆောင်ရွက်မှုအတွက်သော်လည်းကောင်း၊ မိမိ၏ အသက်ဘေးအန္တရာယ်ကို ကြောက်ရွံ့ရသည့်အတွက်သော်လည်းကောင်း၊ မတရားအသင်းများနှင့် ဆက်နွယ်ပတ်သက်ဆောင်ရွက်ရခြင်းသည် ဤဥပဒေအရ ပြဋ္ဌာန်းသည့် ပြစ်မှုများအတွက် အကျုံးမဝင်ဟု မှတ်ယူရမည့်အပြင် တရားစွဲဆိုခြင်း မခံထိုက်စေရဟု ဖြည့်စွက်မှုကို တွေ့ရှိရသည်။

ထိုဥပဒေကို အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းအကောင် အထည်ဖော်ဆောင်ရွက်နေချိန်တွင် ဆီလျော်ညီညွတ်စွာ အချိန်ကိုက်ပြဋ္ဌာန်းနိုင်ခြင်းဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအတွက် အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

အလားတူ ယှဉ်ပြိုင်မှုဥပဒေကြမ်းကို ၂၀၁၄ ခုနှစ် မေလ ၁၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားရှိရာ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု(သို့မဟုတ်)ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊ ပြည်တွင်းပြည်ပကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် မျှတမှုမရှိသော ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်စေရန်၊ ဈေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းအားအလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်၊ စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်းတို့အား၊ ဥပဒေနှင့်အညီ ခွင့်ပြုနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများအကြား ကန့်သတ်ထားရှိသော သဘောတူညီချက်နှင့် အစီအမံများအား ဖယ်ရှားထိန်းချုပ်နိုင်ရန် ရည်ရွယ်ချက်များကို တွေ့ရှိရပါသည်။

ထိုဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ဆောင်ရွက်နိုင်ပြီး ဈေးကွက်အတွင်း လက်ဝါးကြီးအုပ်ဆောင်ရွက်မှု (သို့မဟုတ်) ဈေးကစားမှုကြောင့် အများပြည်သူတို့၏ အကျိုးစီးပွား ထိခိုက်နစ်နာခြင်းမှ တားဆီးကာကွယ်နိုင်မည်ဖြစ်ပြီးမျှတသော ယှဉ်ပြိုင်မှုဝန်းကျင်တစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်လာမည် ဖြစ်၍ အမြန်ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါသည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို နေ့စဉ်ထုတ်သတင်းစာ များတွင် ၂၀၁၂ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့က ဖော်ပြထားရှိရာ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ်နှင့်စည်းကမ်းများ သတ်မှတ်ထားသည့်အပြင် တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းတွင် နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ အကျင့်သိက္ခာပျက်ပြားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်၏ အရည်အချင်းပျက်ယွင်းခြင်း၊ ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်နိုင်ခြင်းတို့ပါရှိသည်။

ထို့ပြင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရန်နှင့် ပြန်လည်ရုပ်သိမ်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ဥပဒေနှင့်အညီ အစားထိုးရွေးချယ်တင်မြှောက်ရန် စသည်ဖြင့် လေ့လာတွေ့ရှိရပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၉၆)တွင် **"လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်"** များကို အသေးစိတ် ဖော်ပြထားရှိသည့်အပြင် ပုဒ်မ(၃၉၇)တွင်လည်း **"ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လိုအပ်သော ဥပမာများကိုပြဋ္ဌာန်းရမည်"** ဟု ဖော်ပြထားရှိသည်။

ထိုဥပဒေကို ပြဋ္ဌာန်းပေးနိုင်ခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ခံမှု အဆင့်အတန်းကို မြှင့်တင်ပေး သကဲ့သို့ ဖြစ်သည့်အပြင် မဲဆန္ဒရှင်ပြည်သူများအတွက်လည်း ၎င်းတို့ ရွေးချယ်ထားသော ကိုယ်စားလှယ်များအပေါ် ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ပေးအပ်ခြင်းဖြစ်၍ နိုင်ငံသားတို့၏ ဒီမိုကရေစီအခွင့်အရေးကို အပြည့်အဝပေးအပ်ခြင်းလည်း မည်ပါသည်။

ထိုဥပဒေကြမ်းကို (၂)နှစ်ကျော်ကြာသည်အထိ အတည်ပြုနိုင်ခြင်း မရှိသေးသော်လည်း ကျန်ရှိနေသေးသည့် လွှတ်တော်သက်တမ်းအတွင်း အမြန် ပြဋ္ဌာန်းပေးနိုင်ခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်ရည်မှာ ပိုမို မြင့်မားလာမည်ဖြစ်ပါသည်။

ထို့ပြင် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၂၀၁၂ ခုနှစ် ဇူလိုင်လ ၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြထားရှိရာတွင် အခြေအနေအချိန်အခါနှင့် ကိုက်ညီသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပြဋ္ဌာန်းခြင်း၊ မလျော်ညီသည့်အချက်များကို ပယ်ဖျက်ခြင်း၊ လိုအပ်ချက်များကို ဖြည့်စွက်ခြင်းနှင့် အစားထိုးခြင်းများ ပြုလုပ်ထားသည်ကိုတွေ့ရှိရသည်။ ထိုဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်းဖြင့် တရားဥပဒေဆိုင်ရာ ဆောင်ရွက်ချက်များတွင် များစွာထိရောက်မှုရှိမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနက တင်ပြထားသည့် သံအမတ်ကြီးများဆိုင်ရာ ဥပဒေကို နေ့စဉ်ထုတ်သတင်းစာများတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့က ဖော်ပြထားရာတွင် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများအား နိုင်ငံတော်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် မူဝါဒများ အောင်မြင်စေရန်၊ နိုင်ငံရေး၊ စစ်ရေး၊ လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာ အစီရင်ခံစာများ တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို အပြည်ပြည်ဆိုင်ရာဥပဒေ၊ မိမိနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်နိုင်ရန် သက်ဆိုင်ရာနိုင်ငံများသို့ စေလွှတ်တာဝန်ပေးအပ်ထားကြောင်း သိရပါသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများကြောင့် နိုင်ငံတကာနှင့် ဆက်ဆံရေးတိုးမြှင့်လာချိန်တွင် သံအမတ်ကြီးများဆိုင်ရာ ဥပဒေကို အချိန်ကိုက်ဖော်ပြနိုင်ပါက သံအမတ်ကြီးများ၏ ဂုဏ်ဒြပ်မြင့်မားမှုနှင့်အတူ နိုင်ငံ့ဂုဏ်ရည်လည်း မြင့်မားလာမည်ဖြစ်ပါသည်။

အလားတူ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြထားရှိရာ မြို့ပြဒေသနှင့် ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို အထောက်အကူပြုရန်၊ မြို့ပြဒေသများတွင် တိုးပွားလာသော လူဦးရေနှင့်အညီ လူနေအိမ်များ လုံလောက်မှုရှိစေရေးအတွက် စုပေါင်းပိုင်အဆောက်အအုံများ ပေါ်ထွန်းလာစေရန်၊ မြို့ပြဒေသဖွံ့ဖြိုးရေးနှင့် သာယာလှပရေးအတွက် အထောက်အကူဖြစ်စေရန်အလို့ငှာ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်၊ စုပေါင်းပိုင် အဆောက်အအုံ၏ အိမ်ခန်းများကို တရားဝင်ပိုင်ဆိုင်ခွင့်နှင့် လွှဲပြောင်းခွင့်ရရှိစေရန်၊ အိမ်ရာကဏ္ဍဖွံ့ဖြိုးရေး စီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်အကောင်အထည်ဖော်နိုင်ရန်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထိုဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်းဖြင့် တိုးပွားလာသည့် လူဦးရေနှင့်အညီ လူနေအိမ်ခန်းများ၊ ပေါ်ထွန်းလာပြီး မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုဝင်ရောက်လာပြီး အများပြည်သူတို့၏ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်၍ အမြန်ပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့ပြင် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း စသည့် ပြည်သူများလက်ငင်းအကျိုးကျေးဇူး ရရှိခံစားနိုင်မည့်ဥပဒေများကိုလည်း အခြေအနေနှင့် အချိန်အခါအလျောက် ပြဋ္ဌာန်းပေးနိုင်ရန် မျှော်လင့်လျက်ရှိကြပါသည်။

ယခုအခါ လွှတ်တော်အစည်းအဝေးများ ပြန်လည်ကျင်းပလျက်ရှိပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ဥပဒေပြုရေးကဏ္ဍကို ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီး ပြဋ္ဌာန်းရန် ကျန်ရှိနေသည့် ဥပဒေကြမ်းများကိုလည်း ဆွေးနွေးရန်ရှိကြောင်း သိရပါသည်။

ပထမအကြိမ် လွှတ်တော်သက်တမ်း၏ နောက်ဆုံးနှစ်တွင် လွှတ်တော်များအလိုက် ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ပြီး အကောင်းဆုံးအဆုံးသတ်နိုင်ရန်အတွက် လွှတ်တော်များ၏ အဓိကတာဝန်ဖြစ်သည့် **"ဥပဒေပြုရေးကဏ္ဍ"** ကို အရှိန်အဟုန်မြှင့်တင်ပြီး ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။

သို့ပါ၍ ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်များသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေသစ်များကို အမြန်ပြဋ္ဌာန်းပေးခြင်းဖြင့် အများပြည်သူအတွက် **လိုအပ်နေသောကွက်လပ်လေးများ** ကို ဖြည့်ဆည်းပေးရာရောက်သကဲ့သို့ လွှတ်တော်၏ဂုဏ်ကို မြှင့်တင်နိုင်ပြီး **ဒီမိုကရေစီ တစ်ခေတ်ဆန်း** စေမည်ဖြစ်ကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

*စာမျက်နှာ ၁၁ သို့*

ပြည်တွင်းသတင်း

# မင်္ဂလာတောင်ညွန့်တွင် ဟိုတယ်လုပ်ငန်း၊ ရုံးခန်းနှင့် လူနေအိမ်ခန်းများပါဝင်သော စီမံကိန်းအကောင်အထည်ဖော်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

Asia Myanmar Shining Star Investment Co., Ltd. နှင့် အမေရိကန်နိုင်ငံ အခြေစိုက် Wyndham Hotels Group တို့ အကျိုးတူပူးပေါင်း၍ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဟိုတယ်လုပ်ငန်း၊ ရုံးခန်းနှင့် လူနေအိမ်ခန်းများ ပါဝင်သော စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်က ခရီးသွားဧည့်သည်များ တစ်နှစ်ထက် တစ်နှစ် ပိုမိုဝင်ရောက်လာသည်နှင့် အညီ ၂၀၁၅ ခုနှစ်တွင်လည်း ကမ္ဘာလှည့်ခရီးသည် ၄ ဒသမ ၅ သန်းကျော်ခန့် ဝင်ရောက်နိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်းခရီးသွားရေးရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ ပင်မစီမံကိန်းကိုရေးဆွဲခဲ့ပြီး ယင်းစီမံကိန်းပါ မဟာဗျူဟာ (၆)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး စီမံကိန်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက တည်ဆောက်မည့် စီမံကိန်းပုံစံငယ်များနှင့်အတူ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အင်းလျားကန်ဟိုတယ်၌ ပြုလုပ်သည့် လက်ရှိမြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေအား ပြန်လည်ပြုပြင်ရေးဆွဲပြဋ္ဌာန်းနိုင်ရေးနှင့်ပတ်သက်၍ Hanns Seidel Foundation မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့သို့ ရောက်ရှိလာသော အာဆီယံ-အမေရိကန် စီးပွားရေးကောင်စီမှ လက်ထောက်ညွှန်ကြားရေးမှူး Mr. Anthony Nelson အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမ၌တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံဒေသအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များကို အမေရိကန်နိုင်ငံမှ ပံ့ပိုးကူညီပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ အာဆီယံဒေသအတွင်း ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများဟူ၍ ကွဲပြားခြားနားလျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှုနည်းသော နိုင်ငံများကို အားပေးကူညီခြင်းဖြင့် တစ်ချိန်တွင် ဖွံ့ဖြိုးတိုးတက်မှု တစ်ပြေးညီဖြစ်လာနိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ အကူအညီဖြင့် ခရီးသွားလုပ်ငန်းအပိုင်းတွင် အကူအညီရရှိပါက အချိန်တိုအတွင်း ထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**



အာဆင်နယ် တိုက်စစ်မှူး ဂီရောက်ဒ် ဗီလာဘက်သို့ အဖွင့်ဂိုး သွင်းယူစဉ်။

# အာဆင်နယ်အိမ်ကွင်း၌ ဗီလာကို ဂိုးပြတ်နိုင်

**လန်ဒန် ဖေဖော်ဝါရီ ၁**

ပရီမီယာလိဂ် ပွဲစဉ်(၂၃) တနင်္ဂနွေနေ့ပွဲစဉ်အဖြစ် အာဆင်နယ်နှင့် အက်စ်တွန်ဗီလာတို့ ယှဉ်ပြိုင်ကစားရာ အာဆင်နယ်က အိမ်ကွင်း၌ ဗီလာကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အာဆင်နယ်အတွက်အဖွင့်ဂိုးကို ရှစ်မိနစ်တွင် တိုက်စစ်မှူး ဂီရောက်ဒ်က သွင်းယူပေးခဲ့သည်။ ပထမပိုင်းအပြီး အာဆင်နယ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် အသာရခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အာဆင်နယ်တို့က ဖိကစားခဲ့ပြီး ၅၆ မိနစ်တွင် ကွင်းလယ်ကစားသမား အိုဇေးလ်နှင့် ၆၄ မိနစ်တွင် ဝဲလ်ကော့တို့က သွင်းယူပေးသည်။ အာဆင်နယ်အတွက် စတုတ္ထဂိုးကို ၇၅ မိနစ်တွင် ကာဇိုလာက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးသည်။ မိနစ် ၉၀ တွင် ဘယ်လီရင်က ပွဲသိမ်း ပဉ္စမဂိုး သွင်းယူပေးခဲ့၍ အာဆင်နယ်တို့ ဗီလာကို ငါးဂိုးပြတ်ဖြင့် အနိုင်ရယူခဲ့သည်။

သီဟ - ရေးသည်



# သြစတြေးလျအိုးပင်း ဂျိုကိုဗစ် ဗိုလ်စွဲ

**မဲလ်ဘုန်း ဖေဖော်ဝါရီ ၁**

သြစတြေးလျအိုးပင်း ၂၀၁၅ အမျိုးသား ဗိုလ်လုပွဲစဉ်အဖြစ် ဂျိုကိုဗစ်နှင့် အင်ဒီမာရေးတို့ ဖေဖော်ဝါရီ ၁ ရက် ညနေပိုင်းက မဲလ်ဘုန်းမြို့၌ ယှဉ်ပြိုင်ကစားရာ ဂျိုကိုဗစ်က အနိုင်ရဗိုလ်စွဲခဲ့သည်။

အမျိုးသား တင်းနစ်လောက၌ အစဉ်အလာပြိုင်ဘက်ဖြစ်သည့် ဂျိုကိုဗစ်နှင့် အင်ဒီမာရေးတို့ပွဲတွင် ဗိုလ်လုပွဲဖြစ်သည်နှင့်အညီ အကြိတ်အနယ်ရှိခဲ့ပြီး ဂျိုကိုဗစ်က ၇-၆(၇-၅)၊ ၆-၇(၄-၇)၊ ၆-၃၊ ၆-၀ ဖြင့် အနိုင်ရခဲ့သည်။

# မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ မူလတန်းကြိုကျောင်းများ၌ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့် မွေးနေ့ဖြစ်သည်နှင့် အညီ “မြန်မာနိုင်ငံ၏ကလေးများနေ့” ဟုလည်း သတ်မှတ်ထားခဲ့သည်။ အဆိုပါနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူလတန်းကြိုကျောင်းများ၏ “မြန်မာနိုင်ငံကလေးများနေ့” အကြိုလှုပ်ရှားမှုများအဖြစ် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ယနေ့ နံနက် ၉ နာရီတွင် လှိုင်မြို့နယ် (၅) ရပ်ကွက်ရှိ မူလတန်းကြိုကျောင်း အမှတ်(၂) လှိုင်တွင် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများအား စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။

အလားတူ တာမွေမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန တာမွေမူလတန်းကြိုကျောင်းတွင် အကပြိုင်ပွဲများ၊ ကစားနည်းပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ရန် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။ **(မြန်မာ့အလင်း)**


## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဗိုလ်မှူးချုပ်စိုးရှိန်(ငြိမ်း)-ဒေါ်အေးအေးစန်း(မြင့်မိုရ်နန်းဟိုတယ်)တို့၏တစ်ဦးတည်းသောသား
**ဒေါက်တာရဲထက်အောင် M.B.,B.S(Ygn)**
**ဆုပြည့် (၂၄)နာရီအထွေထွေရောဂါအထူးကုဆေးခန်း၊ သွားနှင့်ခံတွင်းအထူးကုဆေးခန်း**
နှင့်
ရန်ကုန်မြို့နေ
ဦးထွန်းထွန်းဝင်း-ဒေါ်ချိုချိုတို့၏တစ်ဦးတည်းသောသမီး
**ဒေါက်တာဇင်သူသူထွန်း**
**(အလုပ်သင်ဆရာဝန်၊ ရန်ကုန်ကလေးဆေးရုံကြီး)**

တို့၏ ၂၉-၁-၂၀၁၅ရက်တွင် မြောက်ဥက္ကလာပမြို့နယ်တရားရုံး၌ မင်္ဂလာလက်ထပ်စာချုပ်လက်မှတ်ရေးထိုးပေးပါသော မြောက်ဥက္ကလာပမြို့နယ်တရားသူကြီး ဦးမိုးဝေ၊ မဇ္ဈိမပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာတွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်သောမိဘများနှင့် မောင်နှမဆွေမျိုးသားချင်းများအားလည်းကောင်း၊ ၃၁-၁-၂၀၁၅ရက်တွင် SKY STAR HOTEL ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှအကြီးအကဲများ၊ မိတ်ဆွေအပေါင်းအသင်းများအား လည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော နှစ်ဖက်သောမိဘဆွေမျိုးအပေါင်းအသင်းများ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ လုပ်ဖော်ကိုင်ဖက်အပေါင်းအသင်းများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်ထပ်လက်စွပ်နှင့် မင်္ဂလာဆွဲကြိုးများ ဆင်မြန်းပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ကိုခိုင်မြဲသာ၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော အဆိုတော်ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသီချင်းများအား သီဆိုဖျော်ဖြေဧည့်ခံပေးပါသောThe Aces တေးဂီတအဖွဲ့နှင့်တေးသံရှင်များ၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မောင်စစ်ဖွဲ့ဇင်နှင့် မအိမ့်သန္တာဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး၊ မင်္ဂလာလက်စွပ်၊ မင်္ဂလာဆွဲကြိုးကလပ်များ ကိုင်ဆောင်ပေးပါသော မရှင်းထင်ထင်၊ မဂျင်နီအေးမောင်၊ မမေမြတ်နိုးခင်၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော ဒေါက်တာဝေဖြိုးမင်းနှင့် မောင်ခန့်ကျော်ထက်၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော ဒေါက်တာဆွေကြည်အေးဝင့်သူနှင့် မဇင်မြင့်မိုရ်၊ မင်္ဂလာဝတ်စုံချုပ်လုပ်ဆင်မြန်းပေးပါသော မဥမ္မာ(လှည်းတန်း)နှင့် ညီအစ်မများ၊ မိတ်ကပ်နှင့်ဆံပင်အလှပြင်ပေးပါသော ခင်စန်းဝင်း(မိတ်ကပ်၊ ဆံပင်)အဖွဲ့နှင့် ဉာဏ်ဉာဏ်(လှည်းတန်း)အဖွဲ့တို့အားလည်းကောင်း၊ ပန်းအလှဆင်မြန်းပေးပါသော ဦးခင်မောင်ဝင်း (Florist)၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ဦးမင်းခန့်ကျော် (Excellent King) နှင့် SKY NET ဝိုင်းတော်သားများ၊ ကားအလှဆင်မြန်းပေးသော သီတဂူကားအလှပြင်ဆိုင်၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားအား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရန်အတွက် စိတ်ရောကိုယ်ပါ အားတက်သရော ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးကြသော SKY STAR HOTEL မှ တာဝန်ရှိသူများ၊ မန်နေဂျာနှင့်ဝန်ထမ်းများလည်းကောင်း၊ ကိုယ်ရောစိတ်ပါ ဝိုင်းဝန်းကူညီပေးခဲ့သော ကျေးဇူးတင်ထိုက်သူအပေါင်းတို့ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာရဲထက်အောင်-ဒေါက်တာဇင်သူသူထွန်း**

ကြော်ငြာ

# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်အား BVCH SAS-UK Branch က ဘွဲ့ကြိုအင်ဂျင်နီယာပညာရေးဆိုင်ရာ အရည်အသွေးစီမံခန့်ခွဲမှုစနစ်နှင့်ဆိုင်သော ISO 9001:2008 (for Provision of Undergraduate Engineering Education and Training Services) အသိအမှတ်ပြုလက်မှတ်ချီးမြှင့်သည့်အတွက် လမ်းညွှန်ကြီးကြပ်ခဲ့သော **အဆင့်မြင့်နည်းပညာတက္ကသိုလ်များ ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒု-ဝန်ကြီး(ငြိမ်း)ဝဏ္ဏကျော်ထင် ဒေါက်တာဦးညီလှငယ်၊ ပါမောက္ခချုပ် ဒေါက်တာအေးမြင့်၊ (ပါမောက္ခချုပ်-ငြိမ်း)ဒေါက်တာမြမြဦးနှင့်တကွ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသော ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်ဝန်ထမ်းများအား** ဝမ်းမြောက်စွာ ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်ကြီးအား နိုင်ငံတကာအဆင့် တက္ကသိုလ်တစ်ခုဖြစ်လာအောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဆက်လက်ကြိုးစားဆောင်ရွက်ပေးနိုင်ကြစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါက်တာဦးဇော်ထွန်း၊ ဒေါက်တာဒေါ်ဌေးဌေးကြည်**

**မိသားစု**

**REQUEST FOR EXPRESSIONS OF INTEREST**

**Ministry of Livestock, Fisheries and Rural Development (MLFRD), Department of Rural Development (DRD)**

**Enhancing Rural Livelihoods and Incomes Project (ERLIP)-JEPR 9174-MYA (ADB)**

**INTERNATIONAL CONSULTANCY POSITIONS**

The Republic of the Union of Myanmar received a USD 12 million grant from Japan Fund for Poverty Reduction (JFPR) to implement ERLIP with DRD as primary Implementing Agency (IA) of MLFRD, the Executing Agency (EA). The Government will apply part of the Grant proceeds to engage international consultants shown below. The consultant shall provide project management support, capacity development and technical assistance to DRD Grant Management Unit (GMU) at Union level and the six project townships. Each intermittent services will be for 3 person-months expected to start in March 2015.

a) Livelihoods Specialist, b) Finance Management Specialist, & c) Procurement Specialist

DRD now invites Expression of Interest (EOI) from qualified & experienced international consultants. In submitting EOIs, consultants must indicate the position they wish to apply for and enclose their updated curriculum vitae (CV) along with the name/s of at least one reference with contact information. EOIs must be submitted in written form to the address below (in person, by mail, or by e-mail) by February 20,2015.

Additional information and a copy of Terms of Reference (TOR) for each position may be obtained from the DRD webpage: http://www.drdmyanmar.org or the address below during from 09:00 to 16:00, Monday through Friday, except public holidays.

**Attn: U Khant Zaw**
**(Deputy Chief Engineer)**
**Department of Rural Development**
**MLFRD, Office No. 14,**
**Nay Pyi Taw, Myanmar**

**Tel & Fax: 067-409447**
**Email address:**
**JFPR.ADB@gmail.com**

**REQUEST FOR EXPRESSIONS OF INTEREST**

**Ministry of Livestock, Fisheries and Rural Development (MLFRD), Department of Rural Development(DRD)**

**Enhancing Rural Livelihoods and Incomes Project(ERLIP)-JFPR 9174-MYA(ADB)**

**Assignment Title:Main Implementation Consultants (MIC)**

The Republic of the Union of Myanmar received a USD 12 million grant from Japan Fund for poverty Reduction (JFPR) to implement ERLIP with DRD as primary Implementing Agency (IA) of MLFRD, the Executing Agency (EA). The Government will apply part of the Grant proceeds to engage a consulting firm for the services of the Main Implementation Consultants(MIC). The goal is to provide project management support, capacity development and technical assistance to the DRD Grant Management Unit (GMU) at Union level and the six project townships. The engagement will be for 2.5 years expected to start in July or August 2015. Experts to be provided are:

**International:** Project Mgt Expert/Team Leader (12 person-months), Rural Dev Expert/Engineer, and Community Dev Expert(3pm each), and Social Safeguards Expert and Environmental Safeguards Specialist (2pm each;) and

**National:** National Project Coordinator (20pm), Rural Dev & Agriculture Specialist, Procurement Officer & Finance Officer (24pm each) & Social Sefeguards/Gender Specialist, Environment Specialist, Monitoring & Evaluation/ IT Officer and Communications Officer (16pm each).

DRD invites consulting firms & NGOs (int'l & local) to indicate interest for the consultancy Services. Interested parties must give information on their qualifications and relevant experiences to perform the Services. They may associate with other NGOs or firms for a joint venture or sub-consultancy arrangements. Expressions of Interest must be submitted in written form to the address shown below (in person, by mail, or by e-mail) by March 2, 2015.

**The MIC consultant** will be selected via the QCBS method of engagement set out in the Consultant Guidelines of the Asian Development Bank(ADB). Additional information and copy of the detailed Terms of Reference (TOR) may be obtained from the DRD webpage:http://www.drdmyanmar.org or the address below during office hours from 09:00 to 16:00, Monday through Friday, except public holidays.

**Attn:U Khant Zaw**
**(Deputy Chief Engineer)**
**Department of Rural Development, MLFRD**
**Office No.14, Nay Pyi Taw, Myanmar**

**Tel & Fax:067-409447**
**Email address:**
**JFPR.ADB@gmail.com**

**REQUEST FOR EXPRESSIONS OF INTEREST**

**Ministry of Livestock,Fisheries and Rural Development(MLFRD),Department of Rural Development(DRD)**

**Enhancing Rural Livelihoods and Incomes Project(ERLIP)-JFPR 9174-MYA(ADB)**

**Title: SUPPORT SERVICES PROVIDER(SSP)-NGAPUTAW & BOAT PYIN TOWNSHIPS**

The Republic of the Union of Myanmar received a grant in the amount of USD 12 million from the Japan Fund for Poverty Reduction (JFPR)to implement ERLIP with DRD as primary Implementing Agency of the MLFRD,the Executing Agency. The Government will use part of Grant proceeds to engage two(2)independent firms or entities(such as NGO)to field a team of experts for ERLIP's Support Services Provider (SSP) for Ngaputaw Township and for Boat Pyin Township covering a period of one year expected to start in May or June 2015. The goals of the assignment are to: (a) improve household livelihoods/incomes by implementing self-selected village subprojects using 1st annual (2015) round of small VT block grants; (b)develop capacities (to prepare & implement development plans) of the relevant Township's DRD Grant Implementation Unit (GIU), the priority VT development support committees (DSCs) & the village DSCs; and (c) develop effective/ efficient participatory process to improve livelihoods/incomes.

**DRD invites** firms & entities (international & local) to submit Expressions of Interest (EOI) for the consultancy Services for each Township. Interested parties must give information on their qualifications & relevant experiences to perform the Services. Parties may associate with other firms or NGOs to form a joint venture or sub-consultancy arrangement.The consultant will be selected via CQS method set out in the Consultant Guidelines of ADB.

**EOIs must** be submitted in written form (indicating the name of Township) to the address shown below (in person, or by mail, or by e-mail) by March 2, ,2015.Additional information and copy of the detailed Terms of Reference (TOR)may be obtained from the DRD webpage: http://www.drdmyanmar.org or the address below during office hours from 09:00 to 16:00, Monday through Friday, except public holidays.

**Attn: U Khant Zaw**
**(Deputy Chief Engineer)**
**Department of Rural Development, MLFRD**
**Office No. 14, Nay Pyi Taw, Myanmar**

**Tel & Fax: 067-409447**
**Email:**
**JFPR.ADB@gmail.com**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈၈/၂၁၀၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

**ပျောက်ဆုံးကြောင်း**

ကျွန်တော် လှူတယ်ကွေး(ခ)အောင်ပိုင် ၁၃/လကန(နိုင်)၀၀၁၃၃၃၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် ယာဉ်မောင်းလိုင်စင်တို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၁၀၅၂၀၅၉၊ ၀၉-၇၄၆၁၂၅၆၁၃

ပြည်တွင်းသတင်း

# သိမှတ်ဖွယ်ရာအင်္ဂလိပ်စာအဖြာဖြာ

{အပိုင်း - ၁၈}

■ ပါမောက္ခခင်မောင်ဝင်း (အသည်း) ■

**Comma (ကော်မာ) သုံးနှုန်းမှုမှာ ဆင်ခြင်စရာ**

အင်္ဂလိပ်စာမှာ ပုဒ်ဖြတ်ပုဒ်ရပ် သင်္ကေတ (punctuation marks)တွေ အမျိုးမျိုးရှိတဲ့အထဲက ကော်မာလို့ ခေါ်တဲ့ (,) အမှတ်အသား သင်္ကေတနဲ့ပတ်သက်ပြီး မှန်မှန်ကန်ကန်သုံးစွဲနိုင်ဖို့အတွက် မှားယွင်းတတ်တာလေးတွေကို ရေးပြမှာ ဖြစ်ပါတယ်။

အင်္ဂလိပ်စာမှာရှိတဲ့ ပုဒ်ဖြတ်သင်္ကေတတွေထဲမှာ ကော်မာဟာ စာရေးတဲ့သူတွေအတွက် တခြားသင်္ကေတတွေထက် တော်တော်လေး လွတ်လပ်စွာ သုံးစွဲခွင့်ပေးထားပါတယ်။ စာရေးသူ စိတ်ကြိုက်သုံးနိုင်တယ်ဆိုပေမယ့် လိုက်နာရမယ့် စည်းကမ်းချက်လေးတွေတော့ရှိတာပေါ့။

- တချို့နေရာတွေမှာ ကော်မာကိုမဖြစ်မနေ သုံးရမှာရှိတယ်။
- တချို့နေရာတွေမှာ စာရေးသူ အကြိုက်သုံးလို့ရသလို မသုံးဘဲလည်း ရတာ ရှိပါတယ်။
- တချို့နေရာတွေမှာတော့ လုံးဝ သုံးခွင့်မရှိတာမျိုးလည်းရှိပါတယ်။

ကောင်းတာကတော့ ကော်မာကို မသုံးဘဲ ရတဲ့နေရာတွေမှာ မသုံးတာ အကောင်းဆုံးပါပဲ။ ဘာလို့ ဒီလိုပြောရသလဲဆိုတော့ ကော်မာကို အသုံးပြုတာမှာ သုံးတာများလို့ မှားတာပိုများတယ်ဆိုတာ တွေ့ရလို့ပဲ။

ပုဒ်ဖြတ်ပုဒ်ရပ် (punctuation) တွေကို သုံးရတဲ့ရည်ရွယ်ချက်က နှစ်ခု ရှိပါတယ်။ ဘာတွေလဲ ဆိုတော့

(က) ကိုယ်ရေးတဲ့စာကို အဓိပ္ပာယ် ရှင်းလင်းစေဖို့

(ခ) စာကို ဖတ်တဲ့အခါ နားသင့်တဲ့နေရာ၊ အသံအနိမ့်အမြင့် ပြောင်းလဲလုပ်ရမယ့်နေရာ စတာလေးတွေ မှတ်သားဖို့ ဖြစ်ပါတယ်။

ဒီလို ပုဒ်ဖြတ်ပုဒ်ရပ် သင်္ကေတတွေရဲ့ အသုံးအနှုန်းတွေထဲက အများဆုံး အသုံးပြုကြပြီး မှားယွင်းစွာသုံးမိတတ်တဲ့ ကော်မာအကြောင်းကို ပြောပြချင်ပါတယ်။

ကော်မာ အသုံးပြုပုံလေးတွေကို အပိုင်းလိုက် ခွဲခြမ်းခြားနားပြီး အကြမ်းဖျင်း ရှင်းပြပါမယ်။

**၁။ စာရေးတဲ့အခါမှာ and အစားအသုံးပြုခြင်း**

Oranges, lemons, bananas and pineapples.

Maung Ba is tall, fair and rather stout.

He entered the room, locked the door and seated himself at the desk.

ဒီဝါကျတွေမှာ ကော်မာတွေအစား and ထည့်ပြီး သုံးကြည့်ရင် ဘယ်လိုမှ အဆင်မပြေတာ တွေ့ရမှာပါ။

ဒါပေမယ့် နာမ်တစ်ခုရှေ့မှာ နာမဝိသေသနနှစ်ခုပါတိုင်း ကော်မာနဲ့ခြားဖို့ လိုတယ်လို့တော့ ပြောလို့မရပါဘူး။ အောက်မှာဖော်ပြထားတာတွေကို ကြည့်ပါ။

- a great big dog
- a pretty little girl
- a poor old man

big dog, little girl နဲ့ old man တွေဟာ ပေါင်းစပ်နာမ် (compound noun) တွေ ဖြစ်နေလို့ပါ။

နောက်တစ်ခုမှတ်ထားရမှာက ကော်မာဟာ စကားလုံးတွေ၊ စကားစပ်ပုဒ်စုတွေကို ခြားဖို့အတွက်သာ သုံးနိုင်တာဖြစ်ပြီး သီးခြားပြည့်စုံနေတဲ့ ဝါကျတွေကိုတော့ ပိုင်းခြားလို့ မရပါဘူး။ သုံးမယ်ဆိုရင် semicolon(;) ဆယ်မီကိုလန်ကို သုံးလို့ရပါတယ်။

ဥပမာ - Don't jump to conclusions, you may be wrong.

ဒီဝါကျဟာ မှားပါတယ်။ စာကြောင်းတစ်ဆက်တည်း ရေးချင်ရင် ကော်မာအစား ဆယ်မီကိုလန် (;) သုံးရပါမယ်။

Don't jump to conclusions; you may be wrong.

၂။ အဓိပ္ပာယ်ပိုမိုလေးနက်စေဖို့အတွက် ထပ်တလဲလဲ လာတဲ့စကားလုံးတွေကြားမှာ သုံးပါတယ်။

It is far, far away သိပ်ပြီး ဝေးတာကို ပြောချင်တာပါ။

အာမေဋိတ်အနေနဲ့ သုံးမယ်ဆိုရင်တော့ ကော်မာအစား အာမေဋိတ် သင်္ကေတ (exclamation mark !) ကို သုံးလို့ရပါတယ်။ ဒါပေမယ့် ကော်မာနဲ့ နှစ်မျိုးတွဲသုံးလို့တော့ မရပါဘူး။

၃။ ကြားညှပ်ဖြည့်စွက်ချက် (interpolation) နဲ့ စကားညှပ်၊ စကားချပ်လို့ခေါ်တဲ့ (parenthesis) တွေကို ဖော်ညွှန်းတဲ့ နေရာမှာ သုံးပြီးတော့ ဝါကျရဲ့ ကျန်တဲ့ အစိတ်အပိုင်းတွေနဲ့ ခွဲခြားပြသတဲ့နေရာမှာ ကော်မာကို သုံးပါတယ်။ စကားညှပ် (parenthesis) ဟာ စကားလုံးတစ်လုံးတည်း ဖြစ်နိုင်သလို စကားလုံးအုပ်စုလည်း ဖြစ်နိုင်ပါတယ်။

ဥပမာပြရမယ်ဆိုရင် အောက်မှာဖော်ပြထားတဲ့ ဝါကျနှစ်ခုကို ကြည့်ပါ။

This, however, is certain.

The story, such as it is, may be summarized.

His conduct, if examined impartially, is inexcusable.

ဒီနေရာမှာ ကော်မာနှစ်ခုသုံးရမှာ ဖြစ်ပါတယ်။ စကားညှပ်ရဲ့ ထိပ်မှာတစ်ခုနဲ့ နောက်မှာတစ်ခုသုံးရမှာဖြစ်ပြီး နေရာအထားအသိုမှန်ဖို့ သတိပြုရပါတယ်။ Parenthesis နဲ့ Interpolation တွေဟာ ဝါကျကြားထဲမှာ ဖြည့်ထည့်သုံးထားတာဖြစ်လို့ သူတို့ကို ဖြုတ်လိုက်ရင် ဝါကျဟာ သူ့ဟာသူ သီးသန့်ဝါကျတစ်ခုအနေနဲ့ ရပ်တည်နေပါမယ်။ ဥပမာ အပေါ်ကဝါကျတွေကို နမူနာကြည့်ရင် သိနိုင်ပါတယ်။ စကားစုတွေ ဖြုတ်ကြည့်လိုက်ပါ။

This is certain.

The story may be summarized.

His conduct is inexcusable.

ဒါတွေဟာ သီးသန့်မှန်ကန်ပြည့်စုံတဲ့ ဝါကျတွေဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။

ဝါကျအစမှာ သုံးတဲ့ကြိယာဝိသေသနတွေ ဖြစ်တဲ့ still, then, now စတာတွေဟာ စကားညှပ် (parenthesis) လိုပဲ အဓိကဝါကျနဲ့ သီးခြားရပ်တည်ပါတယ်။ အဲဒီလို စကားလုံးတွေကို ကျန်တဲ့စာတွေနဲ့ ခွဲခြားဖို့ ကော်မာနဲ့ခံပြီး သုံးရပါတယ်။ အဲလို သုံးထားတဲ့ ကော်မာကို ဖယ်ဖြုတ်မယ်ဆိုလိုက်ရင် အဓိပ္ပာယ်တွေ ရှုပ်ထွေးသွားပါလိမ့်မယ်။ အောက်ပါ ဝါကျအတွဲတွေမှာ အဓိပ္ပာယ်ခြားနားသွားပုံကို လေ့လာကြည့်ပါ။

- Still, the price is quite reasonable
  "ဒါပေမယ့် ဈေးနှုန်းက မဆိုးပါဘူး"လို့ ဆီလျော်အောင် ပြန်ရမှာပဲ။
  Still the price..........
  ဈေးနှုန်းကို တည်ငြိမ်အောင် လုပ်ခြင်းလို့ အဓိပ္ပာယ်ပေါက်သွားမယ်။
- Come, now. Don't waste time
  လာပါ၊ အချိန်ဖြုန်းမနေပါနဲ့
  Come now. Don't waste time.
  ခုလာ၊ အချိန်မဖြုန်းနဲ့
- Did he do it, then?
  ဒီတော့ သူအဲဒါကို လုပ်ခဲ့သလား
  Did he do it then?
  အဲဒီတုန်းက အဲဒါကိုသူလုပ်ခဲ့သလား

ကော်မာဖြုတ်လိုက်တဲ့အတွက် အပေါ်က ဝါကျတွဲတွေမှာ အဓိပ္ပာယ်တွေ ပြောင်းလွဲကုန်တာ တွေ့နိုင်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကျေးလက်မြေသား ရေကန်တူးဖော်ဆောင်ရွက်

**မင်းဘူး ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မောင်းမကန်ကျေးရွာအုပ်စု မောင်းမကန်ကျေးရွာတွင် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး တင်ဒါပိုလျှံငွေ ၂၀ ဒသမ ၀၀ သန်းဖြင့် မြန်မာ့ရှုခင်းသမဝါယမကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် မြေသားရေကန်တူးဖော်ခြင်း ပေ(၅၀၀×၃၀၀) နှင့် ရေပိုလွှဲတည်ဆောက်ခြင်း ပေ(၁၃၀×၁၂×၅) လုပ်ငန်းအား ဆောင်ရွက်ခဲ့သည်။



အဆိုပါ မြေသားရေကန်တူးဖော်ခြင်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းအား ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီက မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များအား မြေသားရေကန်တူးဖော်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကို မင်းဘူးမြို့နယ်ကျေးလက်မှ မြို့နယ် ဦးစီးဌာနမှူး ဦးအောင်ဘုန်းလင်း (လက်ထောက်ညွှန်ကြားရေးမှူး-နည်းပညာ)မှ ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။ **သန်းနိုင်ဦး(ဇဖဲ)**

# ကျေးလက်အခြေပြု သက်မွေးပညာ သင်တန်းများဖွင့်လှစ်

**မော်လမြိုင် ဖေဖော်ဝါရီ ၁**

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု အတတ်ပညာအစီအစဉ်အဖြစ် ဆွစ်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ငွေကြေးထောက်ပံ့မှုဖြင့် ဆွစ်နည်းပညာပူးပေါင်းဆောင်ရွက်ရေး ဖောင်ဒေးရှင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အဖွဲ့အစည်းတို့ ပူးပေါင်းပြီး ကျေးလက်အခြေပြု သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်အခြေပြု သက်မွေးပညာသင်တန်းမိတ်ဆက်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က ကရင်ပြည်နယ် ဖွဲ့ကပင်ခန်းမ၌လည်းကောင်း၊ ဇန်နဝါရီ ၂၈ ရက်က မွန်ပြည်နယ်ရှိ စထရင်းဟိုတယ်တွင်လည်းကောင်းများ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းမှ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ အထည်ချုပ်၊ စက်ပိုင်းဆိုင်ရာ၊ လျှပ်စစ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် ပညာရပ်များအား သင်ကြားပေးသွားမည်ဖြစ်ကာ ကျွမ်းကျင်မှုနည်းပညာ လက်တွေ့အလုပ်သင် သင်တန်းများနှင့် အမြဲတန်းဝန်ထမ်းခန့်ထားရေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက အလုပ်အကိုင်ရရှိစေရန်နှင့် ကိုယ်ပိုင်လုပ်ငန်းများ တည်ထောင်နိုင်ရန် အရည်အချင်းများ ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်အခြေပြု သက်မွေးပညာသင်တန်းစတင်နိုင်ရန် ၂၀၁၄ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၈ ခုနှစ်ထိ ဆောင်ရွက်ရန် ရည်မှန်းထားပြီး အမေရိကန်ဒေါ်လာ သန်း ၂၀ သုံးစွဲရန် လျာထားကြောင်း သိရသည်။ **နေလင်း(သတင်းစဉ်)**

# သခွားမွှေးစိုက်ပျိုးသူများ ကြွက်များဖျက်ဆီးမှုကြောင့် အခက်အခဲများဖြစ်ပေါ်

**ရေတာရှည် ဖေဖော်ဝါရီ ၁**

စိုက်ပျိုးသီးနှံဈေးကွက် ပိုမိုကောင်းမွန်လာခြင်းနှင့်အတူ ကျေးလက်ဒေသအနှံ့အပြားတွင် စားဖိုဆောင်သီးနှံစိုက်ခင်းများအပြင် ဖရဲ၊ သခွားမွှေး အစရှိသည်တို့ကိုလည်း များစွာစိုက်ပျိုးလာကြသည်ကို တွေ့ရသည်။ ယခုနှစ်တွင် စိုက်ပျိုးသီးနှံတစ်ခုဖြစ်သော သခွားမွှေးကို တောင်သူများက စမ်းသပ်စိုက်ပျိုးခဲ့ရာတွင် ဖြစ်ထွန်းအောင်မြင်ခဲ့သော်လည်း ကြွက်များကိုက်ဖြတ်စားသောက်မှုကြောင့် အရင်းရအောင်ပင် မနည်းကြိုးစားနေရကြောင်း ကိုယ်တိုင်ကြုံတွေ့နေရသည့် တောင်သူတစ်ဦးက ပြောသည်။

"အရင်း သိန်း ၂၀လောက် ရင်းထားရတာ၊ ကြွက်တွေဖျက်ဆီးလို့ အရင်းရဖို့တောင် မလွယ်တော့ဘူးထင်တယ်၊ သခွားမွှေးကချိုတော့ ညဘက်ကျမှ ကိုက်တာ၊ ဆေးချလည်းမရဘူး၊ ခုတော့အသီးတွေကို ကြွပ်ကြွပ်အိတ်နဲ့ စွပ်ထားရတယ်။ အနံ့မထွက်အောင်လို့" ဟု ၄င်းကပင် ဆက်၍ပြောသည်။ သခွားမွှေးမှာချိုဆိမ့် အရသာရှိကာ အခင်းဈေး ငွေကျပ် ၁၀၀၀ ဖိုး သုံးလုံးဖြင့်ရောင်းချပြီး ဈေးကွက်၌တစ်လုံးလျှင် ငွေကျပ် ၅၀၀ ရောင်းချရသည်။ ရေတာရှည်မြို့နယ်မှထွက်ရှိသော သခွားမွှေးများကိုရန်ကုန်၊ နေပြည်တော်နှင့်မန္တလေး ဈေးကွက်များသို့ အဓိကတင်ပို့ရောင်းချကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# လောင်းကစားမှုများ ဖမ်းဆီးဖော်ထုတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဇန်နဝါရီ ၂၈ ရက် နံနက် ၁၁ နာရီ ၁၅မိနစ်က ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက် အရှေ့မစိုးရိမ်ရပ်နေသူ ဦးညွန့်ဝေ ၏နေအိမ်တွင် နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ လောင်းကစားဖမ်းဝရမ်း အမှတ် ၁/၂၀၁၅ ဖြင့်ဝင်ရောက်ရှာဖွေဖမ်းဆီးရာ လောင်းကြေးငွေကျပ် ၂၇၀၀၀ ၊ လောင်းကစားရာတွင်အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ပျဉ်းမနားမြို့မရဲစခန်း လောင်းကစားအက်ဥပဒေပုဒ်မဖြင့်လည်းကောင်း၊ ညနေ ၃ နာရီ မိနစ် ၄၀ က လယ်ဝေးမြို့နယ် အမှတ်(၂)ရပ်ကွက် နယ်မြေ ၂ နေ ကိုတွတ်နှင့်မခိုင်(ခ) ဒေါ်အေးအေးခိုင်၏နေအိမ်တွင် နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေဖမ်းဆီးရာ လောင်းကြေးငွေကျပ် ၃၉၈၀၀၊ လောင်းကစားရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် လယ်ဝေးမြို့မရဲစခန်းက လောင်းကစားအက်ဥပဒေပုဒ်မဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့အကျိုးဖော်ဆောင်ဖို့
အခွန်မှန်စွာ ပေးဆောင်စို့

သတင်းဆောင်းပါး

# ဇရာအိုအကျိုးပွားစေသည့် နောင်ရိုးမြေ ရွှေအိမ်ရတနာဘိုးဘွားရိပ်သာ

■ ဆောင်းပါးနှင့်ဓာတ်ပုံ - ဉာဏ်မင်း(နမ့်ခမ်း)



လူ့ဘဝတွင် ပြည့်စုံသောဘဝ၊ ပြည့်စုံမှုမရှိသောဘဝဖြင့် အသက်ရှင်နေထိုင်ကြသော လူတန်းစားများရှိကြရာဝယ် အရာရာတွင်ပြည့်စုံသောဘဝဖြင့် နေထိုင်ကြီးပြင်းလာခဲ့သူများမှာ အိုမင်းရင့်ရော်သောအခါပူပင်စရာမရှိသော်လည်းဘဝအတွက် စားဝတ်နေရေးအစစအရာရာပြည့်စုံမှုမရှိသော သူတို့မှာမူ အသက်ကြီး၍ အရိုးတွေပြိုင်းခါးတွေကိုင်းလျက် ဆံဖြူသွားကြသည့် ဇရာထောင်းသော ချိန်ခါကိုရောက်လာလျှင်နေစရာ၊ စားစရာအတွက် အခက်ကြုံအားထားစရာဆွေမျိုးမရှိ ခိုကိုးရာမဲ့ဘဝဖြင့် ဇရာအို၏ဒုက္ခသည် မသက်သာလှပေ။ ဤကဲ့သို့ဘိုးဘွားများ၏ဇရာဒုက္ခကိုစာနာထောက်ထားသောစိတ်ထား၊ ကူညီပံ့ပိုးဒါနပြုလိုသောမနော၊ ဖေးမလိုသောသဘော၊ စေတနာကိန်းအောင်းသော နှလုံးသားဖြင့်ဘိုးဘွားများအား ကုသိုလ်ပြုကာနေထိုင်စားသောက်ရေးကို ကူညီပေးကြသော ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ ရွှေအိမ်ရတနာဘိုးဘွားရိပ်သာကို စာရေးသူရောက်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အတွင်းတည်ရှိသော ဆန်ရေစပါးသားငါးများ ပေါကြွယ်ဝသည့် နောင်ရိုးမြေခေါ် အိမ်မဲမြို့ဦးတွင် ဘုရင့်နောင်ရုပ်တုကြီးကို ဂုဏ်ယူဝင့်ကြွားစွာတွေ့မြင်ရသကဲ့သို့ အိမ်မဲ၊ ပန်းတနော် ရန်ကုန်ကားလမ်းနံဘေးရေသိုးညောင်ဝိုင်း ကျေးရွာအုပ်စုအနောက်ကုန်းကျေးရွာတွင် ခံ့ထည်သောမုခ်ဦးဖြင့် ရွှေအိမ်ရတနာဘိုးဘွားရိပ်သာကို မြင်တွေ့ရမည်ဖြစ်သည်။ ဘိုးဘွားရိပ်သာသည် ၃ ဒသမ ၅ ဧကကျော်ကျယ်ဝန်းပြီး ဘုရားဝတ်ပြုဆောင်၊ ဆေးကုသခန်း၊ အဘိုးများအိပ်ဆောင်၊ အဘွားများအိပ်ဆောင်၊ ထမင်းစားဆောင်၊ ချက်ပြုတ်ဆောင်၊ ဧည့်ခန်း၊ ရုံးခန်းများဖြင့် သပ်ရပ်စွာတည်ဆောက်ထားသည်။

ရိပ်သာကို အိမ်မဲမြို့နယ်လှည့်သာသနာပြု ဘိုးဘွားရိပ်သာကြီး၏ နာယက တကောဆရာတော် ဘဒ္ဒန္တဝိလာသအား အမှူးထားကာ မြောင်းမြခရိုင်နှင့် အိမ်မဲမြို့နယ်ဒေသအုပ်ချုပ်ရေး တာဝန်ရှိသူများ၏ ဦးဆောင်မှု၊ အိမ်မဲမြို့နယ် အသင်း(ရန်ကုန်)၏ ကြိုးပမ်းဆောင်ရွက်မှုတို့နှင့်အတူ ဦးသာထွန်းနှင့် ဒေါ်သိန်းတင် မိသားစုကလိုအပ်သောမြေကွက်ကို လှူဒါန်းကာ အိမ်မဲမြို့ ထန်းတပင်ရွာနေ၊ ဒေါ်ခင်ညွန့်၏ မတည်လှူဒါန်းငွေကျပ်သိန်း ၁၀၀နှင့် ဒေသခံအလှူရှင်များ၊ စေတနာရှင်များ၏ငွေအား လူအားစသည့်ဒါနများ ပေါင်းစုလျက် ၂၀၀၆ခုနှစ် မေလ ၁၂ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ငွေကျပ် ၁၇၂၆ သိန်းကျော် အကုန်အကျခံ၍ အောင်မြင်စွာ တည်ဆောက်ပြီးစီးလျက်ဘိုးဘွားများအတွက်ကူညီစောင့်ရှောက် ကုသိုလ်ပြုနိုင်ခဲ့ကြသည်။

ရိပ်သာအတွက် မြေအလှူရှင် ငွေအလှူရှင်၊ လုပ်အားအလှူရှင်စသည့် ကာယ၊ ဉာဏအားများဖြင့် အားကြိုးမာန်တက် စေတနာအပြည့်ထားကာဆောင်ရွက်ခဲ့ခြင်း ကြောင့် အဘိုးအဘွားများအတွက် အကျိုးတရားရှိသည်နှင့်အညီ စေတနာရှင်များကလည်း နေ့စဉ်လှူဒါန်းကာ ကုသိုလ်ပြုနိုင်ကြသည်။ ရိပ်သာတွင် တကောဆရာတော် အမှူးပြုသော နာယကများ၊ အမှုဆောင်များက လုပ်ငန်းအဖွဲ့များဖွဲ့၍ ရိပ်သာစောင့်ရှောက်ရေးလုပ်ငန်းများကိုစနစ်တကျဆောင်ရွက်လျက်ရှိရာ ရိပ်သာအုပ်ချုပ်ရေးမှူး အပါအဝင်ဝန်ထမ်းခြောက်ဦးထားရှိပြီး ၂၄ နာရီအချိန်ပြည့်တာဝန်ယူကြရသည်။ အသက် (၇၀) နှစ် အထက်အဘိုးအဘွားများ၊ ကျန်းမာရေး အတော်အသင့်ကောင်းမွန်ပြီး ကူးစက်ရောဂါမရှိသူများ၊ ဒေသမရွေးလူမျိုးမရွေး ခိုကိုးရာမဲ့ အဘိုးအဘွားများ သတ်မှတ်ထားသောစည်းကမ်းများဖြင့်အပ်နှံသူ နှစ်ဦး၏ အာမခံချက်ဖြင့်ဤရိပ်သာတွင် လက်ခံပြီး ပြုစုစောင့်ရှောက်ကူညီပေးပါသည်။

“တကောဆရာတော် မိန့်တော်မူသလိုပေါ့ဗျာ၊ ဒီရိပ်သာကို ရောက်လာတဲ့ အဘိုး အဘွားတွေဟာ ရှေးအတိတ် ပါရမီကုသိုလ်အဆက်ဆက်ကောင်းမှု ကုသိုလ်ဘုန်းကံရှိလို့ လာရောက်နေထိုင်နိုင်တာပါ။ အလှူရှင်တွေရဲ့ လှူဒါန်းတာတွေကို စားဦးစားဖျားစားရတယ်၊ မပူမပင်ရဘဲပြုစုစောင့်ရှောက်မှုကိုလည်း ခံရတယ်။ ဒီမှာရှိတဲ့ ဝန်ထမ်းတွေကလည်း သံသရာအဆက်ဆက်က အမိအဘအဘိုး အဘွားတွေနဲ့ပြန်ဆုံရတယ်လို့ သဘောထားပြီး ပြုစုစောင့်ရှောက်ခွင့်ရလို့ ကုသိုလ်ပွားခွင့်ရတာဆိုပြီး ဝမ်းသာပီတိတွေနဲ့ကျေနပ်ကြတယ်ဗျ” ဟုရိပ်သာအုပ်ချုပ်ရေးမှူး ဦးအေးချိုက ပြောသည်။

အဘိုးအဘွားတွေ အတွက် ရိပ်သာစားဖိုဆောင်တွင် ဝန်ထမ်းများကိုယ်တိုင်ချက်ပြုတ်ပြီး တစ်နေ့လျှင် လေးကြိမ် အာဟာရကျွေးမွေးကာ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း မြို့နယ်ဆေးရုံအုပ်ချုပ်ကြီး၏ စီစဉ်မှုဖြင့် ကျန်းမာရေး စောင့်ရှောက်မှုကို ဆောင်ရွက်ပေးသည်။ အဘိုး အဘွားများကလည်း မိမိတို့ကိုလှူဒါန်းကျွေးမွေးကြသော စားဦးစားဖျားများကို သုံးဆောင်ပြီးသည့်အခါတိုင်း ရတနာသုံးပါးနှင့် တကောဆရာတော်အရှင်သူမြတ်ကို အာရုံပြုရည်စူးကာလက်အုပ်ချီရှိခိုးလျက် အလှူရှင်များနှင့်တကွ၊ မိမိတို့အား ကူညီစောင့်ရှောက်ကြသူများအား ဆုတောင်းမေတ္တာပို့ကြသည့် အမျှဝေသံတို့သည် ရိပ်သာအတွင်းပျံ့လွင့်လျက် မြင်ရ၊ ကြားရသော စေတနာရှင်၊အလှူရှင်အပေါင်းက သာဓုခေါ်ရင်း စေတနာပီတိဖြစ်ကြရသည်။ စာရေးသူရောက်ရှိသည့်အချိန်တွင် ရာသက်ပန်အလှူရှင် ၁၅၀ရှိနေပြီး တစ်ရက်စာ အလှူရှင်များနှင့် ရာသက်ပန်အလှူရှင်များ၏ လှူဒါန်းမှုကြောင့် ဘိုးဘွားများ ပူပင်စရာမလိုအပ်ဘဲ စိတ်ချမ်းမြေ့စွာ နေကြရသည်။ ရာသက်ပန်အလှူရှင်များက တစ်နှစ်လျှင်တစ်ကြိမ် အလှည့်ကျ တစ်ဦးချင်းလှူဒါန်းနိုင်ရန် ရိပ်သာကစီစဉ်ပေးသည့်အတွက် နေ့စဉ်လိုလိုသံဃာတော်များ ပင့်ဖိတ်၍ အလှူမင်္ဂလာပွဲများ၊ မွေးနေ့ပွဲများ ကျင်းပလေ့ရှိကြသည်။ ထို့ကြောင့် နေ့စဉ်နေ့တိုင်း တရားသံ၊ ကုသိုလ်အမျှဝေသံများဖြင့် ရိပ်သာ၌ကျက်သရေရှိလှပေသည်။

ဤသို့ဖြင့် လူ့လောကတွင်နေထိုင်ကြသူများအနေဖြင့် သားရေး၊ သမီးရေး၊ အိမ်ထောင်ရေးစသည့် မိသားစု လူမှုတာဝန်များပြားကြသော်လည်း ဗုဒ္ဓဘုရား၏ အဆုံးအမကို မမေ့မလျော့ဘဲ မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြခြင်းဖြင့် စိတ်ကြည်နူးမှုကို ရရှိမည်ဖြစ်ပါသည်။ ဒါနဥစ္စာနှင့်ကြဲ ပေးကမ်းလှူဒါန်းခြင်း၊ ဓမ္မစရိယာ၊သုစရိုက်တရားမြတ်သောအကျင့်ကို ကျင့်ခြင်း၊ ဉာတကာနဥ္စ သင်္ဂဟော ဆွေမျိုးတို့အားထောက်ပံ့ကူညီခြင်း၊ အနဝဇ္ဇာနိကမ္မာနိအပြစ်ကင်းသောအမှုတို့ကို ပြုခြင်းသည် မြတ်သောမင်္ဂလာ ဖြစ်သည်နှင့်အညီ အိမ်မဲမြို့နယ်ရှိ “ရွှေအိမ်ရတနာ” ဘိုးဘွားရိပ်သာအတွက် မြင့်မြတ်သောစိတ်ထား၊ ပြတ်သားသော စေတနာသဒ္ဓါတရား၊ စာနာမှုပြည့်ဝသော ကူညီလှူဒါန်းမှုစသည့် ကောင်းမြတ်သောအမှုကိုပြုခြင်းအားဖြင့် အေးချမ်းဆိတ်ငြိမ်သောဘိုးဘွား ရိပ်သာသည် မင်္ဂလာအပေါင်းနှင့် ခညောင်းလျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ပူတာအို၊ ဖားကန့်၊ ကာမိုင်း |
| ၂။ | ကရင်ပြည်နယ် | သံတောင် |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ခန္တီး၊ မြင်းမူ၊ ကန့်ဘလူ၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ဒိုက်ဦး၊ အုတ်ဖို |
| ၅။ | မကွေးတိုင်းဒေသကြီး | ဆော၊ ကန်ပက်လက်၊ ငဖဲ၊ အောင်လံ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး၊ မြစ်သား |
| ၇။ | မွန်ပြည်နယ် | သံဖြူဇရပ်၊ ဘီးလင်း |
| ၈။ | ရခိုင်ပြည်နယ် | သံတွဲ၊ တောင်ကုတ်၊ မာန်အောင် |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ |
| ၁၀။ | ရှမ်းပြည်နယ် | ရွာငံ၊ မိုင်းကိုင်၊ နမ့်ခမ်း |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ၊ ဝါးခယ်မ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ လေးမျက်နှာ |

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**



## ဆိပ်ကမ်းမြို့နယ်တွင် စုပေါင်းအမှိုက်ကောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ်တွင် ဇန်နဝါရီ ၃၁ ရက် နံနက် ၇ နာရီမှစတင်၍ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးနှင့် အများပြည်သူများ ပညာပေးလှုံ့ဆော်ရေးအတွက် စုပေါင်းအမှိုက်ကောက်ပွဲတစ်ခုကို ပြုလုပ်ခဲ့ကြောင်းသိရသည်။ အမှိုက်ကောက်ပွဲတွင်ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဆိပ်ကမ်းကုန်တင်ကုန်ချ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။ သဘော်ဆိပ်ဝန်းကျင် ကမ်းနားတစ်လျှောက် အမှိုက်များ ရှင်းလင်းခြင်း၊ ခရီးသွားပြည်သူများ အနှောင့်အယှက်ဖြစ်စေမည့် အရာဝတ္ထုများကို ဖယ်ရှားခြင်း၊ ကမ်းနားတစ်လျှောက်ရှိ ဈေးဆိုင်များကို အသိပညာပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဂျပန်နိုင်ငံ၏ ထောက်ပံ့မှုဖြင့် မူကြိုကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သို့ ဂျပန် နိုင်ငံ၏ အသေးစားစီမံကိန်းများ ထောက်ပံ့မှုအစီအစဉ်ဖြင့် ဆောက်လုပ်လှူဒါန်းသောအသင်းပိုင်မူကြိုကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက်နံနက်ပိုင်းက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ အသင်းပိုင်မူကြိုကျောင်း၌ကျင်းပသည်။

အစီအစဉ်အရမူကြိုကျောင်းဆောင်သစ်ကို မြန်မာနိုင်ငံဂျပန်သံရုံးမှ သံအမတ်ကြီး M.E. Mr. Tateshi HIGUCHI ၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကံဆီးဆိုင်းလုံ၊ ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး နာယကနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှအဖွဲ့ဝင်များက မူကြိုကျောင်းအတွင်း လှည့်လည်ကြည့်ရှုပြီး မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီးနှင့်အဖွဲ့ဝင်များအားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့နာယက ဒေါ်ကံဆီးဆိုင်းလုံနှင့်ဥက္ကဋ္ဌ ဒေါ်မြနုတို့က အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကံဆီးဆိုင်းလုံ၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီး H.E.Mr . Tateshi HIGUCHI နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၏ဇနီးများ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မြနု၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိန်ဝင်း (iprd)**

ပြည်တွင်းသတင်း

# တာချီလိတ်ခရိုင် အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ရုံးသစ်ဖွင့်ပွဲကျင်းပ

**တာချီလိတ် ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ် အာခါဈေးလမ်းတွင် အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရုံး နှစ်ထပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၁ နာရီခွဲက ကျင်းပရာ အခမ်းအနားသို့ ခရိုင်မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့် တိုင်းရင်းသားများ တက်ရောက်ကြောင်း သိရသည်။

အခမ်းအနားတွင် တာချီလိတ် (အခြေချ) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်နိုင်ဦး၊ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယက ဦးအာဇီးနှင့် ဥက္ကဋ္ဌ ဦးလောတာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



အဆိုပါ တာချီလိတ်ခရိုင် အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရုံးသစ်ကို အာခါတိုင်းရင်းသား အချင်းချင်း ရင်းနှီးလာစေရန်၊ အခြားပြည်ထောင်စုတိုင်းရင်းသားများနှင့်လည်း ပိုမိုရင်းနှီးလာစေရန်၊ အာခါတိုင်းရင်းသားများ အာခါစာပေတတ်မြောက်လာစေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထများ ပိုမိုတိုးတက်လာစေရန်နှင့် မိမိတို့၏ ဘာသာစကား၊ ရိုးရာဝတ်စားဆင်ယင်မှုဖြင့် ထိန်းသိမ်းဂုဏ်ယူတတ်စေရန်၊ အာခါတိုင်းရင်းသားလူမျိုးစုတို့၏ အကျိုးကို ပိုမိုဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

တာချီလိတ်ခရိုင်အတွင်း အာခါတိုင်းရင်းသားများ နေထိုင်ကြသော တောင်ပေါ်၊ မြေပြန့်ရွာကြီး ရွာငယ်ပေါင်း ၁၃၅ ရွာနှင့် လူဦးရေ ၃၀၀၀၀ ခန့်နေထိုင်ပြီး အဆိုပါ တာချီလိတ်အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၀ ရက်က ကျိုင်းတုံမြို့ အာခါစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီအဖွဲ့က လာရောက်ဖွဲ့စည်းခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် အာခါဈေးပိုင်ရှင် ဦးအာဇီး မိသားစုက တာချီလိတ်အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့သို့ မြေကွက် ၀ ဒသမ ၀၈၇ ဧကကို ပေးလှူခဲ့သည်။ ထိုမှ ၂၀၁၂ ခုနှစ် မတ် ၁၇ ရက်တွင် အလျား ၆၃ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၂၇ ပေ၊ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံသစ်ကို စတင်အုတ်မြစ်ချတည်ဆောက်ခဲ့ရာ တာချီလိတ်ခရိုင်အတွင်းရှိ အာခါတိုင်းရင်းသားမိသားစုတိုင်း တစ်အိမ်ထောင်လျှင် ထိုင်းနိုင်ငံသုံးဘတ်ငွေ ၁၀၀ ပါဝင်လှူဒါန်းခဲ့ရာ စုစုပေါင်းကုန်ကျငွေ ထိုင်းနိုင်ငံသုံးဘတ်ငွေ ၂၆ သိန်း ကုန်ကျခံဆောက်လုပ်ခဲ့ကြောင်းနှင့် တာချီလိတ်မြို့ စေတနာရှင်များ၊ အခြားမြို့များမှ အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## သတင်းတိုများ

### စစ်ကိုင်းမြို့တည် အထိမ်းအမှတ် မော်ကွန်းသတင်းလွှာ စတင်ထုတ်ဝေ

စစ်ကိုင်းမြို့တည် နန်းတည်အနှစ်(၇၀၀)ပြည့်ပွဲတော်ကြီး အထိမ်းအမှတ်အဖြစ် ပြန်ကြားရေး သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းပြုစုရေးလုပ်ငန်းကော်မတီမှ ပွဲတော်ကြီးကျင်းပမည့်ရက်အထိ တစ်လတစ်ကြိမ် မော်ကွန်းသတင်းလွှာကို စာမျက်နှာ (၁၆)မျက်နှာပါ ရောင်စုံသတင်းလွှာ အမှတ်စဉ်(၁)ကို ဇန်နဝါရီ ၃၁ ရက်မှ စတင်ထုတ်ဝေလိုက်ကြောင်း သိရသည်။

စစ်ကိုင်းမော်ကွန်းသတင်းလွှာတွင် စစ်ကိုင်းမြို့ကို စတင်တည်ဆောက်ခဲ့သည့် အသင်္ခယာစောယွမ်းမင်း၏ သမိုင်းအထောက်အထားများ၊ စစ်ကိုင်းမြို့မှ ထင်ရှားကျော်ကြားသော ဆရာတော်ကြီးများ၏ ဩဝါဒတော်များနှင့် ဓာတ်ပုံများ၊ စစ်ကိုင်းမြို့မှ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းထားသည့် ရပ်ရွာဓလေ့ထုံးများ၊ စစ်ကိုင်းမြို့မှ ထင်ရှားသည့် လက်မှုလုပ်ငန်းများနှင့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ သတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

စစ်ကိုင်းမြို့တည် နန်းတည်အနှစ် (၇၀၀)ပြည့်ပွဲတော်ကြီးကို ရည်ညွှန်းဖွင့်ဆိုထားသည်။ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ သတင်း၊ ဓာတ်ပုံများပေးပို့လိုပါက စစ်ကိုင်းမြို့တည် နန်းတည်နှစ်(၇၀၀)ပြည့် ပွဲတော်ကျင်းပရေး သတင်းပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းလှအောင် ဖုန်း-၀၉-၆၈၁၈၁၃၃၁၊ စာတည်းမှူးချုပ် ထွေးမြင့်နိုင် ဖုန်း-၀၉-၄၀၀၄၆၃၂၆၄ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

### ထနောင်းကန်ကျေးရွာတွင် ကဗျာ၊ပုံပြောပြိုင်ပွဲ ကျင်းပ

မိတ္ထီလာမြို့ ကန်သာကျေးရွာအုပ်စု ထနောင်းကန်ကျေးရွာ အလင်းဖြန့်စံအိမ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသည့် ပဥ္စမအကြိမ် ကဗျာပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် အဋ္ဌမအကြိမ် ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ယင်းစာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြိုင်ပွဲများဖြစ်မြောက်ရေး ဦးစီးဆောင်ရွက်သည့် တောင်ငူမြို့ မရမ်းကျောင်းတိုက်ဆရာတော် အရှင်တေဇောသာရ(ထနောင်းကန်)က စာများများဖတ်ကြဖို့ လိုအပ်ကြောင်းနှင့် စာဖတ်ခြင်းဖြင့် ဗဟုသုတများ ရနိုင်ကြောင်း ဩဝါဒမိန့်ကြားသည်။ ယင်းနောက် ကဗျာ၊ ပုံပြော၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုများရွေးချယ်ခဲ့ပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ရယ်မောခြင်းသည် သက်ကြီးရွယ်အိုများအတွက် အကောင်းဆုံးဆေးဝါးဖြစ်

"ရယ်မောခြင်းသည် အကောင်းဆုံးဆေးဝါးဖြစ်သည်" ဆိုသော ဆိုရိုးစကားသည် ကျွန်တော်တို့အားလုံးနှင့် ရင်းနှီးကျွမ်းဝင်လျက်ရှိသည်။ ရယ်မောခြင်းသည် အိုမင်းရင့်ရော်မှုကြောင့် ဖြစ်ပေါ်လာသည့် မှတ်ဉာဏ်ဆုံးရှုံးမှုအားကုစားရာတွင် အသုံးတည့်လျက်ရှိသည်။ ဟာသဉာဏ်သည် စိတ်ဖိစီးမှုဟော်မုန်းကြောင့် ဖြစ်ပေါ်လာသော ဦးနှောက်မှတ်ဉာဏ် ထိခိုက်ပျက်စီးမှုကို လျှော့ချစေနိုင်သည်။ အပြန်အလှန်အားဖြင့် ဦးနှောက်မှတ်ဉာဏ်ကို တိုးတက်စေနိုင်သည်ကို ကာလီဖိုးနီးယားပြည်နယ်ရှိ လိုမာလင်ဒါတက္ကသိုလ်၌ ပြုလုပ်ခဲ့သော သုတေသနတစ်ခုတွင် တွေ့ရှိခဲ့သည်ဟု ဆိုသည်။

စိတ်ဖိစီးမှုများခြင်းသည် ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်စေသည့်အပြင် ဓာတ်မတည့်သည့် ရောဂါများကိုပါ ပိုမိုဆိုးရွားစွာဖြစ်ပေါ်စေနိုင်ကြောင်းနှင့် စိတ်ရောဂါဖြစ်လာရန်အတွက် ဦးနှောက်အား ခံစားမှုပိုမိုပြင်းထန်အောင်လှုံ့ဆော်ပေးနိုင်သည်ဟု သုတေသီများက ဆိုထားသည်။ ထို့အပြင် ယခင်က ပြုလုပ်ခဲ့သည့် သုတေသန မှတ်တမ်းများတွင်လည်း စိတ်ဖိစီးမှုများခြင်းသည် သက်ကြီးရွယ်အိုများတွင် မှတ်ဉာဏ်ချို့ယွင်းမှုနှင့် လေ့လာမှတ်သားနိုင်မှုစွမ်းရည်များ ပိုမိုဆုတ်ယုတ်လာစေနိုင်သည်ကို ညွှန်ပြလျက်ရှိသည်။ စိတ်ဖိစီးမှုသည် ဦးနှောက်အတွင်းရှိ အာရုံကြောကလာပ်စည်းများကို ပျက်စီးစေနိုင်သောဟော်မုန်းတစ်မျိုးကို ပိုမိုထုတ်လုပ်ပေးသောကြောင့် မှတ်ဉာဏ်အား ထိခိုက်စေခြင်းဖြစ်သည်။ သုတေသီများအနေဖြင့် ရယ်မောခြင်းသည် စိတ်ဖိစီးမှုဖြေလျှော့ပေးနိုင်သည်ကို သိရှိလာစဉ်ကတည်းက ဦးနှောက်ထိခိုက်မှုကိုပါ လျှော့ချနိုင်သလားဆိုသည်ကို အတည်ပြုချက်ရယူလိုခဲ့ကြသည်။ ရယ်ရွှင်ဖွယ်ကောင်းသော ရုပ်ရှင်၊ ဗီဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များ ကြည့်ရှုခြင်းသည် စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်သည့်အပြင် မှတ်ဉာဏ်စွမ်းဆောင်ရည်ကိုပါ မြှင့်တင်ပေးနိုင်သည်ဟုဆိုသည်။

သုတေသီများသည် သက်ကြီးရွယ်အိုများ၏ မှတ်ဉာဏ်ကို ဟာသအစီအစဉ်ပြသပြီး သတေသနပြုခဲ့ရာ ဟာသဗီဒီယိုကြည့်ရှုသူများသည် မကြည့်သူများနှင့် နှိုင်းယှဉ်ပါက မှတ်ဉာဏ်၊ လေ့လာမှတ်သားနိုင်မှုနှင့် သိမြင်မှတ်သားနိုင်မှုစွမ်းရည်များ တိုးတက်နေသည်ကို တွေ့ရှိရသည်။ ထို့အပြင် ရယ်မောခြင်းသည် မှတ်ဉာဏ်နှင့်သဘာဝကိုယ်ရည်ကိုသွေးများ တိုးတက်စေနိုင်သည်။ ထို့ကြောင့် စိတ်ဖိစီးမှုနည်းသည့် လူတစ်ယောက်သည် မှတ်ဉာဏ်စွမ်းဆောင်ရည် ပိုမိုကောင်းမွန်ကြောင်းနှင့် ရယ်ရွှင်ဖွယ်ရာများသည် စိတ်ဖိစီးမှုအဆင့်လျှော့ချနိုင်သည့် အဓိကသော့ချက်ဖြစ်သည်ဟု သုတေသီများက အကြံပြုထားသည်။

ရယ်ရွှင်ဖွယ်ဖြစ်ရပ်များသည် မှတ်ဉာဏ်ထိန်းသိမ်းသည့် ဦးနှောက်နာဗ်ကြောများ၏ လုပ်ဆောင်ချက်များကို ထိခိုက်မှုဖြစ်စေနိုင်သည့် စိတ်ဖိစီးမှုဟော်မုန်းများနှင့် သွေးဖိအားကိုလျှော့ချစေနိုင်ခြင်း၊ သွေးစီးဆင်းလည်ပတ်မှုနှင့် စိတ်ခံစားမှုမြင့်မားလာစေနိုင်သည်ဟု သုံးသပ်ထားရှိပါသည်။ ရယ်မောခြင်း သို့မဟုတ် ရယ်ရွှင်စရာကိစ္စအချို့အပေါ် ကြည့်ရှုခံစားခြင်းသည် ဦးနှောက်အတွင်းရှိ အရေးပါသော လုပ်ဆောင်ချက်များ ဆောင်ရွက်ပေးသည့်ဟော်မုန်းများ တိုးပွားလာစေပြီး ပျော်ရွှင်ဝမ်းမြောက်မှု စိတ်ခံစားချက်ကို ဖြစ်ပေါ်စေပါသည်။ ဦးနှောက်အတွင်း အာရုံကြော ဓာတ်ပစ္စည်းများ ပြောင်းလဲမှုသည် ဂါမာလှိုင်းနှုန်းများ တိုးတက်လာသဖြင့် မှတ်ဉာဏ်တိုးတက်စေနိုင်ပါသည်။ ထို့ကြောင့် ရယ်မောခြင်းသည် ဆေးကောင်း တစ်မယ်ဖြစ်ရုံသာမက ကျွန်တော်တို့၏ လူမှုဘဝအရည်အသွေးတောက်ပြောင်ရေးအတွက် မှတ်ဉာဏ်မြှင့်တင်ပေးနိုင်သည့်အရာလည်း ဖြစ်ပေသည်။

သိမြင်တွေးခေါ်နိုင်စွမ်းတွင် ပါဝင်သည့် လေ့လာမှတ်သားနိုင်မှုစွမ်းရည်နှင့် မှတ်မိနိုင်မှုစွမ်းရည် ဆုတ်ယုတ်လာမှုဖြစ်စဉ်များသည် အသက်အရွယ်ရလာသည်နှင့်အမျှ ပိုမိုစိန်ခေါ်လာလျက်ရှိသည်။ သိမြင်တွေးခေါ်နိုင်မှုစွမ်းရည်သည် သက်ကြီးရွယ်အိုများအတွက် သတိ၊ ရုပ်ခန္ဓာနှင့် စိတ်ဟုဆိုသော နေထိုင်မှုဘဝ အရည်အသွေးတိုးတက်ရေးအတွက် အသက်တမျှအရေးပါလျက်ရှိသည်။ သက်ကြီးရွယ်အိုများတွင် အသက်အရွယ်နှင့်ဆက်စပ်သည့် မှတ်ဉာဏ်ချို့ယွင်းမှုများရှိလာနိုင်သော်လည်း ၎င်းတို့အတွက် မေတ္တာလက်ဆောင်အဖြစ် စိတ်ချမ်းမြေ့ဖွယ်ကောင်းပြီး အကျိုးပြုသည့် ရယ်ရွှင်ဖွယ်ဟာသကုထုံးများ ဆောင်ရွက်ပေးသွားရန် လိုအပ်လျက်ရှိသည်။



မှတ်ဉာဏ် မြှင့်တင်နိုင်ရေးအတွက် ရယ်မောခြင်းသာလျှင် တစ်ခုတည်းသော ကုထုံးမဟုတ်ဘဲ ရေနွေးကြမ်းသောက်ခြင်းသည် လုပ်ငန်းခွင် မှတ်ဉာဏ်ကို တိုးတက်စေနိုင်သည့်အပြင် ကော်ဖီသောက်သုံးခြင်းသည်လည်း ရေရှည် မှတ်ဉာဏ်ကို မြှင့်တင်ပေးနိုင်သည်ဟု ဂျွန်ဟော့(ပ)ကင်းတက္ကသိုလ်မှ သုတေသီများက အကြံပြုထားသည်။

ထို့ကြောင့် ကျွန်တော်တို့သည် မိမိတို့ပတ်ဝန်းကျင်ရှိ မိဘ၊ ဘိုးဘွား၊ သက်ကြီးရွယ်အိုများအား လျစ်လျူရှုပစ်ပယ်ထားခြင်းမပြုဘဲ ရယ်မောဖွယ် ဟာသကုထုံးများ ဖန်တီးပေးခြင်းအားဖြင့် ဦးနှောက်မှတ်ဉာဏ်တိုးတက်အောင် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးသွားသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

### ဒလ အုံ့ကြီးအနောက်တွင် ဆန်များလှူဒါန်း

**ဒလ ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အုံ့ကြီးအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ်နေ တော်ဝင်ဆေးခန်းပိုင်ရှင် ဦးသိန်းဟန် ဇနီးဒေါက်တာသန်းသန်းနုနှင့် သမီးမြတ်သိင်္ဂီဟန်မိသားစုက ဆန်များကို ဇန်နဝါရီ ၂၉ ရက်က လာရောက်လှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် ယခင်နှစ်နည်းတူ ယခုနှစ်တွင်လည်း စံပြတံတားချောင်း ဘုန်းတော်ကြီးကျောင်း၊ တံတားချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ အုံ့ကြီးအနောက်ရပ်ကွက်ရှိ မိသားစုများကို စုစုပေါင်း ဆန် ၂၈ အိတ် လှူဒါန်းခဲ့သည်။

ထို့အပြင် ရပ်ကွက်အတွင်းရှိ ဘုရင့်နောင်လမ်းနှင့် ဗန္ဓုလလမ်းသို့ ဆက်သွယ်ထားသော ကျိုးကျပျက်စီးနေသည့် အောင်စံလှချောင်းကူးတံတား ပြန်လည်တည်ဆောက်နိုင်ရန် အလှူရှင်မိသားစုက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းထံသို့ အလှူငွေကျပ်ငါးသိန်းကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝါဝါ(ပညာရေး)**

### သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်

**တနိုင်း ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်ရှိ အသက် ၁၀၀ နှစ်အထက် ဘိုးဘွားများအား နိုင်ငံတော်သမ္မတက ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ် နှစ်သိန်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်မှ ထောက်ပံ့ငွေကျပ် ငါးသောင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တနိုင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ဖွံ့/ထောက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဇန်နဝါရီ ၃၀ ရက်က ဘိုးဘွားများထံသို့ အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့ကြသည်။ **အောင်အောင်ထွေး(iprd)**

### ရေကြောင်းဘက်ဆိုင်ရာ အသိပညာပေးမွမ်းမံသင်တန်းဖွင့်

**ပုသိမ် ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးကြပ်စီမံမှုဖြင့် ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မောင်းများ ရေကြောင်းဘက်ဆိုင်ရာ အသိပညာမွမ်းမံသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက်က လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရန်နောင်ကျော်က ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မောင်းများ၊ စက်ခန်းအုပ်၊ ပဲ့ထိန်းများအတွက် ရေယာဉ်ကြံ့ခိုင်မှု၊ စက်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ ရေယာဉ်မောင်းများသတိပြုဖွယ် မုန်တိုင်းအန္တရာယ်၊ ရေပြင်သက်ကယ်နှင့် မီးဘေးအန္တရာယ်စသည်ဖြင့် အသိပညာပေးပြောကြားခဲ့သည်။ **ပုသိမ်-လှကြည်**

ပြည်တွင်းသတင်း

# ဉာဏ်တော်အမြင့်ပေ ၁၈၀ ရှိ ကမ္ဘာလွှမ်းခြုံဗုဒ္ဓရုပ်ပွားတော်မြတ် ရွှေတောင်မြို့ ရဟန္တာ ၈၀ သာသနာ့မြေ၌ တည်ထားလျက်ရှိ



**ပဲခူး ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ ရန်ကုန်-ပြည်ကားလမ်း ရဟန္တာ ၈၀ မဲ့ရှင်ကျောင်းတိုက် သာသနာ့နယ်မြေအတွင်းတွင် ကမ္ဘာလုံးအမြင့်ပေ ၉၀၊ ရုပ်တော်မူဘုရားကြီး (ဉာဏ်တော်အမြင့် ပေ ၉၀) စုစုပေါင်းပေ ၁၈၀ ရှိ ကမ္ဘာလွှမ်းခြုံဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အောက်ခြေကမ္ဘာလုံးတည်ဆောက်မှု အမြင့် ၄၅ ပေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ရွှေဟောင်းသမိုင်းဝင် ရဟန္တာ ၈၀ မဲ့ရှင်ကျောင်းတိုက်၏ဦးစီးပဓာနနာယက ဘဒ္ဒန္တခေမာစာရ ဦးဆောင်၍ ကုသိုလ်ရှင်များစုပေါင်းလျက် မြေအောက်အနက် ပေ ၆၀ တွင် RC ကွန်ကရစ်တိုင်ပေါင်း ၄၀ ကျော်ဖြင့် အခြေခံ ဆောက်လုပ်ထားသည်။

တည်ဆောက်ရေးလုပ်ငန်းများတွင် အတွင်း၌ အထပ်ပေါင်း ၁၅ ထပ်ပါဝင်မည်ဖြစ်ပြီး ပြခန်းများကိုပါထားရှိသွားမည်ဖြစ်ရာ ကမ္ဘာအနှံ့သာသနာပြန့်ပွားရေးကိုရည်ရွယ်၍ အဇာတသတ်မင်းလက်ထက် လျှို့ဝှက်ဓာတ်တော်တိုက်တည်ဆောက်ခဲ့ပုံ၊ မင်းနှင့်ပြည်သူများဓာတ်တော်များအား ခွဲဝေပူဇော်ပုံ၊ ရှေးမင်းများ သာသနာအတွက် အားပေးထောက်ပံ့ ချီးမြှင့်ခဲ့ပုံတို့ကို ပြသသွားရန် စီစဉ်ထားရှိကြောင်း၊ အလှူရှင်များ လှူဒါန်းမှုပေါ် မူတည်၍ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မဲ့ရှင်ကျောင်းတိုက်ဆရာတော်ကြီးက မိန့်ကြားသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွင်း ဓာတ်လှေကားတစ်စင်း ပါဝင်မည်ဖြစ်ပြီး လုပ်ငန်းအားလုံးပြီးစီးပါက အောက်မြန်မာပြည်တွင် အမြင့်ဆုံး ရုပ်တော်မူဘုရားကြီး တစ်ဆူအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# မူလလုပ်ပိုင်ခွင့်ရ တောင်သူများသို့ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပေးအပ်

**စစ်တွေ ဖေဖော်ဝါရီ ၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ဇန်နဝါရီ ၂၇ ရက် မွန်းတည့် ၁၂ နာရီတွင် မြောက်ဦးမြို့နယ် ဝေသာလီကျေးရွာ ဝေသာလီဘူတာ၌ ကျင်းပသည့် လယ်မြေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သိမ်းဆည်းခံလယ်မြေများအား မူလလုပ်ပိုင်ခွင့်ရတောင်သူများသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး သိမ်းဆည်းခံလယ်ယာမြေများအား မူလလုပ်ပိုင်ခွင့်ရ တောင်သူလယ်သမားများသို့ လုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ပေးအပ်သည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မြောက်ဦးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က စွန့်လွှတ်မြေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်၊ ကော်မတီအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးနှင့် ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်မြေစာရင်းဦးစီးမှူးတို့က မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများသို့ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇)များကို ပေးအပ်ကြရာ တောင်သူလယ်သမားများကိုယ်စား သက်ဆိုင်ရာ ကျေးရွာအုပ်စုများမှ တောင်သူကိုယ်စားလှယ်များက လက်ခံရယူကြပြီး ယခုကျင်းပသည့် အခမ်းအနားတွင် မြောက်ဦးမြို့နယ်အတွင်း ကျေးရွာအုပ်စု(၁၈)အုပ်စုဖြစ်သော ထိပ်ဝပြင်၊ ရှာရှည်ပြင်၊ ဘူးတလုံး၊ ရွှေကျင်ပြင်၊ အိုးထိန်း၊ ဥက္ကာကျော်၊ ခွဆုံ၊ ဆင်အိုး၊ တောင်မြင့်၊ ကုတိုး၊ မြောင်းဘွေ၊ မြက်ရိတ်ကျွန်း၊ ရွာဟောင်းတော၊ သူငယ်တော်၊ ညောင်ပင်လယ်(ကလပ)၊ နတ်ချောင်း၊ ရှင်ရှည်ကျေးရွာအုပ်စုများမှ တောင်သူ ၂၁၄ ဦး ဦးပိုင်ပေါင်း ၂၁၇ ခု၊ လယ်မြေဧရိယာ ၈၇၃ ဒသမ ၈၂ ဧကအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)များ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ရန်ကုန်-စစ်တွေ ကားလမ်း၊ မြောက်ဦး-ကျောက်တော်အပိုင်း ကားလမ်းတစ်လျှောက် ကွန်ကရစ်ခင်းအဆင့်မြှင့်တင် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မဟာဗန္ဓုလလမ်း လသာမြို့နယ် သံဈေးဝန်းကျင် လမ်းလယ်မျဉ်းဝါကွက်တွင် လမ်းတားတုံးများ စီတန်းချ၍ ယာဉ်ကြောပိုကျယ်ပြီး သွားလာမှုလွယ်ကူလာ




**ရန်ကုန် ဖေဖော်ဝါရီ ၁**

ဇန်နဝါရီ ၂၉ ရက်က လမ်းမတော်သံဈေးအနီး မဟာဗန္ဓုလလမ်းမ၏ လမ်းလယ်မျဉ်းဝါကွက်တွင် လမ်းတားတုံးများစီတန်းချထားခဲ့ရာ ယာဉ်များသွားလာရာတွင် လွယ်ကူလာကြောင်း ယင်းလမ်းကြောင်းပေါ် ဖြတ်သန်းမောင်းနှင်သည့် အိမ်စီးယာဉ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ယခင်ကလမ်းလယ်ကျွန်းအဖြစ် သုံးပေဝန်းကျင်ရှိသော မျဉ်းဝါကွက်ကို မဟာဗန္ဓုလလမ်းလယ်တွင် ရေးဆွဲထားခဲ့သော်လည်း နေ့ရောညပါ ယာဉ်ရပ်နားနေရာအဖြစ် ယာဉ်ငယ်မျိုးစုံ စီတန်းရပ်ထားခဲ့ကြောင်း၊ အဆိုပါလမ်းလယ်ကျွန်းရပ်နားသော ယာဉ်နှင့်ယာဉ်ကြောပေါ် မောင်းနှင်သော ယာဉ်အချို့ တိုက်မိသည့်ဖြစ်စဉ်ဖြစ်ပွားမှုရှိခဲ့ကြောင်း၊ အဆိုပါလမ်းလယ်ကျွန်းမျဉ်းဝါကွက်တွင် ရပ်နားသော ယာဉ်ငယ်များထံမှ ပြင်ပပုဂ္ဂိုလ်အချို့က ယာဉ်ရပ်နားခကောက်ခံမှုများရှိခဲ့ကြောင်း အဆိုပါနေရာအနီးတွင် အလုပ်လုပ်ကိုင်နေသူ ဦးဇော်က ပြောသည်။

မဟာဗန္ဓုလ လမ်းမပေါ်တွင် ဘတ်စ်ကား သီးသန့်လမ်းကြောင်းအဖြစ် မျဉ်းဝါတန်းသာရေးဆွဲထားပြီး လမ်းတားတုံးအတန်းများ အနော်ရထာလမ်းမကဲ့သို့ ချမထားသေးကြောင်း၊ လမ်းဘေးရပ်ယာဉ်များကြောင့် ခရီးသည်တင်ယာဉ်ကြီးများ မျဉ်းဝါတန်းနှင့် လမ်းလယ်မျဉ်းဝါကွက်အကြားမှသာ မောင်းနှင်နေရသည်ဟု ခရီးသည်တင်ယာဉ်လုပ်သားတစ်ဦးကဆိုသည်။

မဟာဗန္ဓုလ လမ်းလယ်တွင် ယခင်က လမ်းတားအုတ်ခုံတန်း အနိမ့်အရှည်များရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင် သစ်ပင်များ စိုက်ထားသော အုတ်ခံငယ်များဖြင့် ပြောင်းလဲခဲ့ရာမှ လမ်းသားများပေါ် မျဉ်းဝါကွက်အဖြစ် ရေးဆွဲသည်အထိ ထပ်မံပြောင်းလဲခဲ့ကြောင်း၊ ယခုအခါလမ်းမတော်လမ်းဆုံမှ လမ်းတားတုံး ၂၅ တုံး၊ ၁၈ လမ်းထိပ်မှ လမ်းတားတုံး ၁၅ တုံး စီတန်းချထားပြီး ၁၇ လမ်းနှင့် ၁၈ လမ်းကြားတွင် ယာဉ်များယာဉ်ကြောပြောင်းနိုင်ရန် လမ်းတားတုံးများချထားခြင်းမရှိကြောင်း၊ ယင်းသို့ လမ်းဘေးနှင့် လမ်းလယ်ကျွန်းများတွင် နေ့ရောညပါ ယာဉ်ရပ်နားမှုများသောနေရာတွင် လမ်းလယ်လမ်းတားတုံးများ စီတန်းချထားမှုကြောင့် မျဉ်းဝါကွက်အကျယ်ထက် လမ်းတစ်ဖက်တစ်ချက်တွင် အကျယ်တစ်ပေတိုး ကျယ်လာပြီး လမ်းလယ်ရပ်ယာဉ်တန်းများ မရှိသည့်အတွက် ဘေးအန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်ပြီဟု အငှားယာဉ်မောင်းပိုင်ရှင်ဖြစ်သူ ဦးတိုးဝင်းက ဆိုသည်။

**ခင်ဆိုင်**

## ကလေးရယ်ငယ် အသိဝေကြွယ်ဖို့

**စံကားဝါ**

တလောက သတင်းလေး တစ်ပုဒ် ဖတ်လိုက်ရတယ်။ သတင်းထဲမှာ ကလေးငယ်က သူ့ကိုအန္တရာယ်ပြုမယ့်သူကို အမေသင်ပေးထားတဲ့ Password တွေ ပြန်မေးပြီး အန္တရာယ်စက်ကွင်းက လွတ်မြောက်သွားတဲ့ သတင်းတစ်ပုဒ်ဖြစ်ပါတယ်။ မိဘတွေအနေနဲ့လည်း မိမိကလေးတွေကို ဒီလိုအမှုအကျင့်ကောင်းလေးတွေကို ကြိုတင်စည်းဝါးကိုက် သင်ကြားပေးထားပြီး အရေးကြုံရင် ဖြေရှင်း အသုံးချလို့ရကြောင်း နည်းကောင်းလေးတွေ ဖြစ်ပါတယ်။

ပုဂ္ဂလိက သတင်းစာတစ်စောင်မှာ လတ်တလောဖတ်မိတဲ့ သတင်းတစ်ပုဒ်က ကလေးခိုးတဲ့အဖွဲ့နဲ့ ကလေးငယ်တွေကို ရောင်းချတဲ့ ဈေးကွက်ရှိနေတယ်ဆိုတာသိရတော့ ကြက်သီးထမိပါတယ်။ လောကမှာ လူလူချင်း ခေါင်းပုံဖြတ်ပြီး ရောင်းချတဲ့အလုပ်လောက် စက်ဆုပ်ဖွယ်ကောင်းတာမရှိဘူးလို့လည်း ခံယူထားပါတယ်။ ကလေးငယ်တွေကို ပစ်မှတ်ထားပြီး လုပ်လာကြတဲ့ ဒုစရိုက်အမှုမှန်သမျှကိုလည်း ပြင်းပြင်း ထန်ထန်ရှုတ်ချမိပါတယ်။ လောကလူသားအားလုံးရဲ့ နှလုံးသားတွေဖြစ်တဲ့ ကလေးတွေအပေါ်မှာ ခေါင်းပုံ ဖြတ်တာ၊ ရောင်းစားတာ၊ ကျွန်ပြုတာတွေဟာ ဘယ်လိုခြွင်းချက်နဲ့မှ လက်ခံစရာ အကြောင်းမရှိပါဘူး။

သတင်းတစ်ပုဒ်ဖတ်ပြီးရင် အဲဒီနောက်မှာ အတွေးတွေက အများကြီးဝင်လာပါတယ်။ ပြောချင်တာက သားသမီးရှိတဲ့ မိဘတိုင်းအတွက်တော့ သောကအပူတွေ ခိုဝင်လာတာပါပဲ။ မိဘရင်ခွင်ကနေ ခဏတာခွဲခွာနေတဲ့ ကျောင်းတက်နေတဲ့အချိန်တွေ၊ ကိုယ့်ကလေးက အပြင်လောကနဲ့ ဆက်ဆံနေတဲ့အချိန်မှာ ဒုစရိုက်သမားတွေကများ ဖြားယောင်း ခေါ်ဆောင်သွားမလားဆိုတဲ့ အတွေးတွေဝင်မိပါတယ်။ လူကြီးတွေတောင် တစ်ဦးနဲ့တစ်ဦး ချိန်းဆိုမထားရင် တွေ့ရမလွယ်တဲ့ ခေတ်ကြီးမှာ ကလေးတစ်ယောက်များ သူလုပ်နေကျ အစီအစဉ်တစ်ခု တိမ်းစောင်းသွားရင်ဆိုတဲ့ အတွေးဝင်လာတော့ အိပ်မပျော်နိုင်တော့ပါဘူး။

မိဘတွေအနေနဲ့ကတော့ ကိုယ့်ကလေးကိုယ် ဒီလိုကိစ္စတွေ ဖြစ်တတ်ကြောင်း နားလည်အောင် သေချာရှင်းပြ၊ ကိုယ့်ဘက်ကလည်း အချိန်ပေးပြီး ဂရုတစိုက်နဲ့ စောင့်ကြပ်ကြည့်ရှုနိုင်မှဆိုတဲ့ အသိတွေ ဝင်လာပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာဌာနတွေကလည်း ဒီလိုအမှုကိစ္စမျိုးတွေကို အချိန်တိုအတွင်းမှာ ထိရောက်တဲ့ဖြေရှင်းမှုမျိုး လုပ်ပေးနိုင်ရင် သိပ်ကောင်းမှာပဲဆိုတဲ့ အားကိုးစိတ်လည်းဖြစ်မိပါတယ်။

ကလေးရောင်းချတဲ့ ဈေးကွက်ရှိနေတယ်လို့ ပြောတဲ့သူတွေလည်း ပြောနေကြတယ်။ မီဒီယာမှာလည်း ဖော်ပြတယ်။ ပြီးခဲ့တဲ့ဒီဇင်ဘာလကတည်းက မြင်းခြံ-တောင်သာနယ်က ရွာဘက်မှာ ကျောင်းသွားရင်း ပျောက်သွားတဲ့ ကလေး (ယောကျ်ားလေး) နှစ်ဦး ယနေ့အထိ မတွေ့သေးဘူးဆိုတာလည်း အဲဒီရွာကနေ ရန်ကုန်အလည်ရောက်နေတဲ့ အဘွားက ပြောပြပါတယ်။ နောက်ပြီး ပျောက်သွားတဲ့ ကလေးနှစ်ဦး မတွေ့သေးတဲ့အပြင် ကလေးတွေ ကျောင်းကအပြန်လမ်းမှာ ဆိုင်ကယ်နဲ့ လူတစ်ဦးက လိုက်စီးဖို့ ခေါ်သတဲ့။ ကလေးတချို့က ဝိုင်းတားလို့ လိုက်မယ့်ဆဲဆဲ ကလေးက မလိုက်ဖြစ်တော့တဲ့အကြောင်းကိုလည်း အဘွားက ပြောပြသေးတယ်။

လူစိမ်းတွေအပြင် မျက်မှန်းတန်းမိတဲ့ လူတွေကလည်း ကလေးတွေကို ချဉ်းကပ်နှောင့်ယှက်နိုင်ပါသေးတယ်။ ဖြူစင်တဲ့ ကလေးငယ်တွေရဲ့ အားနည်းချက်ကို အခွင့်ကောင်းယူ ယုံကြည်အောင် ပြောဆိုပြီး ချဉ်းကပ်တတ်ကြတာကိုလည်း သတိမပြတ်ရှိနေဖို့ လိုပါတယ်။

ကလေးပျောက်မှုတွေ မရှိအောင်၊ ကလေးအသုံးချဒုစရိုက်မှုတွေ မဖြစ်ပွားအောင် မိဘ၊ ဆရာ၊ ကျောင်းသားတွေအပြင် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးနဲ့ လက်တွဲပူးပေါင်းပြီး ဆောင်ရွက်ကြဖို့ အမြဲအသင့်ဖြစ်နေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကလေးငယ်တို့ အသိကြွယ်စေဖို့ မိဘက အိမ်မှာသင်၊ ဆရာက ကျောင်းမှာသင်၊ သက်ဆိုင်ရာက ထိရောက်တဲ့ အစီအမံတွေနဲ့ ဝန်းရံထားဖို့အရေး ဆော်ဩရေးသားလိုက်ပါတယ်။

# အမျိုးသားအထောက်အကူပြုယူနစ် စီမံကိန်းဆိုင်ရာ စာချွန်လွှာ လက်မှတ်ရေးထိုး




**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အမျိုးသားအထောက်အကူပြုယူနစ်စီမံကိန်း (National Support Unit-NSU) ဆိုင်ရာ သဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ် (၅၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အရှေ့တောင်အာရှဌာန၊ ပတ်ဝန်းကျင်၊ သဘာဝသယံဇာတနှင့် စိုက်ပျိုးရေးဌာနမှ ညွှန်ကြားရေးမှူး Mr.Javed H.Mir၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပင်မအစီအစဉ်ဌာနမှူး Dr.Michael Green နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းဗဟိုဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနေအေးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၊ အရှေ့တောင်အာရှဌာန၊ ပတ်ဝန်းကျင်၊ သဘာဝသယံဇာတနှင့် စိုက်ပျိုးရေးဌာနမှ ညွှန်ကြားရေးမှူး Mr. Javed H. Mir တို့က အမျိုးသားအထောက်အကူပြုစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး သဘောတူစာချွန်လွှာ (Letter of Agreement ) ကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

အမျိုးသားအထောက်အကူပြုစီမံကိန်းသည် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပင်မအစီအစဉ်နှင့် ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးနယ်မြေထူထောင်ရေး အစီအစဉ် အပိုင်း(၂) (Core Environment Program and Biodiversity Corridors Initiatives-CEP Phase2) ဒေသဆိုင်ရာ နည်းပညာအကူအညီအရ ဆောင်ရွက်မည့် စီမံကိန်းဖြစ်သည်။ စီမံကိန်းအရ မြန်မာနိုင်ငံအမျိုးသား အထောက်အကူပြု ယူနစ်အဖွဲ့များ ဖွဲ့စည်းတည်ထောင်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်စနစ်များ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ပြီး စီမံကိန်းကာလမှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်း

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

၁၃၇၆ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်နေ့ ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် (၆၁) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကျင်းပရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မာရ်အောင်ပရိယတ္တိစာသင်တိုက် နေပြည်တော်သံဃနာယကအဖွဲ့ဝင် ဂန္ထဝါစကပဏ္ဍိတဆရာတော် ဘဒ္ဒန္တပဏ္ဍဝနှင့် သံဃာတော်ကိုးပါး၊ ဇမ္ဗူသီရိမြို့နယ် မစိုးရိမ်စာသင်တိုက်မှ သံဃာတော်ကိုးပါးတို့ကြွရောက်တော်မူကြသည်။

အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအား ၁၃၇၆ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်နေ့မှ တပို့တွဲလပြည့်နေ့အထိ၊ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ငါးရက်တိုင်တိုင်ကျင်းပသွားမည်ဖြစ်၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြပါကြောင်း သိရသည်။ **သီဟန်သိန်း(အေးချမ်းမြေ)**

# ရေနံချောင်းဒီဂရီကောလိပ် ဘာသာရပ်အလိုက် ဘောလုံးပြိုင်

**ရေနံချောင်း ဖေဖော်ဝါရီ ၁**

ရေနံချောင်းဒီဂရီကောလိပ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘာသာရပ်အလိုက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က အဆိုပါကောလိပ်ကျောင်း ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရေနံချောင်းဒီဂရီကောလိပ်ကျောင်းအုပ်ဆရာကြီး ဒေါက်တာ မောင်မောင်နိုင်က ပြိုင်ပွဲဝင်ကျောင်းသား အားကစားသမားများအနေဖြင့် ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူများဖြစ်လာစေရေး မျှတသော အားကစားစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကြရန် မှာကြားသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် ဘာသာရပ်အလိုက် စုစုပေါင်း ငါးသင်းပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **သိန်းဇော်**

# စက်မှုနှင့် အသက်မွေးပညာ ရွှေ့လျားသင်တန်း ဆင်းပွဲ ကျင်းပ

**ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၁**

ရခိုင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် မကြာသောအနာဂတ်ကာလမှာ အကောင်အထည်ပေါ်လာမည့် ပုဏ္ဏားကျွန်းစက်မှုဇုန်အတွက် လိုအပ်သောလူသားစွမ်းအားအရင်းအမြစ်များကို အထောက်အကူဖြစ်စေရန် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း စက်မှုနှင့် အသက်မွေးပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁)စက်မှုသင်တန်း ကျောင်း(ဆင်တဲ) စက်မှုနှင့်အသက်မွေးပညာရွှေ့လျားသင်တန်းအမှတ်(၈)၊ စိုက်ပျိုးရေးသုံးအသေးစားအင်ဂျင်ငယ်များနှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းနှင့် သံဂဟေဆက်သင်တန်း (ဒုတိယအကြိမ်) သင်တန်းဆင်းပွဲအခမ်းအနားကို ရခိုင်ပြည်နယ်ပုဏ္ဏားကျွန်းမြို့၌ ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးအောင်သန်းတင် တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်ပြီးထူးချွန်ဆုရရှိသော သင်တန်းသားများအားဆုများချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားများပြောကြားပြီး ခင်းကျင်းပြသထားသော သင်တန်းဆိုင်ရာအထောက်အကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သူ(ပုဏ္ဏားမြို)**

# လှိုင်သာယာဆေးရုံခုတင် ၂၀၀ ဆံ့တိုးချဲ့ဆောင်မေလကုန်ပိုင်းအပြီးတည်ဆောက်နေ

**သန်းထိုက် (လှိုင်သာယာ)**



**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်မြို့၏လူဦးရေအများဆုံးဖြစ်သော လှိုင်သာယာမြို့နယ်တွင် ခုတင် ၄၅ လုံးဆံ့ဆေးရုံတစ်ခုသာရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်လူနာများအချိန်ပေး၍ သွားရောက်ကုသမှုမှ ကျော်လွှားနိုင်ရန်လှိုင်သာယာ ပြည်သူ့ဆေးရုံကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ စတင်ကာတိုးချဲ့ နှစ်ထပ်ဆောင်နှစ်ဆောင်ကို တည်ဆောက်လျက်ရှိရာ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး တည်ဆောက်မှု ကိုးလသတ်မှတ်ထားသော်လည်း ခြောက်လဖြင့်အပြီးသတ်တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ တာဝန်ယူတည်ဆောက်နေသော အေးငြိမ်းစံ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အမှုဆောင်အရာရှိချုပ် ဦးတည်ကြည်ဦးက ပြောသည်။

"တိုးချဲ့နှစ်ထပ်ဆောင်ဆောက်နေတာပါ။ နှစ်ထပ်ဆောင် နှစ်ဆောင်တည်ဆောက်တဲ့အထဲမှာ ဆေးရုံဝင်ပေါက်နားက နှစ်ထပ်ဆောင်မှာ အောက်ထပ်က Emergency department နဲ့အပေါ်ထပ်က Outpatient departmant အဆောင်ရယ်၊လက်ရှိဆေးရုံ ခေါင်းရင်းဘက်မှာ Outpatient department နှစ်ထပ်ဆောင်တစ်ဆောင် ဆောက်နေတာပါ။ အသစ်ဆောက်နေတဲ့ RC နှစ်ဆောင်နဲ့လက်ရှိ ဆေးရုံနဲ့ဆိုရင် ခုတင် ၁၀၀ ဆံ့မှာပါ။ ခုတင်၂၀၀ တိုးချဲ့ဆောက်တာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လှိုင်သာယာက ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးမှာလူဦးရေ အများဆုံးမြို့နယ်ဖြစ်တယ်။ ရွှေ့ပြောင်းလုပ်သားတွေများတယ်။ ဒါကြောင့် တိုးချဲ့လူနာဆောင်လိုနေတာပါ။ တိုးချဲ့ဆောက်ပေးနိုင်တဲ့အတွက်ကျန်းမာရေးစောင့်ရှောက်မှုကို ထိရောက်စွာခံစားကြရမှာပါ။ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကျေးဇူးတင်ပါတယ်။ လှိုင်သာယာက အရေးပေါ်လူနာတွေဆိုရင် အင်းစိန်ဆေးရုံနဲ့ ရန်ကုန်ပြည်သူ့ဆေးရုံ၊ အနောက်ပိုင်းဆေးရုံကို သွားကြရတယ်။ ခုတင် ၁၀၀ ဖြစ်စေ၊ ၂၀၀ ဖြစ်စေ တိုးချဲ့လိုက်တဲ့အတွက် အရေးပေါ်လူနာအားလုံးကို လှိုင်သာယာဆေးရုံမှာပဲ ကုသနိုင်တော့မှာပါ။ ဧရာဝတီတိုင်းဒေသကြီးက လူနာတွေပါ အကျိုးကျေးဇူးခံစားကြရမှာပါ" ဟု လှိုင်သာယာမြို့နယ်ဆေးရုံအုပ် ဒေါက်တာ ခင်ရှုပါစိုးကပြောသည်။

ဆေးရုံဝန်ထမ်းအိမ်ရာနှင့် ဆေးရုံကြားတွင်နှစ်ထပ်ဆောင်တစ်ဆောင်၊ ဆေးရုံနှင့်ဝင်ပေါက်ကြားတွင် နှစ်ထပ်ဆောင်တစ်ဆောင် တည်ဆောက်လျက်ရှိပြီး သဲ၊ ကျောက်ချနေသော အလုပ်သမားများ၊ ဆလပ်လောင်းနေသောအလုပ်သမားများ၊ လိုက်လံကြီးကြပ်နေသော အင်ဂျင်နီယာတို့ဖြင့် တိုးချဲ့လူနာဆောင် တည်ဆောက်နေကာ လုပ်ငန်းခွင်တစ်ဝိုက်သည် နံနက်ခင်းနေခြည်အောက်၌ သက်ဝင်လှုပ်ရှားလျက်ရှိသည်။ နိုင်ငံတော်မှ မြို့ပြ၊ ကျေးလက်ကျန်းမာ ရေးအထောက်အကူ အပြည့်အဝရရှိစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပြီး နေရာဒေသအလိုက် လိုအပ်သောဆေးရုံ၊ ဆေးခန်းတို့ကိုလည်း တည်ဆောက်ပေးလျက်ရှိရာ မြို့ပြ လူဦးရေနှင့်ကိုက်ညီသော ဆေးရုံဖြစ်သည့် လှိုင်သာယာပြည်သူ့ဆေးရုံကို ခုတင် ၂၀၀ အထိ တိုးချဲ့ ဆောက်လုပ်ခြင်းဖြစ်သည်။

"၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က လုပ်ငန်းစတင်ပြီး ဖောင်ဒေးရှင်းကို ၄၅ ရက်သတ်မှတ်ထားပေမယ့် ၂၅ ရက်နဲ့အပြီးဆောင်ရွက်ခဲ့တယ်။ နှစ်ထပ်ဆောင်နှစ်ခုလုံး (၁၄၃×၅၆) ပေကျယ်ပါတယ်။ ပထမအရစ်သိန်းနှစ်ထောင်ချပေးထားပြီးတော့ တည်ဆောက်ချိန် ကိုးလပေးထားပါတယ်။ အဆောင်နှစ်ခုအတွက် ဆလပ်လောင်းပြီး ၎င်းသတ်မှတ်ချပေးထားတဲ့ငွေကုန်သွားပြီ။ မတ်လကုန်မှတည်ဆောက်ရမှာပါ။ ဒါပေမယ့် ဒီမြို့အတွက် တစ်ရက်စောတည်ဆောက်နိုင်ရင်အကျိုးရှိတဲ့အတွက် မတ်လမှာထပ်လုပ်မယ့်ငွေကိုမစောင့်ဘဲ သိန်းငါးထောင်နီးပါး ကုန်မယ့်အဆောင်နှစ်ခုလုံး အကြမ်းပြီးစီးတဲ့အထိ ဆက်ဆောက်သွားမှာပါ။ ခြောက်လနဲ့အပြီးတည်ဆောက်ဖို့ ဆုံးဖြတ်ထားပါတယ်။ ခုတင် ၂၀၀ ဆေးရုံဖြစ်တဲ့အတွက် နောက်ထပ်အဆောင်နှစ်ခု လိုပါသေးတယ်။ ဝန်ထမ်းအိမ်ရာတွေလည်း လိုလာမှာပါ" ဟု AYE YEIK SAN Construction development အမှုဆောင်အရာရှိချုပ် ဦးတည်ကြည်ဦးက ပြောကြားသည်။

ရန်ကုန်မြို့၏ စက်မှုမြို့ဖြစ်သော လှိုင်သာယာမြို့နယ်တွင် ပန်းလှိုင်အင်တာနေရှင်နယ်ဆေးရုံ၊ ထွန်းဖောင်ဒေးရှင်းဆေးရုံ စသည့် ပုဂ္ဂလိကဆေးရုံတို့ရှိကြပြီး ငွေကြေးတတ်နိုင်သူများသာ တက်ရောက်ကုသကြကာ အများစုမှာ မြို့နယ်ပြည်သူ့ဆေးရုံသို့သာ ပြသကြသောကြောင့် အရေးပေါ်လူနာအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ရာတွင်လည်း တစ်နာရီခွဲကြာ မောင်းနှင်သွားလာရသည့်အတွက်ခုတင် ၂၀၀ တိုးချဲ့လူနာဆောင် တည်ဆောက်ပြီးစီးသွားပါက လူနာတို့၏ အသက်၊ အချိန်၊ ငွေကြေးတို့ကို များစွာထိန်းသိမ်းကာကွယ်နိုင်ပြီဖြစ်သည်။

၂၅ ခုတင်မှ ၄၅ လုံးဆံ့ ဆေးရုံအဖြစ်သာ လက်ခံကုသပေးနိုင်သောကြောင့် TMO အပါအဝင် ဆရာဝန်သုံးဦး၏အင်အားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနေရသောကြောင့် တစ်နေ့လျှင် ယာဉ်တိုက်မှု ၂၀ မှ ၅၀ ကြားဖြစ်ပွားနေသော လှိုင်သာယာမြို့နယ်တွင် အရေးပေါ်လူနာများရောက်ရှိလာပါက အခြားဆေးရုံကြီးများကိုသာ လွှဲပြောင်းပေးရ၍ လူနာများအတွက် အခက်အခဲများရှိခဲ့ကြောင်းလည်းသိရသည်။ အရေးပေါ် လူနာတင်ယာဉ် ယာဉ်ကြောပိတ်ဆို့ မှုဖြစ်ခြင်း၊ အက်ဆီးဒင့်ဖြစ်ခြင်းတို့ကြောင့် လူနာတင်ယာဉ်လာပါက လူသားအချင်းချင်း ကူညီစောင့်ရှောက်သည့်အနေဖြင့် အခြားယာဉ်မောင်းများ ကူညီရပ်တန့်ပေးခြင်းဖြင့် လူနာ၏အသက်ကို ကူညီကယ်တင်ရာရောက်ကြောင်း၊အခမဲ့စေတနာရှင် လူနာတင်ယာဉ်မောင်းနှင်သူ ဦးငြိမ်းချမ်းမောင်က ပြောသည်။

ပြည်တွင်းသတင်း

# ထားဝယ်တက္ကသိုလ်တွင် ဘာသာရပ်အလိုက် ထမနဲထိုးပြိုင်ပွဲကျင်းပ




**ထားဝယ် ဖေဖော်ဝါရီ ၁**

ထားဝယ်တက္ကသိုလ် ဘာသာရပ်အလိုက် ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်နောက်ဘက်ရှိ ကွင်းပြင်၌ ကျင်းပရာ ထားဝယ်တက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာ ဘဟန်နှင့် ပါမောက္ခ(ဌာနမှူး) များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ပြိုင်ပွဲမကျင်းပမီ တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာ ဘဟန်က အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ထားဝယ်တက္ကသိုလ် ဘာသာရပ်အသီးသီးမှကျောင်းသား ကျောင်းသူများက သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ပြိုင်ပွဲတွင် အထူးပြုဘာသာရပ် ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရူပဗေဒအသင်းက ပထမဆု၊ ဓာတုဗေဒအသင်းက ဒုတိယဆုနှင့် ရုက္ခဗေဒအသင်းက တတိယဆုရရှိရာ တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူး)များက ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

## ဝန်ထမ်းအိမ်ရာများမှ ခိုးယူခံရသည့်ဆိုင်ကယ်များအား ပိုင်ရှင်များထံပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်း အိမ်ရာများတွင် ခိုးယူခံရသည့် ဆိုင်ကယ်များအား ပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ခြင်းနှင့် မှုခင်းဖော်ထုတ်ခဲ့သည့် တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုငွေပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်နံနက် ၁၁ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းက အမှာစကားပြောကြား၍ နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုအောင်က မှုခင်းဖော်ထုတ်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းက ဖော်ထုတ်ဖမ်းဆီးရမိသည့် ဆိုင်ကယ်များကို ပြန်လည်ပေးအပ်သည်။ ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းက မှုခင်းဖော်ထုတ်ခဲ့သော တပ်ဖွဲ့ဝင် များကို ဂုဏ်ပြုဆုချီးမြှင့်ရာ နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်က လက်ခံခဲ့သည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

## သံတွဲတွင် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ထုတ်ပေး

**သံတွဲ ဖေဖော်ဝါရီ ၁**

တပ်မတော်မှ ပြန်လည်စွန့်လွှတ်မြေများဖြစ်သည့် ဂွမြို့နယ်နှင့် ကျိန္တလီမြို့အတွင်းရှိ ကျေးရွာအုပ်စုများမှ ပုံစံ(၃)ရရှိထားပြီးသည့် တောင်သူများအား တတိယအကြိမ် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ထုတ်ပေးပွဲကို ဇန်နဝါရီ ၂၂ ရက်က သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်မြေယာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုးက အမှာစကားပြောကြားပြီး ခရိုင်မြေယာစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ခရိုင်မြေစာရင်းဦးစီးမှူး ဦးမြအေးက မြေယာစီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေဆိုင် ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂွမြို့နယ် ကမ်းသာယာ အပန်းဖြေစခန်းမြေတွင်ပါဝင်သည့် တောင်သူတစ်ဦး ဦးပိုင်(၁) ဧရိယာ ၀ ဒသမ ၅၈ ဧကနှင့် ကျိန္တလီမြို့ စက်ပစ်ကွင်း မြေတွင်ပါဝင်သည့် ပုန်းညက်၊ သဲကုန်း၊ စေတီကွင်း၊ ရှောက်ကုန်း ကျေးရွာအုပ်စုများမှတောင်သူ ၃၇ ဦး၊ ဦးပိုင် ၆၉ ခု၊ ဧရိယာ ၁၈၄ ဒသမ ၁၄ ဧကတို့အတွက် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များကို မြေယာယီစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကပေးအပ်ရာ သက်ဆိုင်ရာတောင်သူများက လက်ခံယူကြသည်။

အခမ်းအနားသို့ ခရိုင်၊ မြို့နယ် မြေယာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာကျေးရွာအုပ်စု(၅)အုပ်စုမှ ကျေးရွာမြေယာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဂွမြို့နယ် ကမ်းသာယာမှ တောင်သူများ၊ ကျိန္တလီမြို့နယ် ပုန်းညက်၊ သဲကုန်း၊ စေတီကွင်း၊ ရှောက်ကုန်း ကျေးရွာအုပ်စုများရှိ တောင်သူများ တက်ရောက်ကြသည်။

ယခုကဲ့သို့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)များကို မြေယာစီမံခန့် ခွဲမှု ဥပဒေ၊ နည်းဥပဒေများအတိုင်း စိစစ်၍ ထုတ်ပေးလျက်ရှိရာ ယခု တတိယအကြိမ်အထိ ဥယျာဉ်မြေနှင့် လယ်ယာမြေပိုင်ဆိုင်သည့် တောင်သူ ၃၅၃ ဦး၊ ဦးပိုင် ၄၆၄ ခု ရှိစုစုပေါင်း ဧရိယာ ၈၆၉ ဒသမ ၂၈ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)များကို ထုတ်ပေးထားရှိပြီးဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ် ၁၀၀ ပြည့်ကို စက်ဘီးစီးနင်း၍ ဂုဏ်ပြုကြိုဆိုမည်

**ဖျာပုံ ဖေဖော်ဝါရီ ၁**

မြန်မာ့လွတ်လပ်ရေး ဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့နှစ်(၁၀၀)ပြည့်ကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ Pyapon Cycling Club မှ စက်ဘီးစီးအားကစားဝါသနာရှင် ၁၃ ဦးက ဖေဖော်ဝါရီ ၁ ရက်တွင် မိုင်ပေါင်း ၁၂၆ မိုင်ခရီးကို စက်ဘီးစီးနင်းကာ ဂုဏ်ပြုကြိုဆိုမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့နှစ် (၁၀၀)ပြည့်ကို စက်ဘီးစီးနင်းဂုဏ်ပြုရာတွင်ပါဝင်မည့် အားကစားသမား ၁၂ ဦးသည် ဖေဖော်ဝါရီလ ၁ ရက် နံနက် ၄ နာရီတွင် ဖျာပုံမြို့ ဒုတိယလမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်အခမ်းအနားနှင့် ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီ၏ယာယီရုံးခန်းရှေ့မှ စတင်တာထွက်မည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့မှ ကျိုက်လတ်မြို့၊ ကျိုက်လတ်မှ မအူပင်မြို့၊ မအူပင်မှရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့၊ တွံတေးမြို့မှ ကော့မှူးမြို့၊ ကော့မှူးမြို့မှကွမ်းခြံကုန်းမြို့၊ ကွမ်းခြံကုန်းမြို့မှ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့၊ ဒေးဒရဲမြို့မှ ဖျာပုံမြို့အထိ မိုင်ပေါင်း ၁၂၆ မိုင်ကို ဖြတ်သန်း၍ ဂုဏ်ပြုစီးနင်းကြမည်ဖြစ်သည်။



"ဒီခရီးစဉ်က ကျွန်တော်တို့ချစ်တဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ကြိုဆိုဂုဏ်ပြုတဲ့ ပထမဆုံးခရီးစဉ်ပါ။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ဝါသနာပါတဲ့ အားကစားနည်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုချင်တာရယ်၊ ဖြတ်သန်းစီးနင်းမယ့်မြို့ရွာတွေမှာရှိတဲ့ ပြည်သူတွေဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကို ပိုမိုသတိပြုနိုးကြားလာကြစေဖို့ ရည်ရွယ်ပါတယ်" ဟု စက်ဘီးစီးနင်းရာမှာပါဝင်တဲ့ စက်ဘီးစီး အားကစားဝါသနာရှင် ကိုမျိုးဆက်က ပြောပြသည်။

ဖျာပုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ဂုဏ်ပြု အခမ်းအနားများနှင့် ကြေးရုပ်ဖြစ်မြောက်ရေး လုပ်ငန်းများကို ဖျာပုံမြို့ရှိလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ပါတီအသီးသီးမှ ကိုယ်စားပြုသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်လူထု လူတန်းစားအလွှာစုံ ပူးပေါင်းပါဝင် ဖွဲ့စည်းထားသည့် ဖျာပုံမြို့ ကိုယ်စားပြု ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီက ဦးစီးကျင်းပမည်ဖြစ်ပြီး စာအုပ်နှင့်ဓာတ်ပုံပြပွဲ၊ အားကစားပြိုင်ပွဲ၊ ပန်းချီ၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာပေဟောပြောပွဲ၊ မြန်မာ့ရိုးရာသိုင်း သရုပ်ပြဖျော်ဖြေပွဲ၊ အေဝမ်းဦးစိုးမြင့်နှင့်အဖွဲ့ ဂီတဖျော်ဖြေပွဲ၊ သီးလေးသီးအငြိမ့်အဖွဲ့ ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်များ၊ သံဃာတော်အပါး ၁၀၀၀ ကျော်တို့အား အရုဏ်ဆွမ်းလောင်းလှူခြင်း၊ ပင့်သံဃာအပါး ၁၀၀ တို့အား လှူဖွယ် ဝတ္ထုများဖြင့် အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားတို့အား တစ်နေ့စာလှူဒါန်း ကျွေးမွေးခြင်းများအပြင် ဖျာပုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အမှတ်တရ ကြေးရုပ် ထားရှိနိုင်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

သတင်းတို

## ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပြုပြင်

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်သည် ချင်းပြည်နယ်နှင့်ဆက်စပ်လျက်ရှိသဖြင့် တောတောင်လျှိုမြောင်များပေါများပြီး ကျေးရွာချင်းဆက်သွယ်မှုခက်ခဲသည့်ဒေသဖြစ်သဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တပြင်း-ကျောက်လိပ်ကျေးရွာချင်းဆက်လမ်း ၁၈ မိုင်အရှည်ကို ခွင့်ပြုရန်ပုံငွေကျပ် ၇၂၄ ဒသမ ၁၆၈ သန်းဖြင့် ကျောက်ခင်းလမ်းအဖြစ်လည်းကောင်း၊ တင့်တူ-နှီး-ဖုံ-ပုလဲ ကျေးရွာချင်းဆက်လမ်း လေးမိုင်ကျော်အရှည်ကို ဌာနခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၂၆၀ သန်းဖြင့် မြေသားလမ်းအဖြစ် လည်းကောင်း ဖောက်လုပ်ပြုပြင်လျက်ရှိသည်။

အဆိုပါလမ်းများကို တင်ဒါရဆုလျှံထွန်းကုမ္ပဏီက တာဝန်ယူဖောက်လုပ်လျက်ရှိရာ ဂန့်ဂေါခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းအောင်သည် ဆောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်စိုးနှင့်အတူ လုပ်ငန်းဆောင်ရွက်မှုများကို ဇန်နဝါရီ ၂၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၁၀၁)

## ကျေးလက်ကျောက်စရစ်လမ်းဖွင့်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် မဒေါ့ကုန်းအုပ်စု ပိတောက်ကုန်းရွာနှင့် ခွက်မရွာသို့ ဆက်သွယ်သည့် ကျောက်စရစ်ခင်းလမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်း၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးတင်စိုးတို့က ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပိတောက်ကုန်းရွာနှင့် ခွက်မရွာသို့ ဆက်သွယ်သွားလာရေးအတွက် ကျောက်စရစ်ခင်းလမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးအတွက် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၄၀ နှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၉၅၄၀၀၀ ဖြင့် လမ်းအရှည်ပေ ၇၆၀၀ ၊ အကျယ် ခြောက်ပေ၊ ထုနှစ်လက်မကို ကျောက်စရစ်ခင်းခြင်းဖြစ်ကြောင်းသိရသည်။

ခင်လတ်(မိုးညို)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

ပြည်တွင်းသတင်း

# အက်ဖ်အေဖလား ပြန်ကန်ပွဲမှာ မန်ယူနောက်တစ်ဆင့်တက်ပါ့မလား

**အက်ဖ်အေဖလား စတုတ္ထအဆင့်ပြန်ကန်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၃ ရက်နဲ့ ၄ ရက်တွေမှာ ယှဉ်ပြိုင်မှာဖြစ်လို့ ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေ အမှားခံလို့မရတော့တဲ့ပွဲစဉ်ဖြစ်နေပါတယ်။ ဒုတိယအကျော့ပွဲစဉ်တွေမှာ ကံကြမ္မာကြောင့်ရော၊ စွမ်းဆောင်မှုအပိုင်းမှာပါ ထိရောက်မှုမရှိခဲ့တာမို့ အခုပွဲစဉ်တွေဟာ အရေးကြီးတဲ့၊ အမှားမခံတော့တဲ့ ပွဲတွေဖြစ်နေတာတော့ အမှန်ပါပဲ။**

### မန်ယူနှင့် ကမ်းဘရစ်ချ်

အက်ဖ်အေဖလားကို ပိုင်ဆိုင်ဖို့ပစ်မှတ်ထားနေတဲ့ မန်ယူဟာ အခုပွဲစဉ်မှာတော့ ပြတ်သားတဲ့ရလဒ်ကို ပုံဖော်တော့မှာဖြစ်ပါတယ်။ အရင်ပွဲစဉ်မှာ ပေါ့ဆခဲ့တာကြောင့် အခုဆိုရင် အမာခံကစားသမားတွေနဲ့ နည်းပြ ဗန်ဟားလ်သေသေချာချာ ဗျူဟာခင်းကျင်းမှာဖြစ်ပါတယ်။ အိမ်ကွင်းမှာ ကစားရမယ့် ဒီပွဲစဉ်ဟာ မန်ယူအတွက် အလေးသာနေတာအမှန်ဖြစ်ပြီးနောက် တစ်ဆင့်တက်ရေးဆိုတာ မန်ယူတို့အတွက်ပဲဖြစ်တယ်ဆိုတာ သက်သေပြပါလိမ့်မယ်။

### ဘော်လ်တန်နှင့် လီဗာပူး

လီဗာပူးတို့က ဘော်လမ်တန်နဲ့ဆုံတိုင်း နိုင်ပွဲရအောင် ကြိုးစားရုန်းကန်ခဲ့ရတာချည်းပါပဲ။ ဘော်လ်တန်တို့ကတော့ လီဗာပူးကို ဘယ်လိုပုံစံနဲ့ ကစားရမယ်ဆိုတာ သိထားတာမို့ အခုပွဲဟာ လီဗာပူးအတွက် ခက်ခဲမှာတော့ အမှန်ပါ။ ဒါပေမယ့် အက်ဖ်အေဖလားကို မျှော်မှန်းချက်ထားနေတဲ့ လီဗာပူးတို့ရဲ့ အားထုတ်မှုက အရာထင်ဖို့ဖြစ်လာမှာပါ။

ချန်ပီယံရှစ်ကလပ် ဘော်လ်တန်တို့ကတော့ အခုပွဲ အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့ ခြေကုန်ထုတ်ဖို့ ပြင်ဆင်ထားပြီး အကောင်းဆုံးစုဖွဲ့မှုနဲ့အတူ လီဗာပူးကို ရင်ဆိုင်ပါလိမ့်မယ်။ လီဗာပူးတို့ကတော့ ပြတ်သားတဲ့ရလဒ်ကို ပုံဖော်ဖို့ မလွယ်ပေမယ့် ကပ်ပြီးနိုင်ပွဲရသွားနိုင်ပါတယ်။

### ရှက်ဖီးနှင့် ပရက်စတန်

လိဂ်ဝမ်းအသင်းတွေအချင်းချင်း ပြိုင်ဆိုင်မှုအားကောင်းပါလိမ့်မယ်။ ပရက်စ်တန်နဲ့ဆုံတိုင်း ရှက်ဖီးတို့အသာစီးရတာများပြီး နိုင်ပွဲလည်း ရယူခဲ့မှုများပါတယ်။ ဒါပေမယ့် ပရက်စတန်တို့က ရှက်ဖီးကို အားသွန်ကစားမှာမို့ ရှက်ဖီးတို့ အသာစီးရဖို့မလွယ်ပါဘူး။ ဒါပေမယ့် အက်ဖ်အေဖလား နောက်တစ်ဆင့်တက်ရေး အပြိုင်အားထုတ်ကြမှာမို့ အခုတစ်လော ပွဲတိုင်းအမှတ်ရအောင်ကြိုးစားနေတဲ့ ပရက်စ်တန်ကိုလည်း လျှော့တွက်လို့မရပါဘူး။ ရှက်ဖီးတို့အတွက် ခက်ခဲမယ့်ပွဲဖြစ်ပါတယ်။

### ဖူလ်ဟမ်နှင့် ဆန်းဒါးလန်း

ချန်ပီယံရှစ်မှာ ခြေစွမ်းပြနေတဲ့ ဖူလ်ဟမ်တို့က ခြေကျနေတဲ့ ဆန်းဒါးလန်းကို အပြင်းအထန် ရင်ဆိုင်မှာသေချာနေပါနယ်။ ဖူလ်ဟမ်တို့က လက်ရှိအချိန်မှာ စိတ်ဓာတ်မြင့်မားနေပြီး နိုင်ပွဲ၊ သရေပွဲတွေ များနေပါတယ်။ ဆန်းဒါးလန်းတို့က ဖူလ်ဟမ်ကို အနိုင်ယူခဲ့တာများနေတာမို့ ဆန်းဒါးလန်းတို့ဟာ ပရီမီယာလိဂ်မှာ ခြေစွမ်းမပြနိုင်ပေမယ့် အခုပွဲကို အလေးထားကစားမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီပွဲမှာတော့ ဖူလ်ဟမ်ရဲ့ ခြေကုန်ထုတ်ပြီး အားသွန်ကစားမှုကို အသိအမှတ်ပြုပေးရမှာ ဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

# ဘွန်ဒက်စ်လီဂါမှာ ပထမဆုံး ရှုံးသွားတဲ့ ဘိုင်ယန်မြူးနစ်



ဘွန်ဒက်လီဂါမှာ ဘိုင်ယန်မြူးနစ်ရဲ့ အောင်မြင်မှုဟာ ထိပ်ဆုံးမှာရှိနေဆဲပါ။ သို့ပေမယ့် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ကစားခဲ့တဲ့ ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာ မထင်မှတ်ဘဲ ဝုဖ်ဘတ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်ရဲ့ ဒီအရှုံးပွဲဟာ နှစ်နှစ်ကျော်အတွင်းမှာ ပထမဆုံး ရှုံးနိမ့်မှုလို့ဆိုပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှ စတင်ကာ လိဂ်ပြိုင်ပွဲမှာ တစ်ပွဲသာ ရှုံးနိမ့်ခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ဧပြီလ နောက်ပိုင်း ပထမဆုံး ရှုံးနိမ့်ခဲ့တဲ့ပွဲဖြစ်ပါတယ်။ ဒုတိယနေရာမှ ဝုဖ်ဘတ်အသင်းဟာ ဒီပွဲမှာ အနိုင်ရလိုက်တဲ့အတွက် ထိပ်ဆုံးရောက် ဘိုင်ယန်မြူးနစ်နဲ့ အမှတ်ကွာဟမှု ကျဉ်းမြောင်းသွားခဲ့ပြီး ရှစ်မှတ်သာ ကွာခြားမှုရှိတော့တယ်လို့ ဆိုပါတယ်။

ဝုဖ်ဘတ်အသင်းဟာ တန်ပြန်တိုက်စစ် အားကောင်းခဲ့တဲ့အတွက် အိမ်ကွင်းမှာ ဘိုင်ယန်မြူးနစ်ကို မထင်မှတ်ဘဲ ဂိုးပြတ်သွင်းပြီး အနိုင်ယူလိုက်နိုင်ပါတယ်။ သို့ပေမယ့် နည်းပြ ဂွါဒီယိုလာကတော့ ဘိုင်ယန်မြူးနစ်နဲ့အတူ နှစ်ပေါင်းများစွာ ဖလားသိမ်းပိုက်ထားဖို့ စိတ်ကူးနေတယ်လို့ ဆိုပါတယ်။

# ချယ်လ်ဆီးသို့ရောက်လာမယ့် ကိုလံဘီယာတိုက်စစ်မှူး

နည်းပြမော်ရင်ဟိုအနေနဲ့ ဒီတစ်နှစ်ထဲမှာ ဖလားတွေ ဆက်တိုက်သိမ်းပိုက်သွားနိုင်ဖို့ အကောင်းတကာ့ အကောင်းဆုံးတိုက်စစ်မှူးတွေ ဖြည့်ဆည်းနေဆဲပါ။ မကြာမီမှာ ကိုလံဘီယာတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဂျူအန်ကူယာဒရာဒိုကို ပေါင် ၂၃ ဒသမ ၃ သန်းပေးပြီး စာချုပ်ဖို့ အတော်နီးစပ်သွားပြီလို့ ဘောလုံးအသိုင်းအဝိုင်းက ပြောဆိုနေကြပါတယ်။ ဖီအိုရင်တီးနားနည်းပြ မွန်ကယ်လာကတော့ ချယ်လ်ဆီးက ဒီတောင်ပံတိုက်စစ်မှူးကိုအရ ခေါ်ယူလိမ့်မယ်လို့ဆိုပါတယ်။

အသက် ၂၆ နှစ်အရွယ်သာရှိသေးတဲ့ ကိုလံဘီယာတိုက်စစ်မှူးကို ချယ်လ်ဆီးကခေါ်ယူဖို့မှု အားဖြင့်သဘောတူထားပြီလို့ ဆိုပါတယ်။ သူဟာ မကြာမီမှာ ချယ်လ်ဆီးနဲ့လာရောက် ပူးပေါင်းလိမ့်မယ်လို့လည်း ဆိုပါတယ်။ ကူယာဒရာဒိုရဲ့ထုတ်ပြန်ချက်အရ ပြောင်းရွှေ့ကြေးဟာ ပေါင် ၂၆ သန်းဖြစ်လိမ့်မယ်လို့လည်း ဆိုပါတယ်။ ကူယာဒရာဒိုဟာ ဖီအိုရင်တီးနားရဲ့အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။



ကောင်းမြတ်သူ-စုစည်းသည်

## အလုပ်ကြော်ငြာ

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေးစီမံကိန်း**

**Enhancing Rural Livelihoods and Incomes Project (ERLIP)**

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေးစီမံကိန်းအတွက် ဘုတ်ပြင်းမြို့နယ်တွင် တာဝန်ထမ်းဆောင်ရန် ဘွဲ့ရလူထုစည်းရုံးရေးမှူး (Community Facilitators) သုံးဦး ငှားရမ်းလိုပါသည်။

လျှောက်ထားလိုသူများအနေဖြင့် မှတ်ပုံတင်၊ ဘွဲ့လက်မှတ်မိတ္တူများနှင့်အတူ ကိုယ်ရေးအကျဉ်းတွင် လုပ်ငန်းအတွေ့အကြုံများကို အသေးစိတ်ဖော်ပြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ မြိတ်ခရိုင်နှင့် ဘုတ်ပြင်းမြို့နယ်များရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများသို့ ၂-၃-၂၀၁၅ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ စုံစမ်းမေးမြန်းနိုင်ပါသည်-

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)**

**ရုံးအမှတ် (၁၄)၊ နေပြည်တော်၊ ဖုန်း-၀၉-၄၀၂၇၅၅၈၈၈၊ ၀၆၇-၄၀၉၄၄၇**

**Email:JFPR.ADB@gmail.com, Website:www.drdmyanmar.org,**

**Website:www.cms.adb.org**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း (၂)၊ ၂၂ လမ်း၊ မြေကွက်/ဦးပိုင်အမှတ် ၁၅၇၊ ဧရိယာ ၀ဒသမ၀၅၅၈ဧကရှိ မြေကွက်အား ဒေါ်ရိုစီ(ခ)ရာဇီယာ (ဘ) ဦးမိုဟာမက်ဟာရှင် ၉/ပမန(နိုင်)၀၆၀၉၂၉မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**တောင်ကြီးခရိုင်တရားမရုံး၌**

**၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၁၂၈**

ဒေါ်ရီရီခင်(ခ)မလောဂူး နှင့် ဒေါ်ချိုချိုသက်

**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့၊ ရတနာသီရိရပ်၊ နယ်မြေ(၅)၊ ပုလဲလမ်း၊ (ရ/၃၇၀) (ယခုနေရပ်လိပ်စာမသိ)နေသူ မောင်ထိန်လင်းနှင့် မဝတ်ရည်ထက် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဆုကြေးငွေ ၇၉၆၅၉၃၅၀ ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးဌေးဝင်း)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**တောင်ကြီးခရိုင်တရားရုံး**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ကျော်ကျော် ၁၃/တကန(နိုင်)၀၉၆၀၀၁၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၇၄၆၁၁၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ်(၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၆၇၊ ၁၆၈၊ ၂၄၅၈)အား မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံးအမည်ဖြင့် မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**နေပြည်တော်**

## ကိတ္တိမသမီးအဖြစ် တရားဝင်မွေးစားကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ရတနာသီရိရပ်၊ ပတ္တမြားလမ်း၊ အမှတ် (၁၀၄)နေ ဒေါ်အုန်းခင် (ဘ) ဦးနှစ် ၁၃/တကန(နိုင်)၀၈၄၂၇၈ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်အုန်းခင်သည် အထက်ဖော်ပြပါလိပ်စာတွင် ၄င်း၏မြေးအရင်း မလဲ့လဲ့သန္တာမြင့်(ဘ)ဦးဝင်းမြင့် (အသက်၃၂နှစ်)၁၃/တကန(နိုင်)၁၉၄၂၁၄နှင့်အတူ ချစ်ခင်စွာနေထိုင်ခဲ့ပါသည်။ ထိုသို့နေထိုင်စဉ်အတွင်း ဒေါ်အုန်းခင်မှ မလဲ့လဲ့သန္တာမြင့်အပေါ် သမီးအရင်းကဲ့သို့ ချစ်မြတ်နိုးပြီး မလဲ့လဲ့သန္တာမြင့်မှလည်း ဒေါ်အုန်းခင်အား မိခင်အရင်းကဲ့သို့ ပြုမူစောင့်ရှောက်သဖြင့် ဒေါ်အုန်းခင်မှ စာချုပ်နံပါတ် ၅/၂၀၁၃ ဖြင့် ကိတ္တိမသမီးအဖြစ် ၂၉-၄-၂၀၁၃ ရက်တွင် တောင်ကြီးမြို့ မှတ်ပုံတင်စာချုပ်စာတမ်းရုံး၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရှေ့မှောက်တွင် ဥပဒေအရ တရားဝင်မှတ်ပုံတင်၍ တရားဝင်မွေးစားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်အုန်းခင်မှ မလဲ့လဲ့သန္တာမြင့်အား တရားဝင်ကိတ္တိမသမီးအဖြစ်မွေးစားပြီးပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်(စဉ်-၄၁၈၅၅)၊ ဦးသော်ဝင်းနိုင်(စဉ်-၄၂၂၃၃)**

**အထက်တန်းရှေ့နေများ**

**အမှတ်(၄၀၄)၊ ဇောတိက(၂)လမ်း၊ မင်္ဂလာဦးရပ်၊ တောင်ကြီးမြို့**

**ဖုန်း-၀၉-၄၂၈၃၄၀၂၅၇**

ပြည်တွင်းသတင်း

# ဖွံ့ဖြိုးတိုးတက်နေသည့် ရောအနောက်ခြမ်းက ပခုက္ကူမြို့



**မွေးရပ်မြေ ပခုက္ကူ မရောက်သည်မှာ အနှစ် ၂၀ ကျော်ပြီဖြစ်၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလလယ်က ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေး ကားဂိတ်မှ ခေတ်မီလေအိတ်ကားဖြင့် ညနေ ၅ နာရီက ထွက်ခဲ့ရာလမ်း တံတားတွေကလည်း ကောင်း၊ ကားတွေကလည်း ကောင်းတော့ နောက်နေ့ နံနက် ၄ နာရီခွဲခန့်တွင် ပုဂံ ညောင်ဦးဘက်မှ လက်ရှိမြစ်ကူးတံတားများအနက် အရှည်လျားဆုံး တံတားဖြစ်သည့် ဧရာဝတီတံတား (ပခုက္ကူ)ကို ဖြတ်သန်းပြီး သက်တောင့်သက်သာစွာဖြင့် ပခုက္ကူမြို့ကိုရောက်ခဲ့သည်။**

ဒီတစ်ခေါက် ပခုက္ကူသွားရသည်မှာ အချိန်တိုအတွင်းလွယ်လွယ်တကူ စိတ်လက်ကြည်သာပေ့ါပါးစွာသွားလာခဲ့ရသည်။ တစ်ချိန်က စိတ်မောလူမော သွားလာခဲ့ရသည့် ခရီးစဉ်ကို ပြန်လည်သတိရသည်။ ယခင်ကပခုက္ကူသွားလိုက ရန်ကုန်မှ မြင်းခြံ ညနေရထားစီးပြီး မြင်းခြံမှ နောက်နေ့နံနက် ၁၀ နာရီခန့် မော်တော်ရေယာဉ်ဖြင့် သွားလာခဲ့ရာ ညနေ ပခုက္ကူမြို့သို့ ရောက်သည်။ သို့မဟုတ် ရန်ကုန်မှပုဂံညောင်ဦးသို့ မော်တော်ကားဖြင့်၊ ယင်းမှ ပခုက္ကူမြို့သို့ မော်တော်ရေယာဉ်ဖြင့် သွားလာခဲ့ရ၍ အချိန်ကုန်လူပန်း သွားလာခဲ့ရသည်။

ယခုအခါ နိုင်ငံတော်က အနာဂတ်အရေးမျှော်တွေးပြီး လမ်းတံတားများခင်းကျင်း ဆောက်လုပ်ပေးထားသည့်အတွက် လိုရာခရီးကို အချိန်တိုအတွင်း နေ့ညရာသီမရွေး သွားလာနေကြသည်ကို မြင့်တွေ့ခဲ့ရသည့်အတွက် စာရေးသူဝမ်းသာပီတိဖြစ်ခဲ့ရသည်။

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးကို ပေါင်းကူးဆက်သွယ်ပေးသည့် ဧရာဝတီတံတား (ပခုက္ကူ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးကို လွယ်လင့်တကူသွားလာနိုင်အောင် ဆက်သွယ်ပေးထားသည့် ဆင်ဖြူရှင်တံတားတို့၏ကျေးဇူးကြောင့် တောင်ပေါ် မြေပြန့်ခရီးပေါက်နေပြီဖြစ်သည့်အတွက် ဒေသခံပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေးနှင့်ကျန်းမာရေးများ တစ်နေ့တခြားတိုးတက်နေသကဲ့သို့ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ တိုင်းရင်းသားတို့၏လူမှုဘဝများသည်လည်း ကိုင်းကျွန်းမီ၊ ကျွန်းကိုင်းမီဆိုသကဲ့သို့ ဟန်ချက်ညီညီဖြင့် မြင့်မားတိုးတက်နေသည်မှာ ကြည့်တတ် မြင်တတ်သူတိုင်း တွေ့မြင်နိုင်ပြီဖြစ်ပေသည်။

ပခုက္ကူမြို့တွင် တစ်ပတ်ခန့် လေ့လာကြည့်ရာ တိုးတက်နေသည့် တက္ကသိုလ်/ ကောလိပ်ကျောင်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ သမိုင်းဝင်တန်ခိုးကြီးဘုရားများ၊ တိုးချဲ့ပြုပြင်ဆောက်လုပ်ထားသည့် သာသနိက အဆောက်အအုံများ၊ ကျယ်ပြန့်သည့် မြို့ကွက်များနှင့် ခေတ်မီခိုင်ခန့်စွာ ဆောက်လုပ်ထားသည့် အထပ်မြင့်တိုက်တာများနှင့် အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်နေသည်မှာ အိပ်မက်လေလားဟုပင် တွေးထင်မှားလောက်ပေသည်။

ဒေသထွက်ကုန်များအနက် ပဲမျိုးစုံရောင်းဝယ်သည့်ပွဲရုံများ၊ ရက်ကန်းလုပ်ငန်းများ၊ အထည်ချုပ်စက်ရုံနှင့် ချည်မျှင်စက်ရုံတို့ကြောင့် ဒေသခံပြည်သူတို့ စီးပွားဖွံ့ဖြိုးကြောင်းလည်း သိရသည်။ မော်တော်ကားလမ်းနှင့် တံတားများ အကျိုးဆက်ကြောင့် မော်တော်ကားဖြင့် စီးပွားရှာသူများ၊ ကားပြုပြင်သည့် အလုပ်ရုံ(ဝပ်ရှော့)များကြောင့် စီးပွားဖြစ်ထွန်းသူများကိုလည်း တွေ့ခဲ့ရသည်။

ထူးခြားသည်မှာ တစ်ချိန်က ကျေးရွာများတွင် ထန်းလျှက်လုပ်ငန်းကို အဓိကထားလုပ်ကိုင်ခဲ့ကြသော်လည်း ထန်းတက်လုပ်သား ရှားပါးမှုကြောင့် ထန်းလျှက်လုပ်ငန်းတိမ်ကောစ ပြုနေပြီဖြစ်ကြောင်း သိရသည်။ ထန်းပင်များခုတ်လှဲပြီး ထန်းသားများ ခွဲစိတ် ရောင်းဝယ်နေကြသည်ဟု ကြားသိခဲ့ရသည်။ ထန်းပင်များပျောက်ကွယ်ပြီး ထန်းလျှက်ရှားပါးသွားမည်ကို တွေးလျက် ရင်လေးမိပါသည်။ ထန်းပင်များ ပျောက်ကွယ်သွားပါက အညာဒေသရာသီဥတု ယခုထက်ပိုပြီး ပူပြင်းခြောက်သွေ့ လာဖွယ်ရှိကြောင်း ဒေသခံတို့ သတိထားဆင်ခြင်သင့်ပေသည်။ ဧရာအနောက်ချမ်းတွင် ရာသီမရွေးအလှည့်ကျ ရှင်သန်ကြီးထွားနေသည့် တမာပင်၊ မန်ကျည်းပင်၊ ထနောင်းပင်နှင့်ကုက္ကိုပင်တို့ အရိပ်အာဝါသတို့ဖြင့် စိမ်းစိုအေးမြနေပြီး ဖွံ့ဖြိုးတိုးတက်နေသည့် ပခုက္ကူမြို့အကြောင်းဂုဏ်ယူဝင့်ကြွားစွာရေးသားလိုက်ရပါသည်။

**အောင်ဝင်း(ဖျာပုံ)**

# ဒလတံတားချောင်းကျေးရွာအုပ်စု ချောင်းတူးဖော်

**ဒလ ဖေဖော်ဝါရီ ၁**

ရန်ကုန် တောင်ပိုင်းခရိုင် ဒလမြို့နယ် တံတားချောင်းကျေးရွာအုပ်စု စိုက်ပျိုးလယ်ယာမြေများ ရေနစ်မြုပ်မှုကင်းဝေးစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ဆည်မြောင်းဦးစီးဌာနမှ ပေ အရှည် ၈၃၀၀၊ အကျယ် ၁၈ ပေ၊ အနက် ၅ပေရှိ တံတားချောင်းကို စက်ယန္တရားဖြင့် ဇန်နဝါရီ ၂၉ ရက်က စတင်တူးဖော်လျက်ရှိသည်။

ယခုလို ပိတ်ဆို့တိမ်ကောနေသော တံတားချောင်း ချောင်းမှချုံနွယ်သစ်ပင်များ ရှင်းလင်းဖယ်ရှားပေးခြင်း၊ တိမ်ကောနေသောမြေသားများကို ချဲ့ထွင်တူးဖော်ပေးခြင်းကြောင့် ယခင်လယ်ယာမြေ ဧက ၁၄၀၀ ကျော်ခန့်မှာ မိုးရာသီစပါးစိုက်ကာလ ရောက်ရှိတိုင်း ရေနစ်မြုပ်ခြင်းကြောင့် ပျိုးကြဲပြီး မျိုးစပါးများ ပျက်စီးဆုံးရှုံးရခြင်း၊ ပျိုးထောင်စိုက်ပျိုးနိုင်ရန် ခက်ခဲနေခြင်း၊ မျိုးစပါးများနှင့် စိုက်ပျိုးပင်များထပ်မံ စိုက်ပျိုးနိုင်မှုမရှိသည့် အခက်မခဲများရှိနေခြင်းကို ဆောင်ရွက်ပေးသဖြင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း စံပြတံတား ချောင်းကျေးရွာမှ ဦးစိန်လှက ပြောကြားခဲ့သည်။

**ဝါဝါ(ပညာရေး)**



# လိုင်စင်မဲ့ ဆိုင်ကယ်ခုနစ်စီး ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့မရဲစခန်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့မရဲစခန်းနှင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များသည် ယာဉ်စစ်ဆေးရေး တာဝန်ဆောင်ရွက်နေစဉ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းလာသူများကို စစ်စစ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း ) မြို့နယ် ၉၃ ရပ်ကွက် ဒဂုံတံတားပေါ်၌ ဇန်နဝါရီ ၂၉ ရက် က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေ ကိုကို (၂၄နှစ်) သန်လျင်မြို့နယ်နေ ဇော်မင်းနိုင် (၃၉နှစ်) ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်နေ ညီညီအောင် (၂၈နှစ်) ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်နေ ကျော်သက်ပိုင် (၂၅နှစ်) စသည်ဖြင့် ၄င်းတို့မောင်းနှင်လာသော ဆိုင်ကယ်များကို စိစစ်ခဲ့ရာ လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်ကြောင်း သိရသဖြင့်ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

အလားတူ ယင်းရက် ည ၁၀ နာရီက ဒဂုံမြို့သစ် တောင်ပိုင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် ၁၇ ရပ်ကွက် ကျန်စစ်သား လမ်းမပေါ်တွင် စစ်ဆေးရာ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်နေ နောနော်(၂၅နှစ်)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်နေ ခင်မောင်ထွန်း (၃၇နှစ်) နှင့်၄င်းတို့မောင်းနှင်လာသော ဆိုင်ကယ်များကို စိစစ်ခဲ့ရာ လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်ကြောင်းသိရသဖြင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အပြင် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် မင်္ဂလာဈေးဝင်းအတွင်းတွင် လှိုင်သာယာမြို့နယ်နေ ကျော်ကျော် ထွန်း ၂၁နှစ် စီးနင်းမောင်းနှင်လာသော ဆိုင်ကယ်ကို စိစစ်ခဲ့ရာ လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်ကြောင်း သိရသဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**တင်လှမောင်**


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ အောဘလောက် ၃ လမ်း၊ တိုက် ၁၊ အခန်း ၂၀၁ အခန်းအား ဦးမြင့်သိန်း ၁၂/သဃက(နိုင်) ၀၈၉၅၉၇ မှ တရားဝင်ဝယ်ယူပြီး လက်ရှိနေထိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းနှင့်ပတ်သက်သောစာရွက်စာတမ်းများ ပျောက်ဆုံးသွားသည့်အတွက် ကြေညာအပ်ပါသည်။

အဆိုပါစာရွက်စာတမ်းများအားအကြောင်းပြု၍ မမှန်မကန် မဆောင်ရွက်နိုင်ရန် ကြေညာခြင်းဖြစ်ပါသည်။

**ဦးမြင့်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိန်းသိန်းမြင့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၂၄/၉၁)**
**၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၆၂)၊ (အနံ ၂၃ ပေ×အလျားပေ ၄၀)ရှိ မြေညီတိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာ

အထက်ဖော်ပြပါတိုက်ခန်း၏ အမည်ပေါက်ပိုင်ရှင် ဦးဝင်းမောင် ၁၂/လမန(နိုင်) ၀၄၃၄၃၅ သည် သမီးဖြစ်သူ ဒေါ်ဇင်မာဝင်း ၁၂/လမန(နိုင်)၁၄၆၇၅၁ သို့ ၂၈-၃-၂၀၁၁ ရက်တွင် မိသားစုစီမံမှုအားဖြင့် အဆိုပါတိုက်ခန်းအား လွှဲပြောင်းပေးအပ်ခြင်းကို အသိသက်သေများရှေ့တွင် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဒေါ်ဇင်မာဝင်း၏ သဘောတူခွင့်ပြုချက်မရဘဲ အဆိုပါတိုက်ခန်းအား လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ အာမခံတင်သွင်းခြင်း မပြုလုပ်ရန် တားမြစ်လိုက်သည်။ တားမြစ်ချက်ကို ဆန့်ကျင်ပြုလုပ်သူများ ဥပဒေအရ အရေးယူဆောင်ရွက်သွားပါမည်။ **ဒေါ်ဇင်မာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထွန်း (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ (စဉ်-၆၉၅၃)**
**ဖုန်း-၀၁-၅၆၅၀၄၈၊ ၀၉-၅၁၈၀၇၆၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆ အိုင်)၊ မြေကွက်အမှတ် ၆၉စီ/၃ A ဟုခေါ်တွင်သော မြေပိုင်မြေ၊ မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တည်ရှိရာ တစ်နည်းအားဖြင့် အမှတ် ၆၉-စီ၊ အောင်ဇေယျ ၁လမ်း၊ ရွှေတောင်ကြား ၁ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သော နေအိမ်နှင့်မြေကွက်သည် ဦးလင်း (ဘ)ဦးကြူ ၁၂/ဗဟန(နိုင်) ၀၉၀၇၇၅၊ ဒေါ်တင်နွယ်ဝင်း ၁၂/မဂတ(နိုင်)၀၉၈၀၉၅ တို့နှစ်ဦး အမည်ပေါက်လျက်ရှိပါသည်။ အထက်ပါမြေကွက်များအား ရောင်းချပိုင်ခွင့်ရှိသူ ဦးလင်းနှင့် ဒေါ်တင်နွယ်ဝင်းတို့ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပါသည်။

အဆိုပါမြေကွက်နှင့်နေအိမ်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**
**ဦးလွင်ဦး LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၆၂၃၅)**
**အမှတ် ၁၀၁၊ လေးလွှာ၊ အရိုးကုန်းလမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၅၀၇၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၇၄၆၊ မြေကွက်တည်နေရာအမှတ်၇၄၆၊ သုမိတ္တာ ၁၉ လမ်း ဒေါ်စောကြည် ၁၂/ဥကမ(နိုင်)၁၃၁၄၃၉၊ ဦးသန်းညွှန့် ၁၂/ဥကမ(နိုင်)၀၇၃၃၂၃၊ မသန်းသန်းစိန် အင်န်/အိုကေအေ-၀၃၆၅၃၇၊ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်စောကြည်၊ ဦးသန်းညွှန့်၊ မသန်းသန်းစိန်တို့က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃/ရွှေပေါက်ကံ)၊ မြေကွက်အမှတ် (၆၂၆)၊ မြေကွက်တည်နေရာအမှတ် (၆၂၆)၊ (၁၃) ရွှေပေါက်ကံ ဦးမောင်ကြည်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်ကြည်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူရရှိသူ ဦးဝင်းခိုင် ၁၂/မဂဒ(နိုင်)၀၀၉၈၅၃က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်သစ်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၆၂၀)၊ မြေကွက်တည်နေရာအမှတ် (၆၂၀)၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးရဲမြင့် (AC-၀၀၉၇၅၀)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးရဲမြင့်(တရားရှုံး)ကိုယ်စား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၁၂၂/၂၀၁၃)၏ ၂၀-၁၁-၂၀၁၃ ရက်စွဲပါ စီရင်ချက် တရားမဇာရီမှုအမှတ် (၁၄၃/၂၀၁၃)၏ နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ ဘီလစ် ဒေါ်လှဲ့လှဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉ မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၁၊ မြေကွက်အမှတ် ၁၉၅၀၊ မြေကွက်တည်နေရာအမှတ် ၁၉၅၀၊ ကျန်စစ်သားလမ်း၊ (၇၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးကျော်လှိုင် ၁၂/လသန(နိုင်)၀၀၅၉၁၀အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်လှိုင် (တရားရှုံး) ကိုယ်စား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၁၂၂/၂၀၁၄)နှင့် တရားမဇာရီမှုအမှတ် (၄၉/၂၀၁၄) ကိုတင်ပြ၍ တရားရုံးဘီလစ် ဒေါ်ကြည်ကြည်စန်း ၁၄/လမန(နိုင်)၀၀၄၁၅၂ က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၇၊ မြေကွက်အမှတ် ၅၈၉၊ မြေကွက်တည်နေရာအမှတ် ၅၈၉၊ ၁၃၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဒေါ်တင်ဆွေအေး) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်တင်ဆွေအေးထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်အေးသီတာကျော် ၁၂/စခန(နိုင်)၀၅၅၇၃၃မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# မြန်မာအမျိုးသားဟော်ကီအသင်း စခန်းသွင်းလေ့ကျင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အရှေ့တောင်အာရှ ဟော်ကီအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့် ထိုင်းအမျိုးသား လက်ရွေးစင်ကို တတိယအဆင့်ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ တတိယရရှိခဲ့သည့် မြန်မာအမျိုးသား ဟော်ကီအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအပြီး နှစ်လခန့် အနားယူခဲ့ပြီး စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်နိုင်ရန် အဖွဲ့ချုပ်အစီအစဉ်ဖြင့် စခန်းသွင်း လေ့ကျင့်လျက်ရှိသည်။



စခန်းသွင်းထားသည့်အားကစားသမားများမှာ တပ်မတော်(ကြည်း)မှ ၂၀၊ တပ်မတော်(ရေ)မှ ငါးဦး၊ တပ်မတော်(လေ) မှ နှစ်ဦး၊ အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဟော်ကီနည်းစနစ်မှူးနည်းပြနှစ်ဦး၊ သိမ်ဖြူလူငယ်မှ တစ်ဦး စုစုပေါင်း ၃၀ ဖြစ်သည်။

(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရန် လိုသေးသည်ဖြစ်သဖြင့် လာမည့် မတ်လတွင် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မလေးရှားနိုင်ငံတွင် မလေးရှားကလပ် အသင်းများ၊ ပဏာမလက်ရွေးစင် လူငယ်အသင်းများ၊ အမျိုးသား ပဏာမလက်ရွေးစင် အသင်းများနှင့် တစ်လပူးတွဲလေ့ကျင့်ယှဉ်ပြိုင်ကစားနိုင်ရန် စီစဉ်လျက်ရှိသည်။

မလေးရှားနိုင်ငံတွင် ရောက်ရှိစဉ် အနည်းဆုံး ၁၀ ပွဲအထက်ပူးတွဲလေ့ကျင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အီပိုတက္ကသိုလ်လက်ရွေးစင်အသင်း၊ ပီရက်ခရိုင်ချန်ပီယံလက်ရွေးစင်အသင်း၊ ဟောင်ကောင် ၁၆ နှစ်နှင့်အောက်လက်ရွေးစင်အသင်း၊ မလေးရှား ၁၆နှစ်နှင့်အောက် လက်ရွေးစင်အသင်း ၊ မလေးရှားနိုင်ငံ MKI အသင်း၊ ပါကစ္စတန် ၁၆ နှစ်အောက် လက်ရွေးစင်အသင်း၊ မလေးရှား ပဏာမလက်ရွေးစင် အသင်းတို့နှင့် ကစားရန်စီစဉ်လျက်ရှိပြီး အခြေအနေပေးပါက မလေးရှားနိုင်ငံအတွင်းရှိ ကလပ်အသင်းများနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမျိုးသား လက်ရွေးစင်အသင်းကြီး ရွေးချယ် တည်ဆောက်ပြီးစီးပါက (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် သတ်မှတ်ထားသည့် ဆုတံဆိပ်တစ်ခုခု ရရှိရန် အပြင်းအထန်ကြိုးစားလေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သန်းဆွေ(ပန်းဘဲတန်း)**

# ဖယ်ခုံမြို့နယ် ပြည်သူ့ဆေးရုံ၌ တိုးချဲ့လူနာဆောင်များဖွင့်လှစ်

**ဖယ်ခုံ ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်၌ ဂျပန်-မြန်မာသံတမန်ဆက်ဆံရေး အနှစ်(၆၀)ပြည့် အထိမ်းအမှတ် ၂၀၁၃ ခုနှစ် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်အစိုးရနှင့် ပြည်သူများ၏ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော (၂၅) ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့ အမျိုးသား နှစ်ထပ်လူနာဆောင်နှင့် ကလေးတစ်ထပ်လူနာဆောင် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါဆေးရုံ ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလောရင်း၊ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွဋ်ဦး၊ ဂျပန်သံရုံးဒုတိယအတွင်းဝန် မစ္စတာ မာဆာဟီရိုဖူဂျီကာဝါ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမောင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မှတ်တမ်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးအောင်ကျော်သန်းကပေးအပ်ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်ကျော်ဦးက လက်ခံယူသည်။

အဆိုပါ တိုးချဲ့ဆောင်သစ်များသည် ဂျပန်နိုင်ငံသံရုံး အသေးစားစီမံကိန်း ထောက်ပံ့ရေးအစီအစဉ် (GGP)၏ ကူညီပံ့ပိုးမှုဖြင့် အမျိုးသားလူနာဆောင် အလျားပေ (၆၀×အနံ ၃၀)RC နှစ်ထပ်ဆောင် တစ်ဆောင်၊ ကလေးလူနာဆောင် အလျား (၄၈ ×အနံ ၄၈) ပေ RC တစ်ထပ်ဆောင် တစ်ဆောင်နှင့် အိမ်သာ၊ ရေချိုးခန်း၊ လျှောက်လမ်း၊ လူနာခုတင်၊ ဗီရို၊ ရေမီး အစုံအတွက် ငွေကျပ်၂၁၂၅၁၄၇၃၆ ဖြင့် Mandalay Strength ကုမ္ပဏီမှ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။

**ကိုထွေး(ဖယ်ခုံ)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့်ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို အရှိန်အဟုန်မြှင့်တင်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးရွာပေါင်း ၈၉ ရွာတွင်မြေသားကန် ၂၅ ကန်၊ လက်တူးတွင်း ၆၄တွင်းကို ခွင့်ပြုရန်ပုံငွေကျပ်၄၄၆ ဒသမ ၈၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် မာန်အောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီနှစ်ခုကိုလုပ်ငန်းတာဝန် ခွဲဝေပြီး မာန်အောင် မြို့နယ်၏ ကျွန်းဖြတ်လမ်း၊ မြေသားလမ်း (၁) ၊ ကျောက်ချောလမ်း(၄)နှင့် ကွန်ကရစ်လမ်း(၁)တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

(၁၅၇)

## စစ်ကိုင်းမော်ကွန်းသတင်းလွှာ စတင်ထုတ်ဝေ

စစ်ကိုင်းမြို့တည် နန်းတည်အနှစ်(၇၀၀)ပြည့် ပွဲတော်ကြီး အထိမ်းအမှတ်အဖြစ် ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းပြုစုရေးလုပ်ငန်းကော်မတီမှ ပွဲတော်ကြီးကျင်းပမည့်ရက်အထိ တစ်လတစ်ကြိမ် မော်ကွန်းသတင်းလွှာကို စာမျက်နှာ (၁၆)မျက်နှာပါ ရောင်စုံသတင်းလွှာ အမှတ်စဉ်(၁)ကို ဇန်နဝါရီ ၃၁ ရက်မှ စတင်ထုတ်ဝေလိုက်ကြောင်း သိရသည်။

စစ်ကိုင်း မော်ကွန်းသတင်းလွှာတွင် စစ်ကိုင်းမြို့ကို စတင်တည်ဆောက်ခဲ့သည့် အသင်္ခယာ စောယွမ်းမင်း၏ သမိုင်းအထောက်အထားများ၊ စစ်ကိုင်းမြို့မှ ထင်ရှား ကျော်ကြားသော ဆရာတော်ကြီးများ၏ ဩဝါဒများနှင့် ဓာတ်ပုံများ၊ စစ်ကိုင်းမြို့မှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ထိန်းသိမ်းထားသည့် ရုပ်ရှာဝေလေ့ထုံးများ၊ အခြားကဏ္ဍများနှင့် သတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ စာမူများပေးပို့လိုပါက ဥက္ကဋ္ဌ ဦးထွန်းလှအောင် ဖုန်း ၀၉ - ၆၈၁၈၁၃၃၁၊ စာတည်းမှူးချုပ် ထွေးမြင့်နိုင် ၀၉-၄၀၀၄၆၁၂၆၄ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

**ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကစင်ကျေးရွာအတွင်းရှိ သောက်သုံးရေကန်ကြီးကို ဇန်နဝါရီ ၂၉ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောလွင်ဦးနှင့် သာရေး၊ နာရေး၊ ဘာသာရေး၊ လူမှုရေးကဏ္ဍအလိုက်ပံ့ပိုးကူညီဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းထားသည့် လူငယ်များ စုပေါင်းရှင်းလင်းဆောင်ရွက်ကြစဉ်။** (မြန်မာ့အလင်း)





ကြော်ငြာ


# KBZ BANK
## ကမ္ဘောဇဘဏ်လီမိတက်

## ရွှေဘုံသာဘဏ်ခွဲ(၂) ကို
၂၀.၁.၂၀၁၅ (အင်္ဂါနေ့) တွင် လည်းကောင်း

## မိတ္ထီလာဘဏ်ခွဲ(၄) ကို
၂၁.၁.၂၀၁၅ (ဗုဒ္ဓဟူးနေ့) တွင် လည်းကောင်း

## ကုန်သည်လမ်းဘဏ်ခွဲ-(၆)ထပ်ရုံး ကို
၂.၂.၂၀၁၅ (တနင်္လာနေ့) တွင် လည်းကောင်း

ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေသူများအား သတင်းကောင်းပါးအပ်ပါသည်။

## သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

**ရွှေဘုံသာဘဏ်ခွဲ(၂)**

အမှတ်(၃၈၃)၊ ရွှေဘုံသာအထက်လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - (၀၁) ၃၇၀၄၇၅၊ ၃၇၀၄၇၆
ဖက်စ် - (၀၁) ၃၇၀၄၉၀၊ ၃၇၀၄၉၁

**မိတ္ထီလာဘဏ်ခွဲ(၄)**

အမှတ်(၇/၈)၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊
အောင်ဧယျာရပ်ကွက်၊ မိတ္ထီလာမြို့နယ်၊
မိတ္ထီလာခရိုင်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - (၀၆၄) ၂၃၇၂၆
ဖက်စ် - (၀၆၄) ၂၄၄၇၃၊ ၂၅၁၈၅

**ကုန်သည်လမ်းဘဏ်ခွဲ-(၆)ထပ်ရုံး**

အမှတ်(၅၃)၊ ကုန်သည်လမ်းနှင့်ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - (၀၁) ၃၈၂၆၀၉၊ ၃၈၂၆၁၀၊ ၃၈၂၆၁၄
ဖက်စ် - (၀၁) ၃၈၄၃၅၂၊ ၃၈၄၃၈၀၊ ၃၈၄၇၇၅

www.kbzbank.com





## ဝန်ထမ်းအလိုရှိသည်

(၁) စက်ချုပ်အထူးကျွမ်းကျင် မ (၂) ဦး
လစာ (၁၅၀၀၀၀)
(၂) စက်ချုပ်ကျွမ်းကျင် မ (၂) ဦး
လစာ (၅၀၀၀၀)+တစ်စုံ (၃၀၀၀)
(၃) လက်ချုပ်/ပန်းကပ် မ (၂) ဦး
လစာ (၆၀၀၀၀)

**လိပ်စာ** - အမှတ် ၁၈၊ ဣန္ဒာနီလာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၅၀၃၂၈၁၉၊ ၀၉-၅၀၁၈၀၇၂


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မင်ထိုက် LL.B, D.B.L. — ဒေါ်နှင်းဝေတ်ရည် LL.B

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကုန်အမှတ်တံဆိပ်စာတမ်းအမှတ်အသားနှင့်ပတ်သက်၍ သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၂၅လမ်း၊ အမှတ် ၃၂၊ လေးလွှာနေ ဦးစိုးမင်းသူ ၉/ညဥန(နိုင်)၁၆၁၀၄၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။




IV-၂၀၈၇၁/၂၀၁၄

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်စာတမ်းအမှတ်အသားကို ဦးစိုးမင်းသူက ၄င်းတစ်ဦးတည်း မူပိုင်အဖြစ် တရားဝင်သုံးစွဲ အသုံးပြုရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ၃၁-၁၂-၂၀၁၅ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ် (၂၀၈၇၁/၂၀၁၄)ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ ယင်းကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့် ဆုံဆီ၊ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီ၊ အကြော်ဆီ၊ အုန်းဆီစသည့်အရည်အသွေးပြည့် စားသုံးဆီအမျိုးမျိုးနှင့် ဒေသထွက်စားသောက်ကုန် ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ပြီး ရန်ကုန်မြို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချရာတွင် ပြေစာ၊ ဘောက်ချာ၊ တံဆိပ်တုံး၊ ကြော်ငြာအမျိုးမျိုးနှင့် ထုပ်ပိုးပစ္စည်းအမျိုးမျိုးတို့အပေါ်၌ ရိုက်နှိပ်၊ တွယ်ကပ်၊ တပ်ဆင်ပြုလုပ်သုံး စွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်စာတမ်းအမှတ်အသားကို အသုံးပြုပြီး မည်သူမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပြုလုပ်၊ ထုတ်လုပ်၊ ဖြန့်ချိ၊ လက်ဝယ်ထားရှိခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ဦးစိုးမင်းသူ၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာမှုအတွက် တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကိုလင်း(ကော့မှူး)**
**LL.B, D.B.L, WIPO(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၃၃၉၄၇)၊ (ဘဏ်ရှေ့နေ)**
**အမှတ် ၅၈၊ ပထမထပ်၊ ဗဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၁၄၂၅၇၄၊ ၀၉-၂၅၄၀၄၀၆၅၂**

**အမည်ပြောင်း**
ဦးမျိုးဆွေ ၉/ရနသ(နိုင်)၀၀၉၁၁၂ ၏သား နေပြည်တော်ကောင်စီနယ်မြေရှိ အထက (၅) ဆဋ္ဌမတန်း(က)မှ မောင်စိုင်းအောင်ပြည့်သျှန်အား မောင်စိုင်းအောင်မြတ်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။

## အများသိစေရန်

[illegible]

ဒေါ်ညွှာခင်
(၁၂/ဗဟန (နိုင်) [illegible])


**ဦးသန့်ဇော်** B.Sc.,IC.Q.DA, DMP, MBA, ACCA (pro)
**LCCI I & II (၃)လပြတ်**
February လဆန်းစမည် / June စာမေးပွဲ
Sec (F): Wed to Fri 3:30 - 5:30 pm
Sec (H): Fri/Sat/Sun 7:00 - 8:30 am
**ORION** 09 5115997


## ငွေချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)
## ကမာရွတ်မြို့နယ်တရားရုံး
## ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၇

| | | |
|---|---|---|
| ၁။ ဦးတိုင်းအောင် | နှင့် | ၁။ ဒေါ်လှစိန် |
| ၂။ ဒေါ်ခင်မမ | | ၂။ ဦးလှဖေ |
| ၃။ ဦးဝေလွင် | | ၃။ ဒေါ်သန်းတင် |
| ၄။ ဒေါ်ဝင်းဝင်းမြင့် | | |
| ၅။ ဦးမောင်မောင်မြင့် | | |
| ၆။ ဒေါ်နီနီမြ | | |
| ၇။ ဒေါ်ကျော့ကျော့ခိုင် | | |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ တိုက် ၂၁၊ အခန်း၁၄နေ (၁) တရားပြိုင်ဒေါ်လှစိန် (ယခုနေရပ်လိပ်စာမသိ) နှင့် ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း (ခ)အာတီးယားလမ်း၊ အမှတ်(၃၁/က)နေ (၂)တရားပြိုင် ဦးလှဖေ၊ (၃) တရားပြိုင် ဒေါ်သန်းတင်(ယခုလိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၉ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀း၃၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြတ်ဇင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကမာရွတ်မြို့နယ်တရားရုံး**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ထောင်ခန့်မှန် ၉/မကန(နိုင်)၁၁၁၆၃၅၏ နိုင်ငံကူး လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၉၈၃၄၁

## နာရေး

**ဝမ်းနည်းကြေကွဲခြင်း**

### ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ

**(တပ်မတော်-လေ) (ငြိမ်း)**

**ရဟတ်ယာဉ်မှူး (Myanmar Helicopters International)**

**အသက်(၆၂)နှစ်**

ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ(ငြိမ်း) ရဟတ်ယာဉ်မှူး (Myanmar Helicopters International) အသက်(၆၂)နှစ်သည် ၃၀-၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆း၅၅နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်**

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ

**(တပ်မတော်-လေ)(ငြိမ်း)**

**ရဟတ်ယာဉ်မှူး (Myanmar Helicopters International)**

**အသက်(၆၂)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ(ငြိမ်း) (D.S.A-17) ရဟတ်ယာဉ်မှူး (Myanmar Helicopters International)သည် ၃၀-၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆း၅၅နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုး မိသားစု**

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ

**(တပ်မတော်-လေ)(ငြိမ်း)**

**ရဟတ်ယာဉ်မှူး (Myanmar Helicopters International)**

**အသက်(၆၂)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ(ငြိမ်း) ရဟတ်ယာဉ်မှူး (Myanmar Helicopters International)သည် ၃၀-၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆း၅၅နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းမြင့်-ဒေါ်နုနုဆွေ**

**ပြည်ထောင်စုဝန်ကြီး**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ (ငြိမ်း)

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၇)**

**တပ်မတော်(လေ)**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံ့ကော်မြိုင်လမ်းသွယ်(၁)၊ အမှတ် ၄၊ ပါရမီရပ်သာနေ ဒေါ်ဝေဝေသောင်း၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ(ငြိမ်း)သည် ၃၀-၁-၂၀၁၅ရက် နံနက် ၆း၅၅နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၃၀)စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းမှတပည့်များ**

---

### သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင်မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**

**ကြီးကြပ်မှုကော်မတီ**

---

### သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**

**ကြီးကြပ်မှုကော်မတီ**

---

### သင့်သွေးဖြင့် အသက်ကယ်ပါ

---

### ဦးတင်မောင် (ချောင်းဦးမြို့)

**နာယက၊ အထက်မြန်မာပြည် လယ်တီဝိပဿနာအဖွဲ့ချုပ်**

**သ/မဦးစီးမှူး(ငြိမ်း)၊ လယ်တီကမ္မဋ္ဌာနာစရိယ**

**အသက်(၇၁)နှစ်**

မြင်းမူမြို့နယ်၊ လည်ဘင်းရွာနေ (ဦးတော်အောင်-ဒေါ်လှရင်)တို့၏သား၊ ဗန်းမောက်မြို့နေ (ဦးဘဖုန်း-ဒေါ်အုန်းတင်)တို့၏သားသမက်၊ ဒေါ်ခင်လှ၏ခင်ပွန်း၊ [ကိုကျော်သူ (ကညန)]၊ ကိုမင်းမင်းဇော်-မခင်မာရီ၊ ကိုနေဝင်းထွန်း-မနှယ်နှယ်ဝင်း၊ ကိုနေလင်းထွန်း(G.T.H.S မုံရွာ)-မမိုးမိုးအေးတို့၏ဖခင်၊ ဒေါ်ခင်သန်းဌေး(ကညန၊ မုံရွာ)၏ဦးကြီး၊ မမေသူလင်းမောင်၊ မကေသူလင်းမောင်၊ မောင်ကျော်တေဇလင်းမောင်၊ မောင်မင်းမြတ်ဝင်းမောင်တို့၏အဘိုးသည် ၂၉-၁-၂၀၁၅ရက် ည ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ချောင်းဦးမြို့ မြို့သစ်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်မြင့်မြင့်ရီ (ဒိုက်ဦး)

**အသက်(၆၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုလမ်း၊ အမှတ် ၄၃နေ ဦးတင်ထွန်းနိုင်[ညွှန်ကြားရေးမှူး(ငြိမ်း)၊ (ပြည်တွင်းအခွန်များဦးစီးဌာန)]၏ဇနီး ဒေါ်မြင့်မြင့်ရီသည် ၃၁-၁-၂၀၁၅ရက် နံနက် ၀၀း၂၄နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်မြင့်မြင့်ရီ (ဒိုက်ဦး)

**အသက်(၆၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုလမ်း၊ အမှတ် ၄၃နေ ဦးတင်ထွန်းနိုင်[ညွှန်ကြားရေးမှူး(ငြိမ်း)၊ (ပြည်တွင်းအခွန်များဦးစီးဌာန)]၏ဇနီး ဒေါ်မြင့်မြင့်ရီသည် ၃၁-၁-၂၀၁၅ရက် နံနက် ၀၀း၂၄နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနမှူးနှင့်ဝန်ထမ်းများ**

**ကုမ္ပဏီများဆိုင်ရာအခွန်ရုံး**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်မြင့်မြင့်ရီ (ဒိုက်ဦး)

**အသက်(၆၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုလမ်း၊ အမှတ် ၄၃နေ ဦးတင်ထွန်းနိုင်[ညွှန်ကြားရေးမှူး(ငြိမ်း)၊ (ပြည်တွင်းအခွန်များဦးစီးဌာန)]၏ဇနီး ဒေါ်မြင့်မြင့်ရီသည် ၃၁-၁-၂၀၁၅ရက် နံနက် ၀၀း၂၄နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၉ခုနှစ် သူငယ်ချင်းများ**

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း ဒါယိကာမကြီး**

### ဒေါ်မြသွယ်(ခ)မလေး(စံပြရန်ကင်းဈေး) အသက်(၅၃)နှစ်

ဗဟန်းမြို့နယ်၊ စံပြရပ်ကွက်၊ ဆရာစံတောင်၊ ခေမာလမ်း၊ အမှတ် ၃နေ (ဦးအောင်တင်-ဒေါ်တင်ဝင်း)တို့၏သမီး၊ ဒေါ်ခင်လှနွယ်(S.A.T၊ အထက-၅၊ တာမွေ)၏ညီမ၊ ဒေါ်မြချစ်-ဦးခင်မောင်လတ်၊ ဦးစိုးသိန်း-ဒေါ်ခင်နှင်းအောင်၊ ဒေါ်ခင်ခင်အောင်၊ ဒေါ်စန်းစန်းနွယ်၊ ဒေါ်ခင်သန္တာအောင်(ခေတ္တ-မလေးရှား)တို့၏အစ်မ၊ တူ၊ တူမ မြေးကယောက်တို့၏ဒေါ်လေးသည် ၁-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၄း၂၀နာရီတွင် ရွှေပုပ္ပားဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

### ဒေါက်တာဝါဝါခင် (ဗိုလ်ကြီး-ငြိမ်း)

**M.B.,B.S (YGN)**

**အသက်(၅၀)**

ဒေါက်တာဝါဝါခင် (ဗိုလ်ကြီး၊ ငြိမ်း)သည် ၂၆-၁-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ(ဌာနမှူး)နှင့် ဆရာ/ဆရာမများ**

**ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်**

---

### ဦးဝင်းကျော် အသက်(၄၆)နှစ်

**ပုံဆွဲ(၃) ဗိသုကာဦးစီးဌာန(ငြိမ်း)၊ ဆောက်လုပ်ရေး၊ နေပြည်တော်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၂၀/၁၈၆၊ ဦးအောင်ဇေယျလမ်း၊ ရွှေပေါက်ကံမြို့သစ်နေ ဦးအုန်းသိန်း[လ/ထ၊ အင်/ယာ၊ မြို့ပြ(ငြိမ်း)၊ ဆလရ၊ လမ်းအထူး(၁၆)]-ဒေါ်သန်းအေးတို့၏သားကြီး၊ ဒေါ်ချိုချိုသိန်း(ကထိက၊သမိုင်းဌာန၊ဒဂုံတက္ကသိုလ်)-ဦးတင်မောင်ရွှေ(မန်နေဂျာ၊ လုံခြုံရေး၊ M.O.G.E နေပြည်တော်)၊ ဦးမြင့်သိန်း (မြို့နယ်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီး၊ ကြာအင်းဆိပ်ကြီး)-ဒေါ်ဝင်းလဲ့ဦး(ဒုဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီး၊ ရန်ကုန်)၊ ဦးသီဟသိန်း-ဒေါ်ဆောင်းဇာလီစိမ့်၊ ဒေါ်သီရိသိန်း-ဒုတိယဗိုလ်မှူးကြီးစောအောင်မျိုး (စစ်ရုံးချုပ်၊ နေပြည်တော်)တို့၏အစ်ကိုကြီး၊ ဒေါ်ခင်ဌေးကြည်(လှိုင်သာယာ)၏ခင်ပွန်း၊ ဗိုလ်ကြီးပိုင်စိုးသူ၊ မောင်ထက်မြက်သူ၊ မောင်နေဗလ၊ မောင်မင်းခန့်ညားတို့၏ဖခင်သည် ၁-၂-၂၀၁၅ရက်ညနေ ၃း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၃-၂-၂၀၁၅ရက်တွင် တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါက်တာထင်ဖြိုးအောင် (ဆေး-၂)

**အသက်(၂၄)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း ၄၀၊ အမှတ် ၁၅၃(ပထပ်)နေ ဦးဘထွား-(ဒေါ်ချောခိုင်)တို့၏မြေး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ခံ့တိုးမြို့၊ သာရွာနေ ကျောင်းအုပ်ကြီး ဦးသန်းထွေး-ဆရာမ ဒေါ်သိန်းနု(အမက-၁၀၊ ကလေးမြို့)တို့၏သားကြီး၊ ဦးသန်းဝင်း(ထက်အုပ်၊ ငြိမ်း)၊ ဆရာမဒေါ်ကြင်ပြုံး၊ ဦးသန်းအောင်(MIP)-ဒေါ်ကေသီမိုး(STA)၊ ဦးအောင်လင်း(GS)-ဒေါ်ဝေဝေ၊ မတင်စိန်၊ မအောင်ဝင်းကြည်၊ ကိုတင်မောင်အေးတို့၏တူ၊ မောင်ကျော်မျိုးအောင်(ရိုးမဘဏ်ကလေးမြို့)၊ မယုမွန်အောင်၊ မောင်ငြိမ်းထက်အောင်တို့၏အစ်ကိုသည် ၃၁-၁-၂၀၁၅ရက်(စနေနေ့)ထိုင်းနိုင်ငံ စံတော်ချိန် နံနက် ၈နာရီတွင် ဘန်ကောက်မြို့ WORLD MEDICAL CENTER ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး**

### ဦးတင်လှ

**(ပြုပြင်ထိန်းသိမ်းရေးစက်ရုံ၊ စက်မှု-၁၊ ငြိမ်း)**

**(ကျုံဒရယ်ကျေးရွာ၊ ကော့မှူး)**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊လှည်းတန်းလမ်း၊အမှတ် ၄၄၊ ပထမထပ်နေ(ဦးဘငြိမ်း-ဒေါ်ကတုံးမ)တို့၏သား၊ သဲကုန်းတန်းကျေးရွာနေ (ဦးစံလူ - ဒေါ်စောရင်)တို့၏ သားသမက်၊ ကျုံဒရယ်ကျေးရွာနေ (ဦးတင်အေး-ဒေါ်မြရင်)၊ (ဦးထွန်း-ဒေါ်သန်းမြ)တို့၏မောင်၊ ဦးအုံး-ဒေါ်သိန်းဟန်၊ (ဦးတင်အောင်)-ဒေါ်ကြိုင်၊ ဦးမြစ်-(ဒေါ်သန်းအိ)တို့၏အစ်ကို၊ ဦးခင်ဦး-ဒေါ်မြင့်မြင့်ကြည်၊ ဦးဟန်သာ(မန်နေဂျာ၊ အင်ဂျင်နီယာ၊ မြန်မာ့သစ်လုပ်ငန်း)- ဒေါ်ဝင်းဝါအောင်၊ ဦးသာဆိုင် - ဒေါ်ခင်မျိုးသန့် (အေးကမ္ဘာစားသောက်ကုန်)တို့၏ချစ်လှစွာသောဖခင်၊ (ဒေါ်လှချစ်)၏ခင်ပွန်း၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၃၁-၁-၂၀၁၅ရက် (စနေနေ့ ) ညနေ ၅း၁၃နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၂-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယိကာမကြီး**

### ဒေါ်စောမြင့် အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာမြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိနန္ဒာ ၂၇လမ်း၊ အမှတ် ၂၂၅နေ (ဦးတင်ညွှန့်)၏ဇနီး၊ (ဦးအေးမောင် - ဒေါ်သန်းတင်)တို့၏သမီး၊ ဦးမြင့်ဇော်၊ ဦးမိုးကျော်သူ-ဒေါ်လွင်လွင်စိုး၊ ဦးထွန်းလွင်-ဒေါ်ခင်အုန်းထွေးတို့၏မိခင်၊ မမေဖြိုးသက်၏အဘွားသည် ၃၁-၁-၂၀၁၅ရက်(စနေနေ့)ည ၈း၁၀နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်သိန်းသိန်း အသက်(၇၄)နှစ်

နေပြည်တော်၊ လယ်ဝေး၊ အထက(၁)ဆရာကြီး (ဦးတင့်-ဒေါ်အေးတင်)တို့၏သမီး၊ကမာရွတ်မြို့နယ်နေ လွှတ်တော်ရုံး၊အငြိမ်းစား၊မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ သင်တန်းမှူး ဦးဝင်းမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လက်ထောက်ညွှန်မှူး(ငြိမ်း)-ဒေါ်အေးသန်း၊ နေပြည်တော်၊ လယ်ဝေးနေ ဦးငြိမ်းမောင်-ဒေါ်နုနုခိုင်၊ ဦးအေးကျော်-ဒေါ်ခင်ဌေးတို့၏အစ်မ၊ ရန်ကုန်ဗဟိုစာတိုက်ကြီး၊ ငွေစာရင်းအရာရှိ(ငြိမ်း)၊ ရွှေတိဂုံ တံမြက်လှည်းအသင်း၊ တွဲဖက်ဘဏ္ဍာရေးမှူး (ငြိမ်း) (ဒေါ်စန်းစန်း)၏ ညီမသည် ၃၁-၁-၂၀၁၅ရက် ညနေ ၆း၅၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ကျောင်းစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ကျောင်းစုကျေးရွာနေ ဦးအေးကျော်-ဒေါ်ခင်ဌေးတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**

### ဒေါ်တင်တင်အောင်

**အသက်(၆၆)နှစ်**

(ဦးပန်းရင်-ဒေါ်ငွေတင်)တို့၏သမီး၊ (ဦးကျော်မြင့်-ဒေါ်သာနု)တို့၏ သမီးချွေးမ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရုံးကြီးလမ်း၊ အိုးဘိုရပ်ကွက်၊ တိုက် ၃၈ (5/B)နေ(ဦးသာမြင့်၊ ၉၈၁ ပထအ)၏ချစ်လှစွာသောဇနီး၊ ကိုမိုးဆွေ-မအေးအေးမော်၊ မဝါဝါခိုင်၊ ကိုမိုးလွင်-မစပယ်နိုင်၊ မဆုမြတ်ခိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၃၁-၁-၂၀၁၅ရက် (စနေနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ပြင်ဆင်ဖတ်ရှုပါရန်

၁-၂-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁)ပါ ဆရာမကြီး ဒေါ်သန်း(လှိုင်ကော်) (တိုင်းပညာရေးမှူး၊ငြိမ်း) အသက်(၈၃)နှစ် နာရေးကြော်ငြာတွင် ဆရာမကြီး ဒေါ်သန်းတင်၏မိခင်အစား ဆရာမကြီး ဒေါ်သန်းတင်၏ မိခင်ဆရာမကြီးဖြစ်သူ ဆရာမကြီးဒေါ်သန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်သိန်းတင် (ခနောဖြူ-ရေလဲ)

**အသက်(၁၀၁)နှစ်**

(ဦးမောင်သင်-ဒေါ်ဖွားဖုံ)တို့၏သမီးကြီး၊ (ပွဲစားကြီးဦးဘမောင်)၏ဇနီး၊ (ဦးသန်းမြင့်)-ဒေါ်သန်းသန်း၊ (ဦးစောသိန်း)၊ ဦးဝင်းအောင်-ဒေါ်အေးယဉ်၊ ဦးဇော်ညွှန့်-ဒေါ်မြမြဝင်း(အထပြ၊ ငြိမ်း၊ မြင်းခြံ)၊ (ဦးအောင်သိန်း)၊ (ဦးထိန်ဝင်း)-ဒေါ်တင်အုံးရှိန်၊ ဦးပဋ္ဌင်း ဦးတိက္ခာသာရ(မြစ်ငယ်မြို့)၊ ဦးသောင်းရွှေ-ဒေါ်စိန်စိန်ဝင်း(အထက-၁၊ လမ်းမတော်)၊ ဦးသန့်စင်-ဒေါ်ရည်မွန်ဝင်းတို့၏မိခင်၊ မြေး ၂၅ယောက်၊ မြစ် ၃၀တို့၏ဘွားဘွားကြီးသည် ၃၁-၁-၂၀၁၅ရက် (စနေနေ့) ညနေ ၅း၄၀နာရီတွင် အထက(၁)လမ်းမတော်ကျောင်းဝင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေ မျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက-၁၊ လမ်းမတော်ကျောင်းဝင်းနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၅ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်မြရီ (တောကျွဲအင်း)

**အသက်(၈၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကညွတ်ကွင်းမြို့နယ်၊ တောကျွဲအင်းမြို့နေ (ဦးထွန်းဘော်-ဒေါ်ဒါး)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဖွဲ့စုံ၊ ကမ္ဘာအေး၊ သမာဓိ ၃လမ်း၊ အမှတ် (350/A)နေ [ဗိုလ်မှူးတင်ကွန့်(ငြိမ်း)၊ ညွှန်မှူး(ငြိမ်း)၊ အကျဉ်းဦးစီးဌာန]၏ချစ်လှစွာသောဇနီး၊ [ဗိုလ်မှူးကြီးအုန်းမြင့်(ငြိမ်း)]-ဒေါ်ခင်သိန်းဝင်း၊ဦးဇော်လွင်-ဒေါ်သီတာ(အကျဉ်းဦးစီးဌာန)၊ဦးကွမ်းခြံ[(Engineering Export) Rtd. Bosh Co.,Ltd, Japan]-ဒေါ်သန်းသန်းဝင်း(လက်ထောက်ကထိက၊ သတ္တဗေဒဌာန၊ ငြိမ်း)၊ ဒုမှူးကြီးလွင်စိုး-(ဒေါ်ယဉ်နှင်းမိုး)၊ ဦးလွင်မိုးဇော်-ဒေါ်စန္ဒာသွယ်တို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာသူသူအုန်းမြင့်၊ ကိုသိန်းထွဋ်တင်-မဝင့်ဝါအုန်းမြင့်၊ ကိုစစ်နိုင်ဦး၊ မောင်လင်းစက်ရောင်စိုးတို့၏အဘွား၊ မသီရိအိန္ဒာအောင်၊ မစုသီရိခေတ်တို့၏ဘွားဘွားကြီးသည် ၃၁-၁-၂၀၁၅ရက်တွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၅ရက်(သောကြာနေ့)တွင်ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

### ဒေါ်ရင်မြ

**(ညောင်တုန်းမြို့နယ်အသင်းဝင်)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ် ၂၊ အမှတ် ၁၆၃၊ အခန်း ၄နေ(ဦးမောင်ခိုင်-ဒေါ်ညွှန့်မေ)တို့၏သမီး၊(ဦးမောင်တင်-ဒေါ်ရှုခင်)တို့၏ချွေးမ၊ (ဦးစိန်မင်း)၏ဇနီး၊ (ဦးလှထွန်း-ဒေါ်အုံးကြည်)တို့၏ညီမ၊ (ဦးထွန်းအောင်ရှိန်)-ဒေါ်မြသန်းတို့၏ယောင်းမ၊ တူ၊ တူမ ကိုးယောက်တို့၏ကြီးကြီးသည် ၃၁-၁-၂၀၁၅ရက် (စနေနေ့) ည ၁၁း၂၀ နာရီတွင် သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂-၂-၂၀၁၅ ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ သဃ်္ဃန်းကျွန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဒေါ်နန့်ကိုင်းခို(ခ)

### နန့်ဝေဝေမြင့်

**အသက်(၆၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ ၁ လမ်း၊ အမှတ် ၈၃၀နေ (ဦးမန်းထွန်းမြင့် - ဒေါ်မြရင်)တို့၏ သမီး၊ (ဦးမောင်ဝင်း)-ဒေါ်နန့်စန်းမြင့်၊ ဒေါ်နန့်လှမြင့်၊ ဦးစိန်လင်း၊ ဒေါ်နန့်စေးဆိန်တို့၏ညီမ၊ ဦးစိုင်းမွန်-ဒေါ်နန့်ခင်ထားမြင့်၊ (ဦးပီတာ-ဒေါ်နန့်ဌေးဌေးမြင့်)၊ ဦးဇော်လင်း-ဒေါ်ယဉ်ယဉ်မွန်တို့၏အစ်မ၊ ကိုစကျော်ကျော်သန့်-နန့်နီလာဝင်း၊ ကိုအောင်အောင်ဝင်း-မLဒေါင်နော၊ နန့်စန္ဒာဝင်း၊ နန့်ယုမွန်ဝင်း၊ နန့်ချယ်ရီလင်း၊ နန့်မြတ်မွန်လင်း၊ စထက်သူရလင်း၊ စအောင်မျိုးချစ်၊ နန့်သင်းရနံ့လင်းတို့၏အဒေါ်၊ မြေး ငါးယောက်တို့၏အဘွားသည် ၃၁-၁-၂၀၁၅ရက် (စနေနေ့)ည ၇း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးတင်နွယ်

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I City ၊ ပိတောက်ဝါ ၄လမ်း၊ အမှတ်(B-46)နေ (ဒေါ်စီစီ)၏ခင်ပွန်း၊ ဦးမိုးဇော်ဦး-ဒေါ်ခင်စောလွင် (မြန်မာ့သစ်လုပ်ငန်း)၊ (ဦးအေးသောင်း)-ဒေါ်စုစုနွယ် (လ/ထညွှန်မှူး၊ ငြိမ်း၊ ပြည်ထောင်စုလွှတ်တော်ရုံး)၊ ဦးဝင်းဇော်-ဒေါ်ယုယုမြိုင် (ခေတ္တ-စင်ကာပူ)၊ ဦးဇော်မျိုး - ဒေါ်ဝတ်ရည်လင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်ဟန်တီ (အန်တီလေး)

**(ဝင်းဝင်းစံ ဗိုလ်ချုပ်ဈေး)**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ပိုင်းရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဦးဘိုးအောင်လမ်းသွယ်၊ အမှတ် ၃၁၂နေ (ဦးကြင်-ဒေါ်ပု)တို့၏သမီး၊ ဒေါ်ကင်တီ (ဝင်းဝင်းစံ အလှပြုပြင်ရေး)-(ဦးအောင်လွင်)တို့၏ညီမ၊ ဒေါ်အေးသန်း-ဦးစံသိန်း၊ ဒေါ်တင်ငြိမ်း-ဦးလှမြင့်တို့၏အစ်မ၊ ဒေါ်ခင်ခင်ဌေး (ဝင်းဝင်းစံအလှပြုပြင်ရေး)၊ဒေါက်တာဝင်းကျော် (ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန)-ဒေါ်ရွှယ်ဆန်း၊ တန်ခိုင်ဆွိ-ဒေါ်ရင်ရင်ကြည်၊ ကိုမျိုးလွင်-ဒေါ်လဲ့လဲ့ခိုင်တို့၏အဒေါ်သည် ၃၁-၁-၂၀၁၅ရက် နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်ဝင်းဝင်းမြင့်

**အထက(၃)မြောက်ဒဂုံ (ငြိမ်း)**

**အသက်(၆၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ် ၁၅၉နေ (ဦးအုန်းညွှန့်-ဒေါ်သိန်းစိုး)တို့၏သမီး၊ (ဦးအုန်းမောင် - ဒေါ်သန်းသန်း)တို့၏ ချွေးမ၊ ဦးဌေးအောင်(မန်နေဂျာ၊မြန်ရွှေပြည် ထရက်တာလီမိတက်)၏ ဇနီး၊ ဒေါ်နီနီမာ (ငြိမ်း၊ ပြန်/ဆက်)၏ညီမ၊ ဦးသိန်းကျော်-ဒေါ်သဇင်ပြုံး (အမက ၁၁၊ ရန်ကင်း)၊ ဒေါက်တာကြည်မျိုး-ဒေါ်လှလှခိုင် (တောင်တွင်းကြီး)၊ ဦးမြင့်ကျော်-ဒေါ်တင်တင်နွဲ့၊ ဦးညီညီထွေးတို့၏အစ်မသည် ၁-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၄း၂၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၂-၂၀၁၅ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ဆွေးနွေးပွဲစတင်ကျင်းပ



**ရန်ကုန်  ဖေဖော်ဝါရီ  ၁**

ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် ကျင့်သုံးလျက်ရှိသည့် နိုင်ငံရေးယဉ်ကျေးမှုသစ်အရ အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

ယနေ့ဆွေးနွေးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်မင်းနှင့် ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားရေးရာနှင့် ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပညာရေး မြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာစိုးမိုးအောင်၊ ဒေါ်စုစုလွင်၊ ဒေါ်နန်းဝါနု၊ ဒေါ်မိမြင့်သန်း၊ ဒေါ်နန်းစေအွာ၊ ဒေါ်ခင်စောဝေ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးဇော်မြင့်ဖေ၊ ဦးခင်မောင်ရီ၊ ဒေါက်တာဗညားအောင်မိုး၊ *စာမျက်နှာ ၉ ကော်လံ ၁* ❁

နိုင်ငံရေးယဉ်ကျေးမှုသစ်အရ အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်သည့် ဆွေးနွေးပွဲတွင် အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီ၊ NNER အဖွဲ့တို့ တွေ့ဆုံစဉ်။

## ဒုတိယပိုင်းသွင်းဂိုးများဖြင့် မကွေးအသင်းအနိုင်ရ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်



မကွေးနှင့် ဖွဲ့ကပင်တို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန်  ဖေဖော်ဝါရီ  ၁**

၂၀၁၅ ရာသီ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**(အောင်ဆန်းကွင်း)**

**မကွေး - နှစ်ဂိုး**
စိုးမင်းနိုင်နှင့် ဆယ်လာ
**ဖွဲ့ကပင် - တစ်ဂိုး**
ဇင်ဖြိုးအောင်

ရှုံးပွဲဆက်နေသည့် ဖွဲ့ကပင်အသင်းသည် ပထမပိုင်း၌ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးများပြန်ပေးရကာ သုံးပွဲဆက်အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ မကွေးအသင်းသည် ဒုတိယပိုင်း၌ ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူကာ ယခု ရာသီ၏ ဒုတိယမြောက်နိုင်ပွဲကို ရယူနိုင်ခဲ့သည်။

မကွေးအသင်း လူစုံအသုံးပြုခဲ့သော်လည်း ကစားကွက်တည်မရဖြစ်နေသောကြောင့် ပထမပိုင်းတွင် အသာမရခဲ့ပေ။ နိုင်ပွဲမရသေးသည့် ဖွဲ့ကပင်အသင်းကလည်း ပွဲစကတည်းက အားထည့်ကစားခဲ့ပြီး ၁၉ မိနစ်တွင် ဇင်ဖြိုးအောင်က ဖွဲ့ကပင်အတွက်ဂိုး *စာမျက်နှာ ၃ ကော်လံ ၅* ✻

## ဂျိုက်ကာ၏ချေးငွေဖြင့် ကော့မှူး၌ ကျေးလက်လမ်းများ အဆင့်မြှင့်

**သတင်းဆောင်းပါး-ခရမ်းစိုးမြင့် ➤ ဓာတ်ပုံ-ကျော်မိုးလွင်**

မကျီးကန်-ငှက်အော်စမ်း-ကျိုက်ထော်လမ်းသည် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်စည်ပင်သာယာဦးစီးဌာနက ၁-၅-၁၉၉၀ တွင် စတင်၍ဖောက်လုပ်ခဲ့သော ကျေးရွာချင်းဆက်လမ်းဖြစ်ပြီး ၁၆ မိုင် ၂ ဖာလုံ ရှည်လျားသည်။

ယင်းလမ်းကို နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေမှာ အလွန်နည်းပါး၍ ဆောင်ရွက်ရန်အခက်အခဲရှိနေသဖြင့် ဒေသလမ်းပန်း *စာမျက်နှာ ၈ ကော်လံ ၁* ❍



မကျီးကန်-ငှက်အော်စမ်း-ကျိုက်ထော်ကျေးလက်လမ်းကို အဆင့်မြှင့်တင်၍ ကွန်ကရစ်ခင်းနေစဉ်။

**ကျောင်းသင်ခန်းစာ ပါရှိ**

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ အချပ်ပို (က)နှင့် (ခ) တွင် တက္ကသိုလ်ဝင်စာမေးပွဲ သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ သင်ခန်းစာ ပါရှိပါသည်။**






mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS

ကျောင်းသင်ခန်းစာ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
# နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

## တက္ကသိုလ်ဝင်စာမေးပွဲ
## သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒအထောက်အကူပြု သိကောင်းစရာများအဖြစ်
(၁) ဇီဝဗေဒဘာသာရပ်မေးခွန်းသဘောတရား
(၂) မေးခွန်းများအလိုက် အမှတ်ခွဲဝေပုံနှင့်
(၃) ဖြေဆိုသင့်သည့် ပုံစံများဆိုပြီး (၃)ပိုင်းခွဲပြီးဖော်ပြပါမယ်။

**ဇီဝဗေဒဘာသာရပ်မေးခွန်းသဘောတရား**

Grade 11 Biology ပြဋ္ဌာန်းစာအုပ်တွင်ပါရှိသော အခန်း (၁)မှ အခန်း (၁၂)အထိ သင်ခန်းစာများသည် ဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ကြားနေသော ကျောင်းသူ ကျောင်းသားများအတွက် သိရှိနားလည်သင့်သည့် အကြောင်းအရာများကို အစီအစဉ်တကျ ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဇီဝဗေဒမေးခွန်းသည်လည်း ပြဋ္ဌာန်းချက်၏ နားလည်မှုအပေါ်တွင် အခြေခံ၍ မေးမြန်းသည့် မေးခွန်းများဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို အကြံပြုလိုသည်မှာ

(၁) ဇီဝဗေဒဘာသာရပ် Grade 11 Biology ပါ သင်ခန်းစာအားလုံးကို အခန်းတိုင်းကြေညက်စွာ နားလည်အောင် လေ့လာကျက်မှတ်ရန်။

(၂) Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်သည့် ဝေါဟာရ (Terminology) များကို စာလုံးပေါင်းနှင့်တကွ သေချာစွာကျက်မှတ်ထားရန်

e.g. (1) A **seed** is a fertilized and mature **ovule**, consisting of an **embryo**, one or two **cotyledons** (seed leaves), and **seed coat**.

e.g. (2) Fruit formation in the absence of a **male gamete** is termed as **parthenocarpic**.

(၃) Diagrams (သရုပ်ဖော်ပုံများ)၊ word diagrams (စာဖြင့်သရုပ်ဖော်ပုံများ)နှင့် tables (ဇယားများ)ကို နားလည်သဘောပေါက်ရန်နှင့် စာကျက်တဲ့အခါ ရေးသားကျက်မှတ်ကြရန်ဆိုတဲ့ အဓိက (၃)ချက်ပဲ ဖြစ်ပါတယ်။

ပုံအညွှန်းများကိုမေးတဲ့အခါ ပြဋ္ဌာန်းစာအုပ်တွင် တစ်ပုံလုံး၏အညွှန်းများကို ဖော်ပြထားသော်လည်း မေးခွန်းမေးသည့်အခါ ပုံ၏အစိတ်အပိုင်းများခွဲ၍ အညွှန်းများကို လိုသလိုမေးလေ့ရှိပါသည်။

ပေးထားသောပုံ၏ စာညွှန်းနံပါတ်တစ်ခုအကြောင်း (ဥပမာ အစာခြေအဖွဲ့အစည်းပုံ၏ အစာအိမ်နေရာကို နံပါတ်စဉ် 4 လို့ ပေးထားပြီး state the nature of labeled number 4) လို့မေးခဲ့ရင် အစာအိမ်အကြောင်းဖြေဆိုရန် သိရှိရပါမည်။

Word diagram လို့ မေးခဲ့ရင် ဥပမာ Chapter (6) မှ General pattern of animal nutrition, summarized plant nutrition စသည်ဖြင့် မေးနိုင်ပါသည်။

Table များကိုမေးခဲ့ရင်လည်း ဇယားထိပ်မှာပါရှိတဲ့ Caption များကို မမေ့မလျော့ဖို့ လိုအပ်ပါသည်။

**မေးခွန်းများအလိုက် အမှတ်ခွဲဝေပုံ**

ဇီဝဗေဒဘာသာရပ်၏ မေးခွန်းပုံစံကို လေ့လာကြည့်မည်ဆိုလျှင်
1. True / False
2. Completion
3. Short Questions (2 Marks)
4. Short Questions (4 Marks)
5. Long Questions (8 Marks)

စသည်ဖြင့် သတ်မှတ်ထားပါသည်။

မေးခွန်းတစ်ခုစီမှာ သတ်မှတ်ထားတဲ့ အမှတ်အနေနဲ့ကြည့်မယ်ဆိုရင်-

No. 1 True / False အမျိုးအစားမှာ
(20) Statements → (1) mark for each statement (20 marks)

No. 2 Completion အမျိုးအစားမှာ
(20) Statements → (1) mark for each statement ($1 \times 20 = 20$ marks)

မေးခွန်းနံပါတ် 1. (True / False) နှင့် နံပါတ် 2 (Completion) အမျိုးအစားမေးခွန်းများအတွက် ပြဋ္ဌာန်းစာအုပ်ပါ Chapter (12) ခုမှ statement (20) မေးပါမည်။

Chapter III, VII, X and XII မှ statement တစ်ခုစီအတွက် ၄ မှတ်
ကျန် Chapter 8ခန်းမှ statement နှစ်ခုစီအတွက် 16 မှတ် ခွဲဝေမေးထားတာဖြစ်တယ်။

No. 3 (၂) မှတ်တန် Short Questions အမျိုးအစားမှာ

မေးခွန်းငယ် (a) to (f) ၆ ပုဒ်ပေးထားပြီး Answer ALL Questions လို့ ဖော်ပြထားတာကြောင့် (၆)ပုဒ်စလုံး ဖြေဆိုရမယ်။ ဒါကြောင့် စုစုပေါင်း ($2 \times 6 = 12$ marks) ရရှိမှာဖြစ်ပါသည်။

No. 4 (၄) မှတ်တန် Short Questions အမျိုးအစားမှာ ဆင့်ပွားမေးခွန်းငယ်တွေကို အောက်ပါအတိုင်း ခွဲဝေပေးထားပါသည်။

a. Chapter I–IV မှ (၁) ပုဒ်
b. Chapter V မှ (၁) ပုဒ်
c. Chapter VI မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter VII မှ (၁) ပုဒ်
d. Chapter VIII မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter IX မှ (၁) ပုဒ်
e. Chapter X မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter XI မှ (၁) ပုဒ် ၎င်းကို ထပ်ဆင့် OR ခံပြီး
Chapter XII မှ (၁) ပုဒ်

မေးခွန်းငယ်များအနက် Answer ANY FOUR Questions လို့ မေးထားသည့်အတွက် မိမိကြိုက်နှစ်သက်ရာ (၄) ပုဒ်ကိုဖြေဆိုရမှာ ဖြစ်ပါသည်။ စုစုပေါင်း ($4 \times 4 = 16$ marks) ရရှိမည်ဖြစ်ပါသည်။

မေးခွန်း No. 5 (၈) မှတ်တန် Long Questions အမျိုးအစားမှာ မေးခွန်းငယ် (a) to (f) ဆိုပြီး (၆)ပုဒ် ပေးထားတယ်။ Answer ANY FOUR Questions လို့ ဖော်ပြထားတာကြောင့် မိမိကြိုက်နှစ်သက်ရာ (၄)ပုဒ်သာ ဖြေဆိုဖို့လိုအပ်တယ်။ စုစုပေါင်း ($8 \times 4 = 32$ marks) မှတ် ရရှိမည်ဖြစ်ပါသည်။

မေးခွန်းနံပါတ် 5 **(8 Marks each)** အနေနဲ့ ဆင့်ပွားမေးခွန်းငယ်တွေကို အောက်ပါအတိုင်း ခွဲဝေမေးနိုင်ပါသည်။

a. Chapter I–IV မှ (၁) ပုဒ်
b. Chapter V မှ (၁) ပုဒ်
c. Chapter VI မှ (၁) ပုဒ်
d. Chapter VII မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter VIII မှ (၁) ပုဒ်
e. Chapter IX မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter X မှ (၁) ပုဒ်
f. Chapter XI မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter XII မှ (၁) ပုဒ် မေးထားတာကို တွေ့ရှိရပါလိမ့်မည်။

ထို့ကြောင့် အမှတ်အရေအတွက်နဲ့ကြည့်မယ်ဆိုရင်

| | |
|---|---|
| No. 1 | 20 marks |
| No. 2 | 20 marks |
| No. 3 | 12 marks |
| No. 4 | 16 marks |
| No. 5 | 32 marks |
| စုစုပေါင်း (Total | 100 marks ဖြစ်ပါတယ်။) |

**မေးခွန်းများကိုဖြေဆိုသင့်သည့်ပုံစံများ**

မေးထားသောမေးခွန်း၏ Statement များကို သေချာစွာဖတ်ပါ။ မိမိသိရှိနားလည်သော အကြောင်းအရာနှင့် ကိုက်ညီမှုရှိပါက (TRUE) ဟုဖြေဆိုပေးရမည်ဖြစ်ပြီး မကိုက်ညီပါက (FALSE) ဟု ဖြေဆိုရမည်ဖြစ်ပါသည်။

e.g. 1. Plants which live for two years are biennials. (FALSE)

ကျောင်းသားအများစုက two years and two growing seasons ကို သေချာစွာ မသိသဖြင့် မှားယွင်းဖြေဆိုတတ်ပါသည်။

e.g. 2. Rabbits live in group and are frequently breeding **two times** a year. (FALSE)

four times အမှန်ကို two times နဲ့ မေးထားတဲ့အတွက် အဖြေက (FALSE) ဖြစ်ပါသည်။

**No. 2 Completion**

မေးခွန်းဝါကျတည်ဆောက်တဲ့အခါ မေးမြန်းလိုသည့်အကြောင်းအရာကို ကွက်လပ်ချန်ပြီး မေးမြန်းထားသည့်အတွက် နားလည်မှုအပြင် ကွက်လပ်ထဲမှာဖြည့်ရမည့် စာလုံးပေါင်းကိုပါ မှန်မှန်ဖြည့်ရပါမည်။

မှားတတ်သောစာလုံးပေါင်းများအနေဖြင့် meristematic, aleurone, nictitating, abcissin, heterozygous, detergents အစရှိတဲ့ စာလုံးတွေကိုရေးကျက်ပါ စာလုံးပေါင်းမှန်မှန်နဲ့ ရေးထည့်ပေးပါ။ Scientific names များကိုလည်း underline တားပေးမှ အမှတ်ပြည့်ရပါမည်။

No. 1 (True / False) နှင့် No. 2 (Completion) များ ဖြေဆိုရန်အတွက် အမှတ်စဉ်
(i မှ x) ပထမတန်းနှင့် (xi မှ xx) ဒုတိယတစ်တန်းယှဉ်လျှက် အမှတ်စဉ်မှန်ကန်အောင် ရေးထိုးပြီး အဖြေနှင့် နံပါတ်စဉ်မှန်ကန်ရန် သတိပြုသင့်ပါသည်။

**No. 3 Answer ALL Questions (12 Marks)** လို့ ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့- (a)-(f) (၆) ပုဒ် ပေးထားပြီး တစ်ပုဒ်ကို (၂)မှတ်အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းအမျိုးအစားပဲ ဖြစ်ပါတယ်။

**တိုက်ရိုက်ခေါင်းစဉ်ကို မေးသည့်မေးခွန်းမျိုး**

e.g. 1. Describe the **ventricles** in the brain of rabbit.

e.g. 2. State the purpose of water acting as **solvent**.

**စာပိုဒ်ထဲမှာရှိသည့်စာကို နားလည်မှုရှိမရှိ ထုတ်နုတ်မေးသည့်မေးခွန်း**

e.g. 3. Briefly state how the food in gathered in *Paramecium*. စသဖြင့် မေးနိုင်ပါသည်။

**Answer:** Two bands of penniculus, fused cilia gather the food at the posterior end of the cytopharynx in a vacuole of water.

**No. 4 Answer ANY FOUR Questions (16) Marks** မေးခွန်းတွင်

**တိုက်ရိုက်မေးသောမေးခွန်းများ**

e.g. 1. State the functions of the stem.

**နားလည်မှုကို ထုတ်နုတ်မေးသောမေးခွန်းများ**

e.g. 2. Describe the effect of temperature on the rate of photosynthesis. ဟု မေးမြန်းတတ်ပါ သဖြင့် မေးခွန်း၏ သဘောတရားကို နားလည်ရမည်ဖြစ်ပါသည်။

**No. 5 Answer ANY FOUR Questions (32) Marks** အတွက်

**တိုက်ရိုက်မေးသောမေးခွန်းများ**

e.g. 1. Explain about the balanced diet. အပြင်

**နားလည်မှုကို ထုတ်နုတ်မေးသောမေးခွန်းများ**

e.g. 2. Compare the fourth stage of epigeal and hypogeal germinations. စသည်ဖြင့် အမျိုးမျိုး ထုတ်နုတ်မေးနိုင်ပါသည်။

State, Define, Explain, Describe, Clarify, Name, List, Enumerate, Differentiate ဟုမေးလျှင် စာကို ထုတ်နုတ်ဖြေဆိုရန်လိုအပ်ပြီး

**အချပ်ပို (ခ)သို့**

